**တကောင်းစာအုပ် အမှတ် (၂၂)**

## ဒေါက်တာသန်းထွန်း

အငြိမ်းစားသမိုင်းပါမောက္ခ၊ မန္တလေးတက္ကသိုလ်

B.A. (Hons)., M.A., B.L., Ph.D., D.Lit.

# သမိုင်းနှင့်စကားပြောခြင်း

**တကောင်းစာအုပ်တိုက်**

အမှတ် ၅ (ခ)၊ ဇေယျာသီရိလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၅၂၆၀၂၉

# မာတိကာ


စာမျက်နှာ

၁။ သမိုင်းနှင့် စကားပြောခြင်း ၁

၂။ ကျင့်ဝတ်များအကြောင်း ၄၄

၃။ အတွေ့အကြုံ အတွေးအမြင်နှင့် အသိပညာ ၅၉

၄။ တောင်ပေါ်ကျောင်း ၈၂

၅။ ၂၀၀၂ ခုနှစ် ဒေါက်တာသန်းထွန်းစာစုစာရင်း ၁၂၆

၆။ ၂၀၀၃ ခုနှစ် ဒေါက်တာသန်းထွန်းစာစုစာရင်း ၁၃၄

# သမိုင်းနှင့် စကားပြောခြင်း *

သိချင်တာကတော့ ဆရာ့ရဲ့ ကိုယ်ရေးကိုယ်တာ အတ္ထုပ္ပတ္တိ ဆရာ့ရဲ့ ဘဝဇာတ်ပေ့ါ၊ ဘဝခရီးပေ့ါ။ အဲဒီဥစ္စာကို ကျွန်တော်တို့ စပြီး သိချင်ပါတယ်။

အတ္ထုပ္ပတ္တိဆိုတာမျိုးကို အခု ကျွန်တော် ခဏခဏ ပြောရ၊ ရေးရ

တယ်။ မြန်မာတက္ကသိုလ်တွေက ကျွန်တော့်ကို လွှတ်လိုက်တော့ နိုင်ငံခြားတက္ကသိုလ် လေးငါးခုမှာ အလုပ်သွားလုပ်တယ်။ အဲဒီအခါကျ တော့ ကျွန်တော် တက္ကသိုလ်တစ်ခုရောက်တိုင်း ကိုယ်ရေးရာဇဝင်ရေးပါ ဆိုပြီး ခိုင်းတယ်။ အဲဒါနဲ့ ကျွန်တော့်ကိုယ်ရေးရာဇဝင်က ရေးပြီးသား ရနိုင် ပါတယ်။ အဲဒီအထဲကပဲ ကျွန်တော် ပြောမယ်။ နောက်ဒီရေးပြီးသားထဲက ခင်ဗျားတို့ Copyကူးယူပေ့ါ။ နာမည်ကတော့ သန်းထွန်းပါ။ တခြား ငယ် နာမည်တို့၊ ဘာတို့ မရှိပါဘူး။ မွေးတဲ့ရက်စွဲကတော့ ၆ ရက်၊ ဧပြီလ ၁၉၂၃ ခုပါ။ ကျွန်တော့်ကို မွေးတာ ဒေါင့်ကြီးဆိုတဲ့ရွာ၊ ငါးသိုင်းချောင်းမြို့ရဲ့ တစ်ဖက်ကမ်းမှာ။ ငဝန်မြစ်ရဲ့ အနောက်ဘက်ကမ်းမှာ ရှိတယ်။

ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်း။ မိဘက အမေရော၊ အဖေရော ကွယ်လွန်သွားပါပြီ။ အဖေနာမည်က ဦးဖိုးတွေ၊ အမေနာမည်က ဒေါ်သင်။ နှစ်ဖက်စလုံးပဲ မြန်မာအမျိုးသား၊ အမျိုးသမီးချည်းပဲ ဖြစ်ကြပါတယ်။

---

* ပေဖူးလွှာ၊ အမှတ် ၁၁၉၊ ဒီဇင်ဘာ ၁၉၉၁၊ ၃၀-၃၇။

ကျွန်တော့်အလုပ်ကတော့ သမိုင်းသင်တဲ့ ဆရာပါ။ အဲ နောက်ဆုံး ကျွန်တော် မန္တလေးတက္ကသိုလ် သမိုင်းဌာနမှာ ပါမောက္ခအဖြစ်နဲ့ ၁၇ နှစ် အမှုထမ်းပြီးတော့ နိုင်ငံခြားကို သွားခဲ့ပါတယ်။

နိုင်ငံခြားတက္ကသိုလ်တွေကလည်းပဲ ပထမဦးဆုံး Kyoto University ဂျပန်နိုင်ငံ၊ နောက်တစ်ခါ Osaka University of Foreign Studies ဩစက နိုင်ငံခြားဘာသာသင်တက္ကသိုလ်၊ နောက်တစ်ခါ Tokyo University of Foreign Studies တိုက်ျို နိုင်ငံခြားဘာသာသင်တက္ကသိုလ်၊ အဲဒီနောက် Sophia University ဆိုးဖီးယား တက္ကသိုလ်၊ အဲဒီနောက် International Christian University အင်တာနေရှင်နယ် ခရစ်ယာန် ယူနီဗာစီတီဆိုတဲ့ တက္ကသိုလ်တွေမှာ ကျွန်တော် ငါးနှစ်နီးပါး အမှုထမ်းခဲ့ပြီး တော့ အမေရိကမှာလည်း Dekalb မြို့မှာ ရှိတဲ့ Northen Illinois တက္ကသိုလ်၊ Ann Arbor အန်အားဘားမြို့မှာရှိတဲ့ Michigan တက္ကသိုလ်။ အဲဒါတွေမှာ ကျွန်တော် သုံးနှစ်နီးပါး အမှုထမ်းခဲ့ပါတယ်။ အဲဒီအတွက် ကြောင့် ကျွန်တော် နိုင်ငံခြားတက္ကသိုလ်တွေမှာ ရှစ်နှစ်ကြာ အမှုထမ်းခဲ့ပြီးမှ မြန်မာနိုင်ငံကို ၁၂ ဧပြီ ၁၉၉၀ မှာ ပြန်ရောက်တယ်။ နေတာက ၁၅၅ (က)၊ ယောဂီကျောင်းလမ်း၊ လှိုင် ရပ်ကွက် (၁၁) ဖြစ်ပါတယ်။

ကျွန်တော် ရောက်လာပြီးတော့ ၁၃၊ ဖေဖော်ဝါရီ၊ ၁၉၉၁မှာ ကျွန် တော့်ကို မြန်မာစာအဖွဲ့မှာ အဖွဲ့ဝင်အဖြစ်နဲ့ ခန့်ထားခဲ့ပါတယ်။ အဲဒီအနေ နဲ့ ကျွန်တော် မြန်မာစာအဖွဲ့မှာ မြန်မာအင်္ဂလိပ် အဘိဓာန်ပြုစုရေး ကော်မတီမှာ သွားပြီး ကူညီရပါတယ်။

နောက် အဲ ရန်ကုန်တက္ကသိုလ်၊ သမိုင်းဌာနနဲ့ ပူးတွဲရှိနေတဲ့ မြန်မာ သမိုင်းသုတေသနဌာနမှာ နောက်ထပ် သုတေသနလက်ထောက်ခန့်ထား

တဲ့ လူငယ်တွေကို ပုဂံနိုင်ငံအကြောင်းကို သင်ပေးပါဆိုလို့ ပုဂံသမိုင်း၊ ပုဂံယဉ်ကျေးမှုအနုပညာ၊ ပုဂံကျောက်စာဆိုတာလေးတွေကို အစုစု တစ်ဆယ့်ရှစ်ကြိမ် သင်တန်းပေးပြီးတော့ ပုဂံနှင့် ရင်းနှီးပါစေတော့ဆိုပြီး ပုဂံကို ၁၅၊ ဩဂုတ်၊ ၁၉၉၁ ခုနှစ် လကုန်ထိ ခေါ်သွားပြီး သူတို့ကို သိသင့်တာလေးတွေကို ပြသပါတယ်။ အားလုံးပဲ စိတ်ပါလက်ပါ နားထောင် မှတ်သား ကြည့်ရှုကြလို့ ကျွန်တော် ဝမ်းသာနေတယ်။ ကျွန်တော်တို့ပုဂံက ပြန်လာတာ သိပ်မကြာသေးပါဘူး။ ပုဂံက ပြန်ရောက်ပြီးတဲ့နောက် အခု ၂၆၊ စက်တင်ဘာ၊ ၁၉၉၁ ခုနှစ်က ကျွန်တော့်ကို မြန်မာသမိုင်းအဖွဲ့မှာ အဖွဲ့ဝင်အဖြစ်နဲ့ တာဝန်ပေးပါတယ်။ အဲဒါ ကျွန်တော့်ရဲ့ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ပေါ့။

ကျွန်တော့်ရဲ့ ပညာအရည်အချင်းကို နည်းနည်းပြောပါဦးမယ်။ ကျွန်တော် ငသိုင်းချောင်းမြို့မှာ ၁၉၃၀ သူငယ်တန်းက စပြီးတော့ ဆယ်တန်းအောင်တဲ့ ၁၉၃၈ ထိ အစိုးရ အထောက်အပံ့ခံ အမျိုးသား အထက်တန်းကျောင်းမှာ နေပါတယ်။ ဆယ်တန်းအောင်တဲ့နှစ်မှာပဲ တက္ကသိုလ်သပိတ်မှောက်တယ်။ ဗိုလ်အောင်ကျော် ဆုံးတဲ့နှစ် ဖြစ်တဲ့အတွက် ကျွန်တော်တို့ တစ်နှစ် ကျောင်းပျက်ပါတယ်။ တကယ်တော့ ကျွန်တော့်အဖို့ ကျောင်းပျက်တာကတော့ သပိတ်နဲ့ သိပ်မဆိုင်ဘူး။

သပိတ်ပြီးတဲ့အခါကျတော့ ကျောင်းပြန်ဖွင့်ပေမယ့် ကျွန်တော်က အသက် ၁၅ နှစ်မှာ ဆယ်တန်းအောင်တဲ့အတွက် အသက် ၁၆ နှစ်မပြည့်သေးလို့ တစ်နှစ်စောင့်ပြီး ၁၉၃၈ ခုနှစ်ရောက်မှ တက္ကသိုလ်တက်၊ မကြာခင် ဒုတိယကမ္ဘာစစ် ဖြစ်တဲ့အတွက် စာသင်ပျက်ပြန်ရော။ အဲဒီစာသင်ပျက်တဲ့အတောအတွင်းမှာ ကိုယ့်မြို့၊ ကိုယ့်ရွာ ပြန်နေပြီးတော့ မြန်မာပညာတွေထဲက တစ်ခုခုကို ရွေးပြီး သင်လို့ အဖေလုပ်တဲ့သူက တိုက်တွန်းတဲ့အတွက် ကျွန်တော် ဗေဒင်ပညာ သင်တယ်။ အဲဒါနဲ့ ကျွန်တော် ဇာတာ

ဖွဲ့နည်း၊ နောက် ပြက္ခဒိန်လုပ်နည်း၊ နေကြတ်၊ လကြတ်၊ အာယုဒါယ။ အဲဒါတွေကို ကျွန်တော် သင်ရိုးကုန်အောင် သင်ဖူးပါတယ်။

နောက် စစ်ပြီးတဲ့အခါကျတော့ တက္ကသိုလ်ပြန်ဖွင့်တဲ့အခါ ရွှေဘုံသာလမ်း အရေးပေါ်တက္ကသိုလ်က စပြီး ကျောင်းစာကို ပြန်ကောက်ရတယ်။ အဲဒီအခါ စစ်ကာလ ပျက်ကွက်တာတွေ ကာမိအောင် ရက်တိုသင်တန်းဆိုတာမျိုး လုပ်ပေးပြီး ကျွန်တော်တို့ စာမေးပွဲတွေ ဝင်ဖြေကြပါတယ်။ ဝိဇ္ဇာတန်းအောင်တော့ ဝိဇ္ဇာသမိုင်းဂုဏ်ထူးတန်း တက်တယ်။ ၁၉၄၇ ခုနှစ်မှာ အောင်ပါတယ်။ ဘယ်တော့မဆို အောင်ရုံပဲ။ အမှတ်အများကြီးနဲ့ ထိပ်က အောင်တယ်လို့ မကြုံဖူးပါ။

သမိုင်းမဟာဝိဇ္ဇာတန်းကို ၁၉၅၀ ပြည့်နှစ်မှာ အောင်ပါတယ်။ နောက် ၁၉၅၂ ခုနှစ်မှာ ဘီအယ်လ် အောင်ပါတယ်။ နောက် ကျွန်တော် ပညာဆက်သင်ဖို့ နိုင်ငံခြားကို ချက်ချင်းသွားခွင့် မရပါဘူး။ မရတော့ ကျွန်တော် စောင့်တယ်။ နိုင်ငံခြားကို ချက်ချင်း သွားခွင့်မရတာကတော့ ကျွန်တော် ကျောင်းသားသမဂ္ဂတွေ ဘာတွေ လုပ်ခဲ့ဖူးတော့ နိုင်ငံရေးသမားဆိုပြီး ပညာတော်သင် ချက်ချင်းမရွေးပါဘူး။ နောက် ကျွန်တော်က အတိအလင်းပဲ ပြောပါတယ်။ ကျွန်တော် နိုင်ငံရေး မလုပ်တော့ဘူးလို့ ဆိုတဲ့အခါမှပဲ ကျွန်တော် သွားခွင့်ရပါတယ်။ ၁၉၅၂ ခုနှစ်က ၁၉၅၆ ခုနှစ်အထိ လန်ဒန်တက္ကသိုလ်မှာ နေခဲ့ပြီးတော့ကာ ၁၉၅၆ ခုနှစ်ကျတော့ Ph.D ဘွဲ့ရပါတယ်။ နောက် ၁၈၊ အောက်တိုဘာ၊ ၁၉၈၈ မှာ ကျွန်တော်နေခဲ့တဲ့ လန်ဒန်တက္ကသိုလ်ကနေ ကျွန်တော့်ကို D. Lit ဘွဲ့ ပေးပါတယ်။ အဲဒါကြောင့် ကျွန်တော်ရတဲ့ Ph.D နှင့် D. Lit ဘွဲ့တွေဟာ လန်ဒန်တက္ကသိုလ်က ပေးတာတွေပဲ ဖြစ်တယ်။ အဲဒါ ကျွန်တော့်ပညာရေးနဲ့ ပတ်သက်တဲ့ အကျဉ်းချုပ်ပါပဲ။

## <u>တကောင်းစာအုပ်တိုက်</u>

တစ်ခါ ကျွန်တော် ဆရာအဖြစ်နဲ့ အမှုထမ်းတာကို နည်းနည်းပါး ပါး ပြောချင်ပါတယ်။ ကျွန်တော် ၁၉၄၆ ခုနှစ်က စပြီးတော့ကာ ရန်ကုန် တက္ကသိုလ်၊ သမိုင်းဌာနမှာ အချိန်ပိုင်းနည်းပြဆရာအဖြစ် အမှုထမ်းခဲ့ပါ တယ်။ နောက်တစ်နှစ်ကျတော့ အချိန်ပြည့်နည်းပြဆရာ ဖြစ်လာတယ်။

နောက် ၁၉၅၀ ပြည့်နှစ်မှာ ကျွန်တော် လက်ထောက်ကထိက၊ အဲဒီ လက်ထောက်ကထိကအဖြစ်နဲ့ပဲ နေရင်းက ၁၉၅၂ ခုနှစ်မှာ နိုင်ငံခြားကို ပညာသင် ပို့လွှတ်ပါတယ်။ ၁၉၅၆ ခုနှစ်ကျတော့ ပြန်လာပြီး လက် ထောက်ကထိက အဖြစ်နဲ့ ဆက်ပြီး ရန်ကုန်တက္ကသိုလ်မှာ အမှုထမ်းခဲ့ တယ်။

အဲဒီအတောအတွင်းမှာ ကျွန်တော့်ကို အခု တပ်မတော် မော်ကွန်း တိုက်က အယ်ဒီတာချုပ်၊ သုတေသနအရာရှိချုပ်အဖြစ်နဲ့ ခေါ်ပါတယ်။ ခေါ်တော့ ကျွန်တော် သွားပါတယ်။ သွားပြီးတော့ ဟိုမှာ သုံးလေးလ လောက် အမှုထမ်းပြီးတော့မှ ကျွန်တော် ရန်ကုန်တက္ကသိုလ် သမိုင်းဌာန ကို လက်ထောက်ကထိကအဖြစ်နဲ့ ပြန်ခဲ့ရပါတယ်။

တက္ကသိုလ်ဆိုတာ အဲဒီတုန်းက ကိုယ့်ဘာသာကိုယ် အုပ်ချုပ်တဲ့ အဖွဲ့အစည်း ဖြစ်တယ်လေ။ အစိုးရဆီက တစ်နှစ်ကို ငွေထောက်ပံ့ကြေး ယူပြီး လိုငွေကို ကျောင်းသားတွေဆီက ရတဲ့လခနဲ့ တက္ကသိုလ်တည်ထောင် ထားတဲ့အတွက် အစိုးရအဖွဲ့အစည်းစစ်စစ် မဟုတ်ပါဘူး။ အဲဒါကြောင့် အဲဒီလို နေရာမျိုးကပဲ ကျွန်တော့်ကို လက်ခံပါတယ်။

တော်လှန်ရေးကောင်စီခေတ်ရောက်တော့မှ တက္ကသိုလ်တွေကို ပညာရေးဌာနလက်အောက်မှာ ထည့်သွင်းတော့ ကျွန်တော်လည်း အစိုးရ အမှုထမ်းတစ်ဦး ဖြစ်လာပါတယ်။ ဖဆပလတုန်းကတော့ အစိုးရဌာန

စစ်စစ်က ကျွန်တော့်ကို လက်မခံပါဘူး။ အဲ တက္ကသိုလ်မှာ ကျွန်တော် ပြန်ပြီး အမှုထမ်းတဲ့အခါမှာ ၁၉၅၈ ခုနှစ်မှာ ကထိက ဖြစ်တယ်။ ၁၉၆၅ ခုနှစ်ကို ရောက်တဲ့အခါမှာ သမိုင်းပါမောက္ခအဖြစ်နဲ့ ကျွန်တော့်ကို မန္တလေးကို ပို့လိုက်ပါတယ်။

၁၉၆၅ ခုနှစ်ကနေပြီးတော့ကာ နိုင်ငံခြားကို ကျွန်တော်သွားတဲ့ ၁၉၈၂ ခုနှစ်အထိ မန္တလေးမှာ ၁၇ နှစ် ကြာပါတယ်။ နောက် မန္တလေး ကနေ နိုင်ငံခြားကို သွားတဲ့အခါမှာ အစိုးရအမှုထမ်းတစ်ယောက် နိုင်ငံခြား ကို ခေတ္တ အမှုထမ်းဖို့ သွားတဲ့ Loan Service အနေနဲ့ သွားပြီး ကျိုတို၊ ဂျပန်တက္ကသိုလ်မှာ ၁ နှစ်အမှုထမ်းခဲ့ပါတယ်။ ၁ နှစ် အမှုထမ်းနေဆဲ ကျွန်တော် အသက် ၆၀ ပြည့်လို့ ကျွန်တော့်ကို မြန်မာနိုင်ငံ ပညာရေးဌာနက ၆ ရက်၊ ဧပြီလ၊ ၁၉၈၃ ခုနှစ်က စပြီး အငြိမ်းစားပေးပါတယ်။

အဲ အငြိမ်းစားပေးပြီးတဲ့အခါမှာ ကျွန်တော်က ကိုယ့်ဟာကိုယ် ဟိုမှာရှိတဲ့ တက္ကသိုလ်တွေမှာ ညှိနှိုင်းပြီး ဆက်အလုပ်လုပ်ဖို့ အခွင့်အရေးရခဲ့ပါတယ်။ သူတို့ ကျွန်တော့်ကို နောက်ထပ် ၄ နှစ် ဆက်အလုပ်ပေးထားပါတယ်။

နိုင်ငံခြားမှာ ကျွန်တော် နေနေရင်းက နေပြီးတော့ ကျွန်တော် စာအုပ်တစ်အုပ် ရေးပါတယ်။ အဲဒီစာအုပ်က အတွဲဆယ်တွဲရှိတဲ့ စာအုပ်ဖြစ်ပါတယ်။ စုစုပေါင်း စာမျက်နှာ (၇၆၀၀) ခုနစ်ထောင့်ခြောက်ရာ ရှိပါတယ်။ အဲဒီမှာ စာမျက်နှာလေးထောင်ကျော်ကတော့ မြန်မာ။ အဲဒီ မြန်မာမျက်နှာလေးထောင်ကျော်ကို ကျွန်တော် အင်္ဂလိပ်လို ဘာသာပြန်ပြီးတော့ နိဒါန်း၊ နိဂုံးနဲ့ ဆွေးနွေးချက်ဆိုတာတွေ ထည့်လိုက်လို့ အားလုံး စုစုပေါင်း စာမျက်နှာ ၇၆၀၀ ဖြစ်သွားတာပါ။

## တကောင်းစာအုပ်တိုက်

အဲဒီ စာအုပ်မှာ ပါတဲ့ မြန်မာပိုင်းကို ကျွန်တော့်ဇနီး ဒေါ်ခင်ရီက မြန်မာလက်နှိပ်စက်နဲ့ ရိုက်ပေးပါတယ်။ ကျွန်တော့်ဇနီးက ကျွန်တော်နဲ့ အတူတူ ဒီကျမ်းဖြစ်မြောက်အောင် နေ့ရက် နာရီပေါင်းများစွာ ပါဝင်ကူညီ တယ်။ သူက တစ်နည်းအားဖြင့် ပြောရရင် ကျွန်တော့်ရဲ့ အတွင်းရေးမှူး၊ ဒီကျမ်းကြီးဖြစ်မြောက်ရေးမှာ ကျွန်တော်နဲ့ ကျွန်တော့်ဇနီး နှစ်ဦးစလုံး ကြိုး စားဆောင်ရွက်ချက် ဖြစ်တယ်လို့ပြောချင်ပါတယ်။ ကျွန်တော်ရေးတာ ကတော့ အင်္ဂလိပ်ဘာသာနဲ့ စာမျက်နှာသုံးထောင်လောက်ပဲ ရှိပါတယ်။ အဲဒီစာအုပ် ထက်ဝက်လောက် ပြီးတဲ့အခါမှာ လန်ဒန်တက္ကသိုလ်က ဒီ စာအုပ်ကို စာစစ်အဖွဲ့ ဖွဲ့ပြီး စစ်ဆေးတယ်။ ပြီးတော့မှ ကျွန်တော့်ကို D.Lit. ပေးဖို့ အောက်တိုဘာ ၁၉၈၈ ခုနှစ်မှာ ဆုံးဖြတ်ပါတယ်။

စာအုပ်ထုတ်ဖို့ ငွေလှူတဲ့အဖွဲ့က တိုယိုတာ ဖောင်ဒေးရှင်း ဖြစ် တယ်။ စာအုပ် ပုံနှိပ်ဖြန့်ချိတဲ့ တက္ကသိုလ်က ကျိုတိုတက္ကသိုလ် ဖြစ်တယ်။ ဂျပန်မှာ စာအုပ် ၅ တွဲ ပြီးတဲ့နောက် အမေရိက ရောက်သွားပြီး နောက် ထပ် ၅ တွဲ အပြီးရေးခဲ့ပါတယ်။

အမေရိကမှာ နေပြီး ကျွန်တော် စာသင်ခဲ့တဲ့ တက္ကသိုလ်တွေက Northern Illinois University နဲ့ Michigan Universityတွေ ဖြစ် ပါတယ်။ ဒါ ကျွန်တော့်ရဲ့ပညာအရည်အချင်းနဲ့ အမှုထမ်းရာဇဝင် အကျဉ်း ချုပ်ပါ။ ခင်ဗျားတို့ လိုချင်တာကလည်း အဲဒီလို အကျဉ်းချုပ်လောက်ပဲလို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော့်ကို နိုင်ငံခြားသွားခါနီးမှာ ကျွန်တော့် ရဲ့ မိတ်ဆွေတွေ၊ ကျွန်တော့်ရဲ့တပည့်တွေက နှုတ်ဆက်ပွဲ လုပ်တယ်။

နှုတ်ဆက်ပွဲ လုပ်တော့ကာ သူတို့ နားလည်တာက ကျွန်တော် နိုင်ငံ ခြားမှာ နေနေရင်းကိုပဲ အသက် ၆၀ ပြည့်သွားမယ်။ အသက် ၆၀ ပြည့်

သွားရင် ပြန်လို့ လာတောင်မှပဲ သူတို့တက္ကသိုလ်ကို ပြန်လာတော့မှာ မဟုတ်တော့ဘူး။ အဲဒါကြောင့်မို့လို့ သူတို့က ကျွန်တော့်ကို အပြီး နှုတ်ဆက်ပွဲလုပ်ကြတဲ့ သဘော ပါတယ်။ ကျွန်တော်လည်း အဲဒါကို သိပြီးသား ဖြစ်တယ်။ ဒါကြောင့် နှုတ်ဆက်ပွဲနေ့မှာ ကျွန်တော် ဒီလို ပြောပါတယ်။

"ကျွန်တော် အခု အသက် ၅၉ နှစ်၊ နောက်နှစ် ဒီအချိန်လောက်မှာ ၆၀ ပြည့်တော့မယ်။ ကျွန်တော် နိုင်ငံခြားက ပြန်လာရင်လည်း တက္ကသိုလ်မှာ အမှုထမ်း မဟုတ်တော့ဘူး။ ကျွန်တော် အငြိမ်းစားယူပြီးသား ဖြစ်ပြီ။

ဒါပေမဲ့ ကျွန်တော် ခင်ဗျားတို့ကို တစ်ခုပြောနိုင်တာက ကျွန်တော် ဘယ်တော့မှ အငြိမ်းစား မယူဘူးဆိုတာပါပဲ။ တက္ကသိုလ်မှာ ကျွန်တော် အလုပ် မလုပ်ပေမယ့် ကျွန်တော် လုပ်လက်စ မြန်မာ့သမိုင်းသုတေသန လုပ်ငန်းတွေကိုတော့ ဆက်လုပ်မယ်" လို့ ကျွန်တော်ပြောတယ်။ ကျွန်တော် ဘယ်တော့မှ အငြိမ်းစား မယူဘူး။

မြန်မာ့သမိုင်းကို သုတေသနလုပ်တဲ့အခါမှာ ပေ၊ ပုရပိုက်၊ ကျောက်စာ ဆိုတဲ့ အထောက်အထားတွေကို ဘုန်းကြီးကျောင်းတွေ သွားပြီး စုရပါတယ်။ အဲဒီအထောက်အထားတွေ ရှိတယ်လို့ သတင်းရရင် မြန်မာနိုင်ငံ ဘယ်နေရာဖြစ်ဖြစ် ရောက်အောင် သွားတယ်။ သွားပြီးတော့ တစ်ထိုင်တည်း ကူးတာလည်း ရှိတယ်။ ပေ၊ ပုရပိုက်ကို ငှားခွင့်ရရင် ငှားလာပြီး ကူးတယ်။

နောက် ပြန်ပို့ရတယ်။ အထောက်အထားဆိုတာမှာလည်းပဲ ခပ်လွယ်လွယ်ပြောတော့ ခေတ်အလိုက်ပဲ။ အကြိုသမိုင်းကစပြီး သရေခေတ္တရာ၊ ပုဂံ၊ အဝ၊ ကုန်းဘောင်၊ နောက်တော့ မျက်မှောက်ခေတ် ကာလ

အထိ တွေ့သမျှ အကုန်စုတာပါပဲ။ ကျောက်စာကလည်း အစမှာ သက္ကရှု ကျောက်စာတွေ ရှိတယ်။

အဲဒီနောက်ပြီး ပါဠိကျောက်စာတွေ ရှိတယ်။ ပျူကျောက်စာ၊ မွန်ကျောက်စာ၊ မြန်မာကျောက်စာတွေ ရှိပါတယ်။ ရှိသမျှ ကျောက်စာတွေ အားလုံးကို ကျွန်တော်တို့ ကူးထားတယ်။ အဲဒါတွေက သမိုင်းအထောက်အထားအနေနဲ့ အားအကိုးရဆုံး ဖြစ်တယ်။ အဲဒီလိုပဲ နောက် ပေနဲ့ရေးတဲ့ အထောက်အထားတွေ၊ ပုရပိုက်နဲ့ ရေးတဲ့ အထောက်အထားတွေ နောက်တစ်ခါ သမိုင်းမှတ်တမ်းဝင်မယ့် နံရံဆေးရေးပန်းချီကားတွေ၊ နံရံမှာ ရေးတဲ့ မင်စာတွေ၊ ဒါတွေကို ကျွန်တော်တို့ စုပါတယ်။

နောက်တစ်ခါ သင်္ချိုင်းမှာရှိတဲ့ ဂူမှာ ရေးထားတဲ့ ကျောက်ပြား၊ သင်္ချိုင်းကျောက်ပြားတွေ အဲဒီလို ရှိသမျှ အထောက်အထားတွေကို အခုခင်ဗျားတို့ မြင်တဲ့အတိုင်းပဲ။ အဲဒါတွေဟာ ခုနက ကျွန်တော်ပြောတဲ့ စာမျက်နှာ ၇၆၀၀ ရှိတဲ့ အမိန့်တော်ပေါင်းချုပ် လုပ်ခဲ့သလိုပဲ နောက်ထပ် လုပ်စရာတွေ ရှိတယ်။ ဥပမာအားဖြင့် ကျောက်စာပေါင်းချုပ် လုပ်စရာတွေ ရှိတယ်။ စစ်တမ်းပေါင်းချုပ် လုပ်စရာရှိတယ်။ အဲဒီလို သုတေသနနဲ့ ပတ်သက်လို့ လုပ်ငန်းအရပ်ရပ်ကို ကျွန်တော် အင်မတန် စိတ်ပါဝင်စားပြီးတော့ မှတ်တမ်းတွေ စုထားတယ်။

အဲဒီမှတ်တမ်းတွေကိုလည်း ကျွန်တော် စာအုပ်လုပ်ပြီးတဲ့အခါမှပဲ နောင်လာနောက်သားတွေ ဆက်ပြီး သုံးလို့ရမှာပဲ ဆိုတော့ကာ အဲဒီတာဝန်က ကျွန်တော်လုပ်မယ်လို့ သတ်မှတ်တဲ့ တာဝန်။ အဲတော့ လုပ်မယ်လို့ သတ်မှတ်တဲ့ တာဝန်ကို နှိုင်းယှဉ်ချက်အနေနဲ့ ကျွန်တော်ပြောရလို့ရှိရင် ဥပမာ အမိန့်တော်ပေါင်းချုပ်ဆိုတာကို ဆယ်တွဲ ရေးတယ်။

## <u>တကောင်းစာအုပ်တိုက်</u>

စာမျက်နှာက ၇၆၀၀ ရှိတယ်။ အဲ ရေးတဲ့အချိန်ကာလ ရှစ်နှစ်ကြာတယ်။ အဲသလိုပေါင်းချုပ်ပေါင်းများစွာ ရေးဖို့လျာထားတဲ့အတွက် ကျွန် တော် ဘယ်တော့မှ အငြိမ်းစားယူလို့ မရတော့ဘူးပေါ့လေ။

အဲ နောက်တစ်ခု ကျွန်တော်ပြောချင်တာက အဲဒီလို လုပ်ရမယ်ဆိုတာကလည်း သုတေသနလုပ်ငန်းကို တာဝန်ယူမိတဲ့ လူတိုင်းမှာ ဒီလိုဆန္ဒမျိုး ရှိပါတယ်။ နောက်တစ်မျိုး ပြောလို့ရှိရင်တော့ ကျွန်တော်တို့ ပထမ သုတေသန စလုပ်ပြီဆိုကတည်းက ဘယ်သူမှ မသိသေးတာကို သိအောင် ရှာရတော့တာပဲ။

အဲဒီတော့ အသစ်အဆန်းတစ်ခု သိပြီဆိုတဲ့အခါမှာ ကျွန်တော်တစ်ယောက်တည်း သိလို့ ဘာမှအရာမရောက်ဘူး။ ဘယ်တော့မှ အရာရောက်သလဲဆိုတော့ သူများလက်ထဲ ရောက်သွားမှ အရာရောက်တယ်။ အဲဒါကြောင့် ကျွန်တော်တို့ ကျောင်းဆရာ ဖြစ်ရတာ ကံကောင်းတယ်လို့ ဆိုချင်တယ်။ ကျောင်းဆရာအဖြစ်နဲ့ ကျွန်တော် ရှာလို့ ဖွေလို့ တွေ့တဲ့ အသိအသစ်ကို ချက်ချင်း သင်တန်းမှာ ပို့ချနိုင်လို့ ဖြစ်ပါတယ်။

တစ်မျိုးပြောရရင် ကျွန်တော်ရထားတဲ့ အသိသစ်ကို အခု ကျောင်းသားတွေလက်ထဲ ထည့်ပြီဆိုတဲ့သဘောနဲ့ ကျွန်တော်က စာသင်ခန်းမှာ ပြောတယ်။ အဲတော့ ကျွန်တော် တပည့်တွေဟာ ကျွန်တော့်အသိသစ် အမြင်သစ်ကို တစ်စိတ်တစ်ပိုင်းတော့ သိသွားပြီပေါ့နော်။ ဒါပေမဲ့ စာသင်သားဆိုတာကတော့ ထုံးစံအတိုင်းပါပဲ။ ခပ်ပေါ့ပေါ့ပဲ။ သိပ်မလေးစားဘူး။

ကလေးတွေ လူငယ်တွေဆိုတာကတော့ ထုံးစံအတိုင်းပါပဲ။ သိပ်ပြီး စွဲစွဲလမ်းလမ်း မမှတ်သားကြဘူးပေါ့။ ဒါကြောင့် ကျွန်တော်တို့က စာတမ်းရေးတယ်။ စာတမ်းရေးပြီးတော့ကာ အဲဒီစာတမ်းကို စာတမ်းဖတ်ပွဲ လုပ်

ပြီးတော့ ဖတ်။ အဲဒီလို စာတမ်းဖတ်ပွဲ ကြိုးကြိုးစားစားနဲ့ မပြတ်လုပ်ပါတယ်။

တစ်နှစ်ကို ကျွန်တော် စာတမ်းခြောက်စောင်လောက်တော့ ဖတ်ဖြစ်ပါတယ်။ အဲ စာတမ်းတစ်ခုကို ဖြစ်မြောက်ဖို့ နှစ်လ သုံးလ ကြာတယ်။ ပြင်ဆင်ရတယ်။ စာတမ်းဖတ်ပွဲလုပ်တော့လည်း စာတမ်းကိုလာနားထောင်တဲ့လူကလည်း လူမျိုးစုံပဲ။ တချို့ကလည်းပဲ မြန်မာစာပေ ဝါသနာပါလို့ လာနားထောင်တဲ့ လူ ရှိတယ်။ တချို့ကလည်းပဲ မြန်မာမှုတစ်ခုခုကို သိရမလားဆိုပြီး လာနားထောင်တာလည်း ရှိတယ်။

မြန်မာသမိုင်းကို ဝါသနာပါတဲ့ လူကလည်း ရှိမယ်။ ဒါပေမဲ့ လူ ခင်လို့ လာတာလည်း ရှိမှာပေ့ါ။ ကျောင်းသားထက်တော့ နည်းနည်း ပိုကျယ်ပြန့်တဲ့ ပရိသတ်ပေ့ါ။ အဲဒီတော့ လူတချို့ မြန်မာသမိုင်းသစ် တစ် ကွက်တော့ နားလည်သွားပြီ။ သိရုံထက် ပိုပြီး အချိန်ကုန်ခံပြီး လေ့လာချင် တဲ့ လူတွေအတွက် ကျွန်တော်တို့က တစ်မျိုး စီစဉ်ပေးရပါသေးတယ်။

အဲဒါလည်း ကျွန်တော်တို့မှာ ခံယူထားတဲ့ တာဝန်တစ်ခုပါပဲ။ အဲဒီ စာတမ်းကို ပုံနှိပ်ရမယ်။ ပညာရှင်တွေ ထုတ်ဝေလေ့ရှိတဲ့ မဂ္ဂဇင်းတစ်ခုထဲ မှာ ထည့်ရမယ်။ ဂျာနယ်တစ်ခုထဲမှာ ထည့်ရမယ်။ အဲဒီတော့ မဂ္ဂဇင်းထဲ၊ ဂျာနယ်ထဲ ရောက်သွားမယ်။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေထဲ ရောက်သွား တော့ကော တာဝန်ကုန်ပြီလားဆိုတော့ မကုန်သေးဘူး။

ကျန်တဲ့တာဝန်တွေ ရှိသေးတယ်။ ဒါကို ရှင်းပါမယ်။ ကျွန်တော် စာတမ်းဖတ်တဲ့အခါ ဥပမာ ရှေးမြေပုံတွေအကြောင်း ပြောမယ်။ ရှေးခေတ် က သာသနာရေးနဲ့ပတ်သက်တဲ့ သမိုင်းကို ပြောမယ်။ ရှေးခေတ်က ဝတ်စား ဆင်ယင်မှုနဲ့ ပတ်သက်တဲ့ သမိုင်းကို ပြောမယ်။ ဒါတွေက တစ်ပိုင်းတစ်စစီ

ဖြစ်နေတယ်။ အဲဒီတော့ကာ ဒီလို တစ်ပိုင်းစီ တစ်စစီ ဖြစ်နေတာကို ကျွန်တော်တို့က အကုန်လုံး စုပြီးတော့ စာအုပ်ကြီးတစ်အုပ် ရေးရဦးမယ်။ ဒါ တာဝန်တစ်ခုပဲ။ အဲဒါကြောင့်မို့လို့ ပထမ ကျွန်တော် သုတေသန လုပ်တယ်။ လုပ်ဖို့အတွက် ပစ္စည်းအထောက်အထား စုတယ်။ စုပြီးလို့ ရှိရင် ဒီသုတေသနအရ ရှာဖွေတွေ့ရှိချက်၊ အသစ်တွေ့ရှိချက်တွေကို တပည့်တွေကို စာသင်ခန်းမှာ သင်ပေးတယ်။ နောက်တစ်ခါ စာတမ်းရေးပြီးတော့ကာ ဒီစာတမ်းတွေကို စာတမ်းဖတ်ပွဲ လုပ်တယ်။ နောက်တစ်ခါ စိတ်ပါဝင်စားပြီးတော့ ပုံနှိပ်ပေးမယ့် ဂျာနယ်မဂ္ဂဇင်းမှာ ဆောင်းပါးအဖြစ်နဲ့ ထည့်တယ်။ ထည့်နိုင်ဖို့ ကျွန်တော် စာရေးရပြီပေါ့။ မူလ အသက်မွေးဝမ်းကျောင်းက ကျောင်းဆရာ၊ ခေတ်ဟောင်းသမိုင်းကို ပိုပြီးတော့ စိတ်ပါဝင်စားတယ်။ သုတေသန လုပ်တဲ့အခါကျတော့ ကျွန်တော် စာရေးဆရာ မဟုတ်ပေမယ့် စာမရေးဘဲ မဖြစ်လို့ ရေးနေရတာပါ။ ကျွန်တော်က ကျောင်းဆရာပါ။ ဒါပေမဲ့ ကျွန်တော့်လုပ်ငန်းက စာရေးရတာပါ။ နောက်ဆုံးတော့ လူများများကလည်း ကျွန်တော့်ကို စာရေးဆရာလို့ ထင်နေကြတယ်ပေါ့။ ထင်ကြတဲ့ အတူတူ ကျွန်တော် ဘယ်လိုစာရေးဆရာ ဖြစ်မလဲဆိုရင် ဘယ်သူရေးတာတော့ မှားတယ်၊ ဘယ်သူရေးတာ လိုနေတယ်၊ မပြည့်စုံဘူးဆိုပြီး ကလောင်နဲ့ ရန်သူမွေးတဲ့စာရေးဆရာ ဖြစ်ပါတယ်။ အဲဒီဘက်က အောင်မြင်တယ်လို့ ထင်ပါတယ်။ တကယ်က စာဖတ်လို့ကောင်းအောင် ရေးနိုင်တဲ့ စာရေးဆရာ မဟုတ်ပါဘူး။ စာရေးဆရာစစ်စစ်က ဖတ်ကောင်းအောင် ရေးနိုင်တယ်။

ကျွန်တော်တို့ရေးတဲ့စာဟာ ဖတ်မကောင်းတာ သေချာတယ်။ အဲဒါကြောင့် ကျွန်တော့်စာအုပ်တစ်အုပ်ရဲ့ မျက်နှာဖုံးမှာ ‘ဒီစာအုပ်ဖတ်ကောင်းမယ်လို့ အာမ မခံ’ လို့ ရေးခဲ့တယ်။ ဒါလောက်ပြောရင် ကျွန်တော်

စာရေးဆရာကောင်း မဟုတ်ဘူးဆိုတာ ထင်ရှားသွားပြီ။ ဝတ္ထု ရေးတယ်၊ ကဗျာ ရေးတယ်ဆိုတာက အရသာခံပြီး ရေးတာ။ တစ်နည်းအားဖြင့် သူတို့ စာကို ဖတ်ရလို့ အပျင်းပြေတယ်။

လူက အလုပ်ပင်ပန်းတဲ့အခါမှာ ကဗျာလေး နားထောင်လိုက်၊ သီချင်းလေး ဆိုလိုက်၊ အက အခုန် ကြည့်လိုက်၊ အပျင်းပြေတယ်။ ကျွန်တော် တို့ ရေးတဲ့စာတမ်းတွေနဲ့ ဘာမှ မဆိုင်ပါဘူး။ သူတို့ရေးတာ ဖတ်ကောင်း တယ်။ ကျွန်တော်တို့ ရေးတဲ့စာတွေက တမင် ကြိုးစားပြီး ကိုးရိုးကားရား ရေးတယ်လို့တောင် ထင်စရာရှိတယ်။ ဖတ်မကောင်းပါဘူး။

ကဲ ကျွန်တော် ပြောခဲ့တဲ့စကားတွေကို အချုပ်ပြောရလို့ ရှိရင် ကျွန်တော်ဟာ ဘယ်တော့မှ စာရေးဆရာဖြစ်မယ့်လူ မဟုတ်ဘူး။ စာရေးပြီး အသက်မွေးဝမ်းကျောင်းလို့လည်း မရနိုင်ပါ။ သူငယ်တန်းဖတ်စာအုပ် ရေး ပြီး ချမ်းသာတဲ့လူကိုလည်း အားမကျပါ။ ကျောင်းသားသုံးတယ်လို့ သတင်း စကားကြားရပေမယ့် တစ်နှစ်လုံးရောင်းလို့ သုံးအုပ် မထွက်ပါ။ ပါရဂူတန်း တွေ စည်စည်ကားကားဟော့လို့ ဆိုရတဲ့တိုင်အောင် အဝယ်မလိုက်ပါ။ စာအုပ်ရေးရတဲ့ဘဝ ရောက်လို့ စာအုပ်ရေးတယ် ဆိုပြန်တော့လည်း စာအုပ် ရေးတဲ့လူတိုင်း မလုပ်ချင်တာ လုပ်ရတာ တစ်ခု ရှိလာပြန်တယ်။ အဲဒါ ဘာလဲဆိုတော့ ပရု(ဖ်) (Proof) ဖတ်ရတယ်။

ကျွန်တော်က ပရု(ဖ်) လုံးဝ မဖတ်ချင်ဘူး။ ဒါပေမဲ့ မဖတ်လို့ဘယ် ဖြစ်မလဲ။ စာအုပ်နောက်ပိုင်းမှာ အက္ခရာဝလိစဉ်ပြီး Index အညွှန်း ထည့် ရသေးတယ်။ အဲဒါလည်း ကျွန်တော်တို့ မလုပ်ချင်ဘဲ လုပ်ရတဲ့ အလုပ်ပါ။ ဒါပေမဲ့ စာရေးတဲ့လူတိုင်း ဒီအလုပ်က မလွတ်ဘူး။ ဝတ္ထုရေးရင် Index မလိုဘူး။ ကျမ်းရေးရင် Index လိုတယ်။ ကျမ်းပြုသူကိုယ်တိုင် Index

လုပ်ပါ။ သူများကို မခိုင်းပါနဲ့လို့ ဆရာ့ ဆရာတွေက မှာပါတယ်။ အဲဒါနဲ့ ပြီးပြီလား မေးရင် မပြီးသေးပါဘူး။ ကျမ်းကို ပုံနှိပ်ပြီးတဲ့နောက် အနှစ်နှစ်ဆယ်လောက်ကြာတဲ့အခါ ကျတော့ ပြန်ပြီး စစ်ဆေးရတယ်။ ဖြည့်ရပြင်ရတယ်။ ပြန်ပြီး တည်းဖြတ်ရတယ်။ အခု ကျွန်တော် သုတေသန လုပ်တဲ့ အသက်က နှစ်လေးဆယ်ရှိပြီဆိုတော့ အနှစ်နှစ်ဆယ်လောက်ရှိတဲ့ အခါမှာပဲ ရေးပြီးသားတွေမှာ ပြင်စရာ တွေ့ပါတယ်။ ဟိုတုန်းက ရှေးဟောင်းသုတေသနက မတူးရသေးလို့၊ ဒါမှမဟုတ် ဒီမှတ်တမ်းတွေ လူမတွေ့သေး၊ မဖတ်သေးလို့၊ မကိုင်တွယ်ရသေးလို့၊ ဒီအကြောင်းအရာတွေကို မသိခဲ့လို့ အမြင်မှား၊ အထင်မှားတွေ ရှိတယ်။ ဆုံးဖြတ်ချက်တွေ၊ နိဂုံးချုပ်စကားပြောပြီး ကောက်ချက်ချတာတွေ မှားတာရှိတယ်။ အဲဒါတွေကို ပြန်ပြင်မှာကလည်း ကိုယ့်တာဝန်ပဲပေါ့။ အဲဒီတော့ ကိုယ့်စာအုပ်ကိုပဲ နောင်အနှစ်နှစ်ဆယ် ကြာတဲ့အခါမျိုးမှာ ပြန်ပြင်ရေးရတာတွေ ရှိပါတယ်။ အနှစ်သုံးဆယ်ကြာတဲ့အခါမှာဖြည့်ရေးရတာတွေလည်း ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရေးတာတွေကို ဘယ်တော့မှ လက်စသတ်လို့ ရပြီလို့ မပြောဝံ့သလောက်ပါပဲ။

ကိုယ်ပိုင် ပြင်မသွားနိုင်တော့တဲ့အခါ တပည့်တွေ တာဝန်ဖြစ်သွားပြန်တယ်။ အခု ကျွန်တော်တို့ အသက်ကလေး တော်တော်ရလာတဲ့အခါ ကျတော့ တပည့်တွေကို မှာရတယ်။ ငါမှားတာတွေကို မင်းတို့ ပြင်လိုက်ကြပါ။ ဖြည့်လိုက်ကြပါ။ မှာတဲ့အတိုင်း ဘယ်နှယောက် လုပ်မယ်တော့ မသိဘူးပေါ့။ ဒါပေမဲ့ ဒီလိုပဲ မှာခဲ့ရတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အခု ကိုယ့်အထက် ကိုယ့်ဆရာကြီးတွေ ကျွန်တော်တို့ကို ပြောပြသွားတာတွေမှာ အခုရလာတဲ့ အထောက်အထားတွေနဲ့ မဟပ်မိတာတွေ ရှိနေတယ်။

<u>တကောင်းစာအုပ်တိုက်</u>

ရှေးဟောင်းသုတေသနက မတူးဖော်ရသေးဘူး။ တချို့ မှတ်တမ်းတွေလည်း မတွေ့သေးဘူးဆိုရင် သူတို့ရေးတဲ့အထဲမှာ တချို့အကြောင်းအရာတွေ ဘယ်မှာ ပါနိုင်မလဲ။ ဒါတွေကို ကျွန်တော်က ဖြည့်တယ်။ ကျွန်တော် ပြောတာထဲ မပါတာကို ကျွန်တော့်တပည့်က နောင်အခါ ဖြည့်ရမှာပဲ။

ဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့ ဒီလိုပြောတာ တချို့က မလွန်ဘူးလားလို့ မေးတယ်။ ကျွန်တော်တို့က ကျွန်တော်တို့ ဆရာရဲ့ အမှားကို ပြင်တယ်ဆိုတော့ လူသာမန်အနေနဲ့ မကြိုက်ဘူးပေါ့။ နည်းနည်းအကဲ အပိုပြောတယ်လို့ ထင်နိုင်စရာ ရှိတယ်။ တချို့ကလည်း ဒီလူ သူ့ကိုယ်သူ သိပ်တော်တယ်လို့ထင်တာလို့ ပြောသံလည်း ကြားဖူးပါတယ်။ ဆရာ သမားလူကြီးမိဘစော်ကားရင် မြေမျိုလိမ့်မယ်လို့လည်း ခြိမ်းခြောက်ပါ တယ်။ ဒါပေမဲ့ ကျွန်တော် ခုနက ပြောသလိုပဲ ကိုယ်ကိုယ်တိုင်ရေးတာ လည်း အနှစ်နှစ်ဆယ်လောက် ကြာတဲ့အခါ ပြင်ရတာရှိတယ်။ ဖြည့်တာ ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ ရေးတဲ့စာကတော့ ဘယ်တော့မှ ရပ်နား လို့ မရဘူး။ ဆက်သွားနေမှာပဲ။

တခြားနိုင်ငံ၊ တခြား ဘာသာရပ်တွေကို သုတေသနလုပ်သူတွေလည်း ကျွန်တော်တို့လိုပါပဲ။ သူတို့ကိုယ်တိုင် ရေးခဲ့တဲ့ စာအုပ်တချို့က ပုံနှိပ်ပြီး စာအုပ်ဆိုင်က စင်ပေါ်ရောက်ရင်ပဲ ဒီစာအုပ်ဟာ ခေတ်နောက်ကျသွားပြီ။ ပုံနှိပ်နေရတဲ့ အချိန်ကာလမှာ ပေါ်လာတဲ့ နောက်ဆုံးအသိတွေ မပါနိုင်တော့ဘူးလို့ ဆိုလိုတယ်။ စာတမ်းတစ်ခု မြန်မြန်ရေးပြီး ဆက်ရ၊ ဖြည့်ရ၊ ပြင်ရပြန်တယ်။ ကျွန်တော်တို့ မြန်မာသမိုင်း သုတေသန မှာတော့ အသိသစ်က အခု ပြောသလောက် မြန်မြန် မပေါ်ပေါက်နိုင်လို့ နောက် အနှစ်နှစ်ဆယ်ကြာရင် ပြန်ပြင်ရမယ်လို့ ပြောရတာပါ။ ပြီးတော့ ငါပြင်ချိန် မရလည်း ငါ့တပည့်တွေ တာဝန်ပေါ့လို့ ပြောရတာပါ။

## တကောင်းစာအုပ်တိုက်

အဲဒါကြောင့် ကျွန်တော်တို့ဟာ စာရေးဆရာ မဟုတ်ပေမယ့် အမြဲ စာရေးနေရတယ်လို့ ပြောခဲ့တာ ဖြစ်ပါတယ်။ နောက်ဆက်ပြီး ကျွန်တော် စုဆောင်းထားတဲ့ မှတ်တမ်းတွေဟာ ဘာတွေလဲလို့ နည်းနည်းပြောပြချင် ပါသေးတယ်။

သမိုင်းကို ကျွန်တော်တို့ ရေးတော့မယ်ဆိုတဲ့အခါကျတော့ကာ ပထမ အထောက်အထား ရှာရမယ်။ အထောက်အထား မရှိဘဲနဲ့ သမိုင်း မဖြစ်ပါဘူး။ အထောက်အထားမရှိဘဲ ရေးတာတွေကို ကျွန်တော်တို့ သမိုင်း စစ်စစ်လို့မခေါ်နိုင်ပါဘူး။

စာနဲ့ ရေးပြီးသား မှတ်တမ်း အထောက်အထား မရှိရင် အင်္ဂလိပ် ဘာသာစကားနဲ့ Prehistoryလို့ခေါ်ပါတယ်။

မြန်မာလိုPrehistory ကို 'အကြိုသမိုင်း'လို့ရေးပါတယ်။ အထောက် အထား နည်းနည်းလေး ရှိတယ်ဆိုပါတော့။ (ဥပမာ) နံရံမှာ အရုပ်ရေးပြီး အကြောင်းအရာတစ်ခုကို ပြောထားတာမျိုးရှိတဲ့ ခေတ်ကို Protohis tory 'အစသမိုင်း' လို့ခေါ်ပါတယ်။

အဲဒီတော့ Prehistory အကြိုသမိုင်း၊ Protohistory အစသမိုင်းပြီး မှ အက္ခရာတင်ပြီးရှိတဲ့ အထောက်အထားအရ ရေးတဲ့စာက History သမိုင်း ဖြစ်ပါတယ်။ အရင်က Prehistory, Protohistory ကို မြန်မာလို ဝေါဟာရတွေ ထွင်ပြီးသား မရှိပါဘူး။ တစ်ခါတစ်ရံ Prehisory ကို သမိုင်း မှတ်တမ်းမတင်မီခေတ်လို့ ရေးတာ ရှိတယ်။ ကျွန်တော်တို့ ခေတ်ကျမှ အကြိုသမိုင်း၊ အစသမိုင်းလို့ထွင်ပြီး သုံးခဲ့ပါတယ်။

ပြီးတော့ မြန်မာဘာသာနဲ့ ကမ္ဘာရဲ့ အကြိုသမိုင်း၊ အစသမိုင်းတွေ ကို ကျယ်ကျယ်ပြန့်ပြန့် ရေးထားတဲ့ စာအုပ်လည်း များများမရှိဘူး။ ဒီလိုမရှိ

တော့ ရှိအောင် ရေးဖို့ လိုတာနဲ့ ကျွန်တော်က မြန်မာအကြိုသမိုင်းဆိုပြီး ဆောင်းပါးတွေ ရေးတယ်။ ခေတ်ဟောင်းမြန်မာရာဇဝင်မှာလည်း အခန်း တစ်ခန်းထည့်တယ်။

အဲဒီအခန်းကို ပြင်ရေးဖို့ကောင်းတာ ကြာပြီ။ မရေးဖြစ်သေးတာ ကျွန်တော့်အပြစ်ပါပဲ။ အဲဒီစာအုပ်ကို ကျွန်တော် ရေးတုန်းက ဗဒတ်လိုင် မတွေ့သေးဘူး။ တောင်သမန် အကြိုသမိုင်းနေရာကို မတူးရသေးဘူး။

လက်ပံခြေပေါ် တို့၊ ဆားလင်းကြီးတို့မှာ ရှိတဲ့ အကြိုသမိုင်းနေရာ တွေလည်း မတူးရသေးဘူး။ ကျွန်တော်ရေးပြီးတော့မှ ဒါတွေ တွေ့တယ်။ အဲဒီတော့ ကျွန်တော်ရေးခဲ့ပြီးတာမှာ မြန်မာအကြိုသမိုင်း၊ နောက်ထပ် တွေ့ထားတာတွေ ထပ်ဖြည့်ရမယ်။ စောစောက ကျွန်တော့်ယူဆချက်တွေ ကို ပြင်ရမယ်။ ဒီလိုပဲ ပုဂံကို အရင်နှစ်ပေါင်း ၁၀၀၀ ကျော်ကပဲ တည် ထောင်ခဲ့တယ်လို့ ပြောခဲ့ကြတယ်။

ဒါပေမဲ့ မြန်မာစာနဲ့ရေးတဲ့ မှတ်တမ်းက ၈၀၀ လောက် မှ စပြီးတွေ့ တယ်။ အနှစ် ၂၀၀ ကွာနေတယ်။ အဲဒါ အနှစ်၂၀၀ အတွင်း ဘာတွေဖြစ် သလဲဆိုတာကို ကျွန်တော်တို့ ဘာကိုမှီးပြီး ပြောရမလဲ။ ပါးစပ်ပြော ရှိသင့် သလောက် ရှိပေမယ့် ရိုးရိုးပြောရရင် လိုက်မပြောရဲဘူး။ ရှေးဟောင်းသုတေ သနကလည်း ကိုယ်လိုချင်သလောက် မြန်မြန်သွက်သွက် နေရာအနှံ့ တူး မပေးနိုင်ဘူး။

အဲဒီတော့ ပြင်စရာ အချက်အလက်တွေ မြန်မြန်ရချင်တိုင်းလည်း မရဘူး။ စောင့်ရမှာပဲ။ ပုဂံမြို့တည်ရင် မြို့ရိုးရယ်၊ ကျုံးရယ်၊ နန်းတော်ရယ် ပြိုင်တူ ဆောက်မယ် ထင်တယ်။ အဲဒါကြောင့် ပုဂံမှာ အဟောင်းဆုံး အဆောက်အအုံဟာ မြို့ရိုးဖြစ်မယ်လို့ ပြောလိုက်မိတယ်။ ဘယ်လောက်

ဟောင်းသလဲ မေးရင် ခရစ်နှစ် ၈၄၉ လောက်က လုပ်တဲ့ မြို့ရိုးဖြစ်မှာပဲ လို့ ပြောရင် မမှားတန်ရာလို့ ဆက်ပြောမိသေးတယ်။ အခု မနေ့တစ်နေ့က ပုဂံမြို့ရိုးကို တူးကြတယ်။

အခုမှတူးတာ ကျွန်တော် မနေ့တစ်နေ့က ရောက်ခဲ့တယ်။ ပုဂံမြို့ရိုးကို သွားကြည့်တဲ့အခါကျတော့ ပုဂံပျက်ခါနီးရောက်လို့ ရန်သူတွေလာတယ်ဆိုမှ ကမန်းကတန်း လုပ်ရတဲ့ မြို့ရိုးဖြစ်တာ တွေ့ရတယ်။ ဒီမြို့ရိုးဟာ ဘယ်နည်းနဲ့မှ ခရစ်နှစ် ၈၄၉ က တည်ဆောက်တာ မဟုတ်ဘူး။ အခု ကျွန်တော်တို့ ပြင်ရေးရတော့မယ်။ ခရစ်နှစ် ၁၂၇၀ ကျော်၊ ၁၂၈၀ လောက်ကမှ လုပ်တဲ့မြို့ရိုး ဖြစ်နေပါတယ်။ မြို့တည်တဲ့အခါ၊ မြို့ရိုးတင်တဲ့ အခါ လူစတေးတယ်ဆိုတာ ဟုတ်သလိုလို ထင်ရတယ်။ သက်သေအထောက်အထား ရှိတယ်လို့ ထင်ပါတယ်။ ကျွန်တော့်ကို မပြဘဲ ထားပါတယ်။

ပျက်ခါနီးလား၊ ပုဂံပျက်ခါနီးလား။

အင်း ပျက်ခါနီး၊ ပုဂံပျက်ခါနီး။

ဘယ်ဟာမျိုးကို ရေးပြီးမှ ပြင်ရသလဲမေးရင် ပုဂံမြို့ရိုး အကြောင်းကို နမူနာတစ်ခုအနေနဲ့ ထောက်ပြရမှာပါပဲ။ အဲဒီတော့ ကျွန်တော့်အထက်က ဆရာတွေ ရေးခဲ့တဲ့စာမျိုးကို သူတို့ရေးတုန်းက ဒါမှ မသိဘဲကိုးလို့ ပြောရုံပဲ။

ကျွန်တော်လည်း ဒီလိုပဲ ရေးတာပဲ။ ကိုယ်ချင်းစာမိပါတယ်။ မန္တလေးမြို့ တည်တဲ့အခါကျတော့ကာ မြို့ရိုးရယ်၊ ကျုံးရယ်၊ ပိဋကတ်တိုက်ရယ်၊ နန်းတော်ရယ် ပြိုင်တူ ပန္နက်ချခဲ့တယ်ဆိုတော့ အရင့်အရင်က မြို့တည်တာမှာလည်း ဒီလိုပဲ လုပ်မှာပဲ ထင်တာပေါ့။ အဝမြို့တုန်းကလည်း ဒီလိုပဲ လုပ်တယ်။ အဲ အမရပူရ တည်တုန်းကလည်း ဒီလိုပဲ လုပ်တယ်။

## တကောင်းစာအုပ်တိုက်

ပုဂံတည်တုန်းကလည်း ဒီလိုပဲ လုပ်ခဲ့မှာပဲလို့ ထင်လို့ ကျွန်တော်တို့ မြို့ရိုးကို မြို့ရဲ့အဦးအစကတည်းက ရှိတဲ့နေရာလို့ ထင်တာပေါ့။ အခုမှ မြို့ပျက်ခါနီးမှလုပ်တဲ့ မြို့ရိုး ဖြစ်တာ သိရတယ်။ အဲဒါကြောင့် ကျွန်တော် တို့မှာ ပြောစရာတွေ ခဏခဏ ရှိလာတတ်တယ်လို့ ပြောရပါတယ်။

အဲဒီ ပြောခဲ့ပြီးတဲ့ အချက်တွေကြောင့် ကျွန်တော်တို့ ကျမ်းရေးချင်တဲ့အခါ မှတ်တမ်းရသလောက် စုရတယ်။ စုဆောင်းပြီးသမျှကိုလည်း မကျန်ရအောင် ဖတ်ရတယ်။ ရှေးကျတဲ့မှတ်တမ်းဆိုရင် ပေနဲ့ ပုရပိုက် နဲ့ ရှိတာ များမယ်။ ကျောက်စာလည်း ရှိပါသေးတယ်။ ပေနဲ့ ပုရပိုက် ယှဉ်ကြည့်ရင် ပေက ပိုစောတယ်။ ပုရပိုက်က နောက်ကျတယ်။ တစ်ခါတစ်ခါ တော့လည်း ပုရပိုက်နဲ့ အကြမ်းရေးပြီး ပေမှာ အချောကူးတာလည်း ရှိတတ်ပါတယ်။

ပုရပိုက်က သိပ်ကြာကြာခံတာမှ မဟုတ်တော့ အခု လက်ရှိပြောရရင် ပေက ပိုကောင်းတယ်။ ပေသက် တစ်ထောင်လို့ ဆိုပေမယ့် ဒါလောက် ဟောင်းတာ မရှိသလောက်ပါပဲ။ ကျွန်တော်တို့ တွေ့ဖူးတာတော့ အရင် အနှစ်နှစ်ရာ၊ သုံးရာလောက်က ပေပဲ တွေ့ဖူးတယ်။ ၁၈၂၀-၃၀ လောက် က ပေတွေပဲ အတွေ့များတယ်။ ပေရဲ့အသက်ကို ကျွန်တော်တို့က ဘယ်လို တွက်သလဲဆိုရင် ပေပေါ်မှာ ကျမ်းကို ကူးတဲ့လူက ကူးပြီးတဲ့ ရက်စွဲကို ကျမ်းအဆုံးမှာ ရေးတတ်လို့ ဖြစ်ပါတယ်။ အဲဒီရက်စွဲဟာ ပေရဲ့အသက် ပေါ့။

ဒါ့ထက် စောတဲ့မှတ်တမ်း လိုချင်လို့ကတော့ ကျောက်စာပဲ ရှိမယ်။ အဲဒါကြောင့် ကျွန်တော်တို့ ကျောက်စာကို စုတယ်။ ကျောက်စာကို စုတယ် ဆိုတာမှာလည်း တချို့နေရာမှာ ကျောက်စာတွေ့ပေမယ့် တချို့နေရာမှာ

မရှိဘူး။ တချို့ခေတ်မှာ များပေမယ့် တချို့ခေတ်မှာ နည်းတယ်။ ပြီးတော့ ကျောက်စာထဲမှာရော ကိုယ်လိုချင်တဲ့ သမိုင်းအချက်အလက်တွေ အကုန် ပါသလား မေးရင် မပါဘူးလို့ပဲ ဖြေရမယ်။ အဲဒီစကားကို ပိုရှင်းအောင် အခုကျောက်စာတွေအကြောင်းကို ပြောမယ်။ မြန်မာနိုင်ငံမှာ ခရစ်နှစ် ခုနစ်ရာစုနှစ်လောက် က စပြီးတော့ ကျောက်စာတွေ တွေ့ရတယ်။ ရေးတဲ့ လက်ရေးကတော့ အိန္ဒိယမှာ လေးရာစုနှစ်လောက်က ရေးတဲ့ လက်ရေးမျိုး ပဲ။

ရှေးကတော့ ပြောင်းလဲမှု နှေးလို့ ခရစ် လေးရာစုနှစ်လောက်က ရေးတဲ့ပုံစံကိုပဲ ကျောက်တုံးမှာ ခြောက်ရာစုနှစ်၊ ခုနစ်ရာစုနှစ်၊ ရှစ်ရာစု နှစ်တွေအထိ တွေ့ကြရတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာ တော်တော်စော စောက ကျောက်စာကိုပဲ ခုနစ်ရာစုနှစ်လောက်က ကျောက်စာပဲ ဖြစ်တယ် လို့ ကျွန်တော် ထင်ပါတယ်။ သက္ကဋ္ဌနဲ့ ရေးခဲ့ပါတယ်။ နောက် ဗြာဟ္မဏ အယူအဆနဲ့ ဆိုင်တာက စတွေ့ပါတယ်။ နောက်မှ မဟာယာန ဗုဒ္ဓ သာသနာနဲ့ဆိုင်တာ တွေ့လာတယ်။ အဲဒီနောက်မှာ ရှစ်ရာစုနှစ်လောက် ရောက်တဲ့အခါမှာ ပါဠိဘာသာနဲ့ ရေးတဲ့ ကျောက်စာတွေ တွေ့လာတယ်။ မွန်ဘာသာနဲ့ ရေးတဲ့ကျောက်စာလည်း ပျူကျောက်စာနဲ့ ခေတ်ပြိုင် ဖြစ် တယ်။ မြန်မာဘာသာနဲ့ ရေးတာတွေကတော့ ၁၁ ရာစု နှစ်ဝက်ရောက် မှတွေ့ပါတယ်။

ပျူစာ၊ မွန်စာတွေ ပြီးတဲ့အခါကျတော့ မြန်မာစာနဲ့ ရေးတဲ့ ကျောက် စာတွေ့တယ်။ တွေ့တဲ့နှစ်က ၁၁ ရာစုနှစ် နှစ်ဝက်လောက် ဖြစ်သွားတယ်။ ပထမ ကျွန်တော်တို့ ကျောက်စာရှိသမျှ အကုန်စုတယ်။ စုပြီးတော့ အဲဒီ အတိုင်းပဲ ပုံထားရင် ဘာမှ အသုံးမဝင်ဘူး။ ကျောက်စာတွေ စုပြီးတော့ ဖတ်ရမယ်။ တည်းဖြတ်ပြီးတော့ စာအုပ်ဖြစ်အောင် လုပ်မယ်။ ဒါမှ လူ

အများလည်း သုံးနိုင်မယ်။ အဲဒါလည်း ကျွန်တော့်ရည်ရွယ်ချက်တစ်ခုပါပဲ။ ကျောက်စာတွေ စုသလို သချိုင်းတွေမှာရှိတဲ့ သချိုင်းစာလည်း စုပြန်တယ်။ ဘယ်သူဘယ်လိုဝန်ထမ်းခဲ့တယ်။ ဘယ်အခါမှာ ဘာကြောင့်သေတယ်ဆိုတာမျိုး သိနိုင်လို့သချိုင်းမှတ်တမ်းဟာလည်း သမိုင်းမှာ သုံးနိုင်တယ်ပေါ့။ သချိုင်းမှတ်တမ်းနဲ့ စာအုပ်တစ်အုပ် ရေးဦးမှပဲလို့ ရေးစရာ ရပြန်တယ်။ နောက်တစ်ခါ ဒီလိုပဲ ရောက်ရာအရပ်မှာ ရှေးပစ္စည်းတွေ စစ်ဆေးမယ်၊ လေ့လာမယ်ဆိုတဲ့အခါကျတော့ ဘုရားဆင်းတုတွေလည်း သမိုင်းမှတ်တမ်းပဲပေါ့။ ဘုရားဆင်းတုက ဘယ်နှခုနှစ်က ဘယ်သူ့ရဲ့ကောင်းမှုဆိုပြီး စာပါရင် ဘုရားဆင်းတုသမိုင်းရေးဖို့ဖြစ်လာပြန်တယ်။ ဆင်းတုရဲ့ဟန် Style၊ ပုံစံ Type ကို ကြည့်ပြီး ခေတ်ခွဲနိုင်တယ်။ အဲဒါနဲ့ 'ရက်စွဲပါ ဗုဒ္ဓ ဆင်းတုတော်များ သမိုင်း' ဆိုပြီး ရေးရပြန်တယ်။

ရှေးရှေးတုန်းက ကျန်ရစ်တဲ့ မြေအိုးအမျိုးမျိုးဟာလည်း သမိုင်းကြောင်းကို ဖော်နိုင်တယ်။ အကြိုသမိုင်းမှာ အိုးကိုပဲ သမိုင်းအထောက်အထားအဖြစ်နဲ့ သုံးနိုင်တယ်။

အိုးတွေအကြောင်းလေ့လာလို့ရှိရင် တစ်ခါတည်း လူနေမှု ဘယ်လိုရှိခဲ့တယ်ဆိုတာ အသင့်အတင့်နားလည်နိုင်တယ်။ ဒါနဲ့ အိုးတွေ စုပြီး လေ့လာတယ်။ 'မြန်မာနိုင်ငံ အိုးသမိုင်း'ရယ်လို့ စာတမ်းတစ်စောင် ရေးဖြစ်ပြန်တယ်။

အဲ အဲဒီလိုသဘောနဲ့ ကျွန်တော်က အရင် အနှစ် သုံးဆယ်အတွင်းမှာ သမိုင်းအထောက်အထားတွေ စုခဲ့တယ်ပေါ့ဗျာ။

အဲဒီတော့ စုတာတွေက ထောင့်တော်တော်လေး စုံတယ် ဆိုရမယ်။ စုထားတဲ့ အကြောင်းအချက်မျိုးတစ်ခုစီကို စာအုပ်တစ်အုပ်စီ ရေးပြီးတော့ ထုတ်မယ်လို့လည်း ဆန္ဒရှိခဲ့ပါတယ်။

## တကောင်းစာအုပ်တိုက်

အဲဒီဆန္ဒတွေအတိုင်း အခုထိကျွန်တော် ရေးပြီးသမျှတွေကို ခင်ဗျား တို့ သိပြီပဲပေါ့။ ဆက်လုပ်ဖို့လည်း လျာထားပြီးသား ရှိတယ်။ လုပ်ပြီးတာ တွေရဲ့ စာရင်းလည်း အပြည့်အစုံ ရှိတယ်။ အဲဒီစာရင်းကို လိုချင်ရင် ကူး ယူပေါ့။

အဲဒီစာရင်းအရ လုပ်ပြီးတာတွေကို ဆက်ရေးဖို့ကျန်သေးတာကိုလည်း ဆက်လုပ်ဦးမှာပဲ။ အဲဒါ အကျဉ်းချုပ်ပါပဲ။ အခု ပြောပြီးတာက ကျွန်တော် ဘာလုပ်ခဲ့တယ်၊ ဘာဆက်လုပ်မယ်ဆိုတာရဲ့ အကျဉ်းချုပ် တင်ပြတာ ဖြစ်ပါတယ်။

ခင်ဗျားတို့ အဲဒီအပေါ်မှာ မှီပြီး ဘာများ မေးလိုပါသလဲ။ အခု လုပ်ပြီးသားစာရင်းဆိုတာမှာ ၁၉၉၀ ပြည့်နှစ် က နိုင်ငံခြားက ပြန်လာပြီးမှ ကျွန်တော် ရေးတဲ့စာတွေ မပါသေးဘူး။

ဆရာ စာအုပ်ပေါင်း အများကြီး ထုတ်တာပဲ။

အဲ စာအုပ်၊ ဆောင်းပါးနှစ်မျိုးစလုံးပါပဲ။ မြန်မာဘာသာနဲ့ ရေးတာ ရှိသလို အင်္ဂလိပ်ဘာသာနဲ့ ရေးတာလည်း ပါတယ်။ အတော် များများကတော့ အင်္ဂလိပ်ရော မြန်မာပါ ရေးပြီးရှိတယ်။ နောက်ပြီးတော့ သူများတွေ ရေးထားတဲ့ စာအုပ်တွေကို တည်းဖြတ်ထားတာတွေ ပါပါ တယ်။

အဲဒီမှာ တစ်ခုရှိသေးတယ်။ သုတေသန မလုပ်ဘဲနဲ့ အပျင်းပြေ လုပ်ထားတာတွေလည်း ရှိတယ်။ ကျွန်တော် အပျင်းပြေ လုပ်တယ်ဆိုတာ က ကျွန်တော်က စာအုပ်လည်း စုတာ ဝါသနာပါတယ်လေ။ တော်တော် ဟောင်းဟောင်းစာအုပ်တွေကို စုတယ်။ နောက်ပြီးတော့ကာ ဖတ်သင့် ဖတ်ထိုက်တဲ့ စာအုပ်တွေကို စုတယ်။ ဝတ္ထုစာအုပ်လည်း ပါတာပေါ့။

## တကောင်းစာအုပ်တိုက်

စုထားတဲ့စာအုပ်ကလည်း ရည်ရွယ်ချက်နဲ့ စုတာပါ။ ဒီစကားကို ရှင်းပြပါမယ်။ ကျွန်တော်က မြန်မာစာပေသမိုင်း ရေးချင်တယ်။ သူများတွေ စာပေသမိုင်း ဘယ်လိုရေးသလဲ သိချင်တယ်။

ဒါကြောင့် အင်္ဂလိပ်စာပေသမိုင်း၊ ပြင်သစ်စာပေသမိုင်း၊ တရုတ်စာပေသမိုင်း၊ ပါဠိစာပေသမိုင်း ဆိုတာတွေ စုပါတယ်။ ဒီစာအုပ်တွေကို ဖတ်ပါတယ်။ အဲဒီလိုပဲ Prehistory မြန်မာအကြိုသမိုင်းကို ရေးချင်တဲ့အခါ အင်္ဂလန်နိုင်ငံ အကြိုသမိုင်း၊ အိန္ဒိယနိုင်ငံအကြိုသမိုင်း၊ တောင်အာဖရိက ရဲ့ အကြိုသမိုင်းဆိုတဲ့ စာအုပ်တွေ ရသလောက် စုတယ်။

နောက်တော့ တစ်ခါ ထင်ရှားတဲ့ပုဂ္ဂိုလ်များရဲ့ အတ္ထုပ္ပတ္တိ ရေးဖို့ ကြံလာတော့ အဲဒီအတ္ထုပ္ပတ္တိကို ဘယ်လိုရေးကြသလဲ ဆိုပြီး စာအုပ်တွေ စုရ ဖတ်ရပြန်တယ်။ လင်ကွန်းအတ္ထုပ္ပတ္တိ ဘယ်လိုရေးသလဲ၊ လူဖတ်ကောင်းအောင် ဘယ်လိုလုပ်သလဲ ဆိုတာမျိုးတွေပါ မကျန် ကျွန်တော် လေ့လာတယ်။ ပြီးတော့ မြန်မာနိုင်ငံသမိုင်းအတော်များများကို အင်္ဂလိပ် ဘာသာနဲ့ ရေးမယ်လည်း ဆုံးဖြတ်တယ်။ ဒီတော့မှ ကမ္ဘာက မြန်မာမှုတွေ သိမှာပဲ ဆိုတဲ့ သဘောပါပဲ။

တချို့လည်း စရေးကတည်းက အင်္ဂလိပ်လို ရေးတယ်။ မြန်မာ ဘာသာနဲ့ လိုချင်တယ်လို့ နောက်လာပြောမှ ကျွန်တော် မြန်မာပြန်ပေးတာ တွေလည်း ရှိတယ်။ ရှေးတုန်းကတော့ အင်္ဂလိပ်လိုပဲ ရေးတယ်။ ဥပမာ ရွှေကျင်သာသနာ အကြောင်းကို နိုင်ငံခြားသားက သိချင်လို့ မေးတဲ့အခါ ကျွန်တော်က "ရွှေကျင်သာသနာကို ဘုန်းကြီးတွေ ရေးထားတဲ့စာအုပ်တွေ ရှိတယ်။ အဲဒါတွေ ယူဖတ်ပါလား" လို့ ပြောတော့ သူက မဖတ်တတ်ဘူးပေါ့ လေ။ မဖတ်တတ်တာက အခြေခံ ဗဟုသုတမရှိ ဘုန်းကြီးတွေရေးတဲ့စာမျိုး

က ပါဠိ ဝေါဟာရတွေ သွင်းပြီး ရေးလို့ နားမလည်ဘူး။ ပြီးတော့ နည်းနည်းခဲ့နေတတ်ကြတယ်။ ဥပမာ မြန်မာအကြောင်း ပြောပါဆိုရင် 'စကြာဝဠာကြီးတွင် မှီတင်းနေထိုင်ကြကုန်သော သတ္တဝါအများသည်' က စတာပဲဗျ။ ဒီလိုမဆိုင်တာလည်း တော်တော်များများ ပါတယ်။ သူတို့က တိုတိုကျဉ်း ကျဉ်းနဲ့ လိုသလောက်ပဲ သိချင်တယ်။ ရေးပေးပါ ဆိုတော့ ကျွန်တော်က အင်္ဂလိပ်လို ရေးပေးလိုက်တာပဲ။ နောက်မှ မြန်မာလို ပုံနှိပ်ဖို့ စာမူတောင်း သူရှိလို့ မြန်မာလို ရေးပြန်တယ်။ စာမူယူထားတဲ့ လူက သေဆုံးသွားတယ်။ ကျွန်တော်ကလည်း နိုင်ငံခြားရောက်နေတယ်။ အခု ဒီစာမူ ဘယ်ရောက် နေသလဲလို့ ကွယ်လွန်သူရဲ့ဇနီးကို မေးတော့လည်း မသိဘူးတဲ့။ အဲဒီတော့ ထပ်ပြီး ရေးရပြန်တယ်။ အင်္ဂလိပ်လိုစာအုပ်ဖတ်ကောင်းရင်လည်း မြန်မာ လိုပြန်ချင်စိတ်ပေါက်တယ်။ မြန်မာလိုစာအုပ်ဖတ်ကောင်းရင်လည်း အင်္ဂလိပ်လိုပြန်ချင်တာပဲ။ ဥပမာ ကျွန်တော် ငယ်ငယ်တုန်းက မော်ဘီ ဆရာသိန်း ရေးတဲ့ အရှုံးလွယ်အိတ်၊ နောက်ပြီးတော့ ပါးစပ်ရာဇဝင် ဆိုတာ တွေ ဖတ်ဖူးတယ်။ ပါးစပ်ရာဇဝင်ကို ကြိုက်လို့ ကျွန်တော် ပထမတွဲ၊ ဒုတိယ တွဲ နှစ်တွဲစလုံး မြန်မာဘာသာကနေ အင်္ဂလိပ်ဘာသာပြန်လိုက်တာပဲ။ နောက် ဒေါ်အမာရဲ့ အငြိမ့်ဆိုရင် ပထမတွဲ၊ ဒုတိယတွဲ ရှိတယ်။ နိုင်ငံခြား သားတွေ မြန်မာနိုင်ငံရောက်ရင် အငြိမ့်ကြည့်ကြမယ်။ သူတို့ သိချင်တာ တွေ မေးမယ်။ ဒေါ်အမာရဲ့ စာအုပ်ကို အင်္ဂလိပ်ဘာသာနဲ့ ရှိဖို့ ကောင်း တယ်ဆိုပြီး ကျွန်တော်က အင်္ဂလိပ်လို ပြန်လိုက်တာပဲ။

နောက် လူထုဦးလှက ပုံပြင်တွေစုပြီး စာအုပ် ၄၂ အုပ် ထုတ်သွား တယ်။ သူ မသေခင်အထိ ပေါ့လေ။ သူက အုပ် ၆၀ ထိ ရေးမယ်လို့တော့ ပြောဖူးတယ်။ ဒါပေမဲ့ ၄၂ အုပ်ပဲ ထွက်ခဲ့တယ်။ အဲဒါ ကျွန်တော် လက်ဖက် ရည်ဆိုင်ထိုင်တိုင်း ရယ်ရင်းမောရင်း သူများအကြောင်း မကောင်းပြောရင်း အင်္ဂလိပ်လို ပြန်တာ ၂၂ အုပ် ပြီးတယ်။ အားလုံး ပြည့်စုံအောင် ဘာသာ ပြန်ပြီး ပုံနှိပ်လိုတဲ့ ဆန္ဒရှိပါတယ်။

## <u>တကောင်းစာအုပ်တိုက်</u>

တစ်ခုခုရေးတော့မယ်ဆိုရင် ပြောတဲ့အတိုင်း ပထမ ဆိုင်ရာ စာအုပ်စာတမ်း စုပါတယ်။ နမူနာယူဖို့ သူများနိုင်ငံက စာအုပ်တွေလည်း ရှာပြီး ဖတ်တယ်။ ဥပမာအားဖြင့်Folk Tales ပုံပြင်တွေ သူတို့ ဘယ်လို ရေးကြ သလဲ သိချင်တာနဲ့ ပုံပြင်တွေ စုတယ်။ စုရင်းနဲ့ ဖတ်တယ်။ ဖတ်ပြီးတော့မှ မနုဿဗေဒ စာတစ်စောင် ဖြစ်အောင် ဘယ်လို ရေးရမလဲဆိုတာ သဘော ပေါက်ပါတယ်။ ဒါအတွက် စာအုပ်စုပြန်တယ်။ ဒီလိုနဲ့ ကျွန်တော့်မှာရှိတဲ့ စာအုပ်အရေအတွက်ဟာ သိပ်များလာတယ်။ အခု အဲဒါမျိုးတွေကို လက်စသတ် ရတော့မှာပေါ့လေ။ လက်စ သတ်ရမယ်။

ဒေါ်အမာရဲ့စာအုပ်ကို ကျွန်တော် အင်္ဂလိပ်လိုပြန်တော့ ဒေါ်အမာကိုပဲ ဖတ်ခိုင်းပါတယ်။ ဘာသာပြန်နဲ့ ပတ်သက်ပြီး သူပြင်စေချင်တာ ပြင် ပြီး ကျွန်တော်က လက်နှိပ်စက်နဲ့ ရိုက်ပါတယ်။ အဲဒီတော့ ဦးလှကေ 'ပြည်သူချစ်သော အနုပညာသည်' ကမှ ဘာသာပြန်ဖို့ ပိုကောင်းတာကွ ဆိုတော့ အဲဒါလည်း လုပ်ချင်သေးတယ်။ အဲဒီလိုပဲ သိန်းဖေမြင့်က ကျွန်တော့်ကို ပြောတယ်။ 'အရှေ့က နေဝန်းထွက်သည့်ပမာ' ကွာ၊ ရုရှားလိုတော့ ရှိတယ်တဲ့။ အင်္ဂလိပ်လိုတော့ မရှိသေးဘူးတဲ့။ ဒါနဲ့ ကျွန်တော် ရေးလိုက်မယ် ဆိုပြီး အင်္ဂလိပ်လို ဘာသာပြန်နေတယ်။ အဲဒီလိုပေါ့လေ။ လုပ်ငန်းက လုပ်ရင်း လုပ်ရင်း ကျယ်လာတယ်။ လျော့သွားတယ် မရှိလှဘူး။ အဲဒါတွေက သမိုင်းသုတေသနလောက် မပင်ပန်းဘူး။ သူများရေးထားတာကြည့်ပြီး ကျွန်တော်ရေးရတော့ သက်သာတယ်။ ပျော်လည်း ပျော်တယ်။ အဲဒီလို အပျော်လုပ်ထားတာတွေ၊ မြန်မာက အင်္ဂလိပ်လိုပြန်၊ အင်္ဂလိပ်က မြန်မာလို ပြန်ထားတာတွေရှိတယ်။ အကြိုသမိုင်းအကြောင်း မြန်မာဘာသာပြန် ရေးထားတာ သိပ်နည်းသေးတယ်။ ဒါကြောင့် အကြိုသမိုင်းစာအုပ်တွေကို အင်္ဂလိပ်ဘာသာက ကျွန်တော် မြန်မာပြန်ထားတာ ရှိတယ်။ အဲဒီလိုပဲ တရုတ်ပြည်

ရဲ့ နောက်ဆုံး ဧကရာဇ်ရဲ့ အတ္ထုပ္ပတ္တိတို့ကို အင်္ဂလိပ်ဘာသာက မြန်မာလို ပြန်ထားတာလည်း ရှိတယ်။ ပုယီအကြောင်းပေ့ါ။ တချို့ စာအုပ်တွေလည်း အပျင်းပြေ ရေးတာဆိုတော့ စာအုပ်အဖြစ် မထွက်လည်း မနှမြောလောက် ပါဘူး။ ကျွန်တော့်အလုပ်က ကျွန်တော်ဝါသနာပါလို့ လုပ်နိုင်တာ။ လုပ် တိုင်း ပြီးမြောက် အောင်မြင်တယ်လို့ ဘယ်ရှိနိုင်ပါ့မလဲ။

ဝါသနာပါတာကလည်း အညောင်းထိုင်တဲ့အလုပ်၊ အပျင်းပြေက လည်း ပန်းချီဆွဲတာ၊ စစ်တုရင် ကစားတာဆိုတော့ ညောင်းတာပဲ။ အိပ်တဲ့ မျက်စိပဲ အညောင်းဖြေချိန် ရှိတယ်။ သိပ်လည်း အကြာကြီး မအိပ်ပါဘူး။

ဆရာ့ နယ်လှည့်ရာဇဝင်က သုံးတွဲနဲ့ပဲ ပြီးသွားတာပဲနော်။

ဒါက မူလစိတ်ကူးတုန်းက အတွဲနှစ်ဆယ်ရေးမယ် စိတ်ကူးရှိတယ်။

နယ်လှည့်ရာဇဝင် ဆိုတာက ကျွန်တော်ရောက်ရာအရပ်မှာ သမိုင်း အထောက်အထား ဘာတွေရှိသလဲ ရှာဖို့သွားတဲ့ ခရီးနဲ့ ဘာတွေ တွေ့ခဲ့ရ တယ် ဆိုတဲ့ မှတ်တမ်း ဖြစ်ပါတယ်။ စရေးတုန်းကတော့ လူအများဖတ်ဖို့ ခပ်သွက်သွက် ရေးတယ်။ ဒါမှ ခပ်ပေ့ါပေ့ါ ဖတ်လို့ ရမယ်ဆိုပြီး ရေးတာပါ ပဲ။ လူအများ ခပ်ပေ့ါပေ့ါဖတ်ဖို့ ရေးတဲ့စာမို့လို့ပဲ ကျွန်တော်က အဖုံးမှာ 'ဒီစာအုပ် ဖတ်ကောင်းရမယ်လို့ အာမ မခံ' လို့ ရေးလိုက်တာ။

ဘာမှ လေးလေးနက်နက် မပါဘူးလို့ ဆိုလိုပါတယ်။ ဒါပေမဲ့ တကယ်က သိပ်မပေ့ါဘူး။ အဲဒီတော့ ကျွန်တော့်ရည်ရွယ်ချက် မအောင် မြင်ဘူးပေ့ါ။ အဲဒီ ရည်ရွယ်ချက် မအောင်မြင်တာ နောက်တစ်ခု ရှိသေး တယ်။ ကျွန်တော်က မြန်မာ့သမိုင်းကို အရုပ်နဲ့ပြချင်တယ်။ အဲဒီတော့ Story of Myanma told in Pictures ဆိုတဲ့ နာမည်နဲ့ သတင်းစာ ထဲမှာ စနေနေ့တိုင်း နှစ်တစ်ပတ်လည်အောင် ကျွန်တော် ရေးထည့်တယ်။

<u>တကောင်းစာအုပ်တိုက်</u>

အဲဒါလည်းပဲ ကျွန်တော်က သူများနိုင်ငံတွေက သူများသမိုင်းတွေလို အရုပ်နဲ့ ရေးတာ။ ဥပမာ Story of Britain told in Pictures ဆိုတဲ့ စာအုပ်မျိုးတွေ စုလေ့လာပြီး အရုပ်ဆွဲမယ့် ပန်းချီဆရာနဲ့ ညှိရတယ်။ အဲဒီတော့မှ ကျွန်တော် လိုချင်သလို အရုပ်တွေက မှန်မှန်ကန်ကန် ရမယ်။ ပြီးတော့ ကျွန်တော်က အင်္ဂလိပ်လို လူငယ်တွေ (ဆယ်တန်းကျောင်းသား အရွယ်) ဖတ်ဖို့ မှန်းပြီး ရေးတယ်။ ကျွန်တော်သုံးတဲ့စာတွေ ခက်နေတော့ ဆယ်တန်းကျောင်းသား မဖတ်နိုင်ဘူး ဖြစ်ပြန်တယ်။ ကျွန်တော့်ရည်မှန်းချက် မအောင်မြင်ဘူးပေါ့ (ရယ်မောလျက်) ရှုံးတာပေါ့။

အဲဒါတော့ သတင်းစာထဲမှာ အပြည့်အစုံပါတယ် မဟုတ်လား။

ပါပါတယ်။

စာအုပ် မထုတ်ဘူးနော်။ စာအုပ်ထုတ်ဖြစ်ရင် ကောင်းမယ်။

စာအုပ် မထုတ်ဖြစ်ဘူး။ သတင်းစာထဲမှာတော့ ရှိတယ်။ မြန်မာလို ထုတ်ဖို့ ကျွန်တော်က ဟိုလူ့ကို ခိုင်းတယ်ဗျ။ ပေါ်ဦးသက်ကို ခိုင်း တယ်။ ဒါပေမဲ့ ပြီးအောင် လုပ်မပေးဘူး။ ပြီးအောင် လုပ်မပေးတာကလည်း အကြောင်းက သူ့အပြစ်ရယ်၊ ကိုယ့်အပြစ်ရယ် မဟုတ်ပါဘူး။ ကျွန်တော် ဆိုလိုတာက ဟိုသမိုင်းနဲ့ဆိုင်တဲ့ ပုံဆွဲရမယ်ဆိုတော့ ခင်ဗျားတို့ထဲမှာ ပန်းချီဆရာ ပါသလား၊ ကိုယ့်ဘာသာ ကိုယ်တော့ ဆွဲချင်တာဆွဲ အရေးမကြီးဘူး။ သမိုင်းနဲ့ ပတ်သက်တဲ့ပုံ ဆွဲမယ်ဆိုရင်တော့ အဝတ်၊ အသုံးအဆောင်တွေ ခေတ်ဆန်နေလို့ မဖြစ်ဘူး။ ခေတ်အလိုက် ရှိနေရမယ်။ မှန်ရမယ်။ ဥပမာ ကျွန်တော် ခေတ်ဟောင်းမြန်မာရာဇဝင် စာအုပ်ကို ရေးတဲ့အခါမှာ ဒီစာအုပ်ထဲမှာ ပါတဲ့ ပုံတွေကို စာရေးသူကိုယ်တိုင် ဆွဲတယ်လို့ Title Page မှာ ရေးထားတာ ခင်ဗျားတို့ တွေ့မှာပါ။ ကျွန်တော် ပန်းချီဆရာကို အထင်

သေးလို့ မဟုတ်ဘူး။ ပန်းချီဆရာက မြတ်စွာဘုရား ပဥ္စဝဂ္ဂီငါးဦးကို တရား ဟောဟန်မှာ ဘုရားက ကျောက်ဆင်းတုပုံ၊ တပည့် ငါးယောက်က မြန်မာ လူမျိုးတွေ ရေးရင် ပန်းချီကောင်းကောင်း ဖြစ်ပေမယ့် သမိုင်းသဘောနဲ့ ကြည့်ရင် မကြိုက်ဘူး။

ပုဂံခေတ်က အရုပ်ကို ဆွဲတယ်ဆိုပါတော့။ ပုဂံခေတ် နံရံမှာရှိတဲ့ အရုပ်တွေ လေ့လာပြီးမှ ဆွဲသင့်တာပေါ့။ အဲဒီတော့ သိပ်လက်မသွက်ဘူး။ ကျော်မိုးသာတို့လို တပည့်တွေ ရှိပါတယ်။ ပုဂံခေါ်သွားပြီး ဆွဲကြတယ်။ ပုဂံခေတ်ဟန်ကို မိအောင်မဖမ်းနိုင်ဘူးလို့ ထင်တယ်။ ပုဂံအရုပ်ထဲမှာ သူ တို့ ဖြည့်ထည့်ချင်တာထည့်ပစ်လိုက်တယ်။ အဲဒီတော့ သူတို့ပုံကို ကျွန်တော် မသုံးနိုင်ဘူး။ အခုလည်း ဒီလိုပဲ ဟို English For All ထဲမှာ ဆောင်းပါး တစ်ပုဒ်အတွက် အရုပ် ထည့်တဲ့အခါ ပုံဆွဲတဲ့လူက ပုဂံခေတ်နဲ့ တော်တော် ရင်းနှီးပုံတော့ ရတယ်။ ဒါတောင် ကျွန်တော် စိတ်တိုင်းကျ မဖြစ်သေးဘူး။ ဥပမာ ကျောက်စာ၊ ကျောက်တိုင်ပုံကို ပုဂံခေတ် ပုံစံနဲ့ ဆွဲရမယ့်နေရာမှာ ကုန်းဘောင်ခေတ်ပုံစံနဲ့ ဆွဲမိတယ်။ အဲဒီလိုပေါ့ဗျာ။ တချို့ အသေးစိတ် ကလေးတွေ လွဲတတ်တဲ့သဘောရှိတယ်။

လုပ်သားပြည်သူ့နေ့စဉ်အင်္ဂလိပ်သတင်းစာမှာ Story of Myanma told in Pictures ထည့်တုန်းက အရုပ်တွေကို ဟယ်ရီအောင် ဆွဲတာ။ ဟယ်ရီအောင်နဲ့ ဆွဲတော့ကာ ကျောက်ခေတ်တုန်းကတော့ကာ ဟယ်ရီ အောင်ကို ဒီပုံတွေ၊ ဒီပုံတွေ ဆွဲဆိုပြီး ချပေးလိုက်တယ်။ အဲဒီတော့ သူက ဒါတွေကို ဖြစ်အောင် လုပ်ပေးတယ်။ မဆိုးဘူး။ ဒါပေမဲ့ တဖြည်းဖြည်း ပုဂံခေတ်ရောက်လာတဲ့အခါကျတော့ ပုဂံခေတ်ပုံတွေ ချပေးပေမယ့် သူက သူလုပ်ချင်တာ လုပ်လိုက်တယ်။ ပန်းချီဆရာ နာမည်ကြီးပါ။ တော်လည်း တော်ပါတယ်။ တော်ပေမယ့် မြန်မာ့သမိုင်းနဲ့ မအပ်စပ်ဘူး ဖြစ်ပြန်တယ်။

## တကောင်းစာအုပ်တိုက်

အထင်ရှားဆုံး နမူနာတစ်ခုကို ပြောပါဆိုလို့ရှိရင် ကျွန်တော်တို့ ကိုးကွယ်နေတဲ့ ဂေါတမဟာ အိန္ဒိယပုဂ္ဂိုလ်ကြီးပါ။ ဒါပေမဲ့ ဗုဒ္ဓဝင် ရေးဆွဲတာ ဦးဘကြည်က အစပေါ့လေ။ မြန်မာရုပ်တွေကိုပဲ ဆွဲကြတယ်။ မြန်မာထီးနန်း၊ မင်းညီမင်းသား၊ မင်းသမီး အဝတ်တန်ဆာတွေနဲ့ပဲ ဆွဲပေးတာ ပေါ့။ ယသော်ဓရာရဲ့ပုံကိုလည်း မြန်မာမင်းသမီး နန်းဝတ် အဆင်တန်ဆာ နဲ့ပဲ ဆွဲတာပဲ။ ဒီတော့ သမိုင်းသဘော မသက်ဝင်ဘဲ လစ်ဟင်းချက် ဖြစ် နေတယ်။ ပန်းချီကားအနေနဲ့ လှပါတယ်။ အဲဒါကြောင့် ပန်းချီဆရာ ဘယ် လောက်ပဲ နာမည်ကြီးကြီး၊ သမိုင်းပုံဆွဲတဲ့အခါမှာတော့ ကျွန်တော်တို့ ပြော တဲ့အတိုင်း လုပ်မှ ဖြစ်မယ်။ မလုပ်ရင် ကျွန်တော်တို့နဲ့ အံကိုက် မဖြစ် ဘူး။ မအပ်စပ်ဘူးပေါ့လေ။ အဲဒီလိုပဲ သမိုင်းနောက်ခံဝတ္ထု ရေးချင်တဲ့သူ တွေ ကျွန်တော့်ဆီကို အကြံဉာဏ်တောင်းဖို့ လာတတ်ပါတယ်။ လာသာ လာတယ်။ ကျွန်တော်တို့ ပြောတာကို သူတို့ ဘယ်တော့မှ ဂရုမစိုက်ဘူး။ မလိုက်နာပါဘူး။ သူတို့အနေနဲ့ကတော့ ခံစားချက်တို့၊ ဘာတို့ တချို့က ကြီးကြီးကျယ်ကျယ်ပေါ့ဗျာ။ ပြောပြီးတော့မှ ပေါက်ကရ ရေးတယ်။ သမိုင်း မမှန်ဘူး။ မမှန်ပေမယ့် ကျွန်တော်ကတော့ မဝေဖန်ပါဘူး။ ဒါ သူ့အသက် မွေးမှုဆိုင်ရာသဘောထားပဲ ဖြစ်ပါတယ်။ တို့ သမိုင်းသုတေသန သဘော သွားကို သူ ဘယ်လိုလိုက်နာမလဲလို့ပဲ နားလည်ပါတယ်။ ကျွန်တော့်စာ အတွက် အရုပ်ရေးရင်သာ ကျွန်တော်က ဒီလို ဟိုလို ရေးပါလို့ ပြောတာ ဖြစ်တယ်။ သူ့ ဟာသူ လုပ်တာတော့ သူ့ အသက်မွေးဝမ်းကျောင်းနဲ့ သူပဲ။ ကျွန်တော် ပြောပိုင်ခွင့် မရှိပါဘူး။

> သမိုင်းနဲ့ပတ်သက်လို့ပေါ့ ဆရာ။ မေးချင်တာကတော့ သမိုင်း ဆိုတာ ဘာလဲ။ သမိုင်းကို ဘာလို့ရေးသလဲ သိပါစေ ဆရာ။

<u>တကောင်းစာအုပ်တိုက်</u>

သမိုင်းဆိုတာ ဘာလဲလို့ မေးရင် ကျွန်တော်တို့က လွယ်လွယ်ပဲ ဖြေပါတယ်။ အကြောင်းရယ်၊ အဖြစ်အပျက်ရယ်၊ အကျိုးရယ် ဒီသုံးခု ဆက်မှ သမိုင်းဖြစ်တယ်။ အဲဒီအကြောင်းနဲ့၊ အဖြစ်အပျက်နဲ့၊ အကျိုးနဲ့ (causes, events, results) ဒါကို ပြောတာနော်။ အဲဒီတော့ အကြောင်းခံ ရှိရမယ်။ အဲလို အကြောင်းခံရှိတဲ့အခါမှာ ဒီလို အဖြစ်အပျက်တွေ ဖြစ်တယ်။ ဒီလို အဖြစ်အပျက် ဖြစ်လာတဲ့အခါမှာ ဒီလိုကောင်းကျိုး၊ ဆိုးပြစ် ဖြစ်စဉ်တွေ ပေါ်လာတယ်။ ဘာလို့ သမိုင်းကို လေ့လာပြီး ရေးသလဲ မေးရင် ကျွန်တော်တို့က ဖြစ်ပြီးသားကိစ္စတွေကို စံပြုပြီး သင်ခန်းစာ ယူဖို့ ရေးပေးတာပါပဲ။ ဥပမာ ဦးကုလားရဲ့ မဟာရာဇဝင်ကြီး နိဒါန်းမှာ ခင်ဗျား ဖတ်ကြည့်ရင် ဘာတွေ့မလဲ။ ဦးကုလား ပြောတဲ့အထဲမှာ ဒီရှင်ဘုရင်နဲ့ ဟိုရှင်ဘုရင် ရန်ဖြစ်တယ်။ စစ်တိုက်မယ်။ တိုင်းသူပြည်သားတွေ ဘယ်လို ဒုက္ခရောက်တယ်ဆိုတာလည်း ပါသလို၊ ဘယ်လိုတိုင်းသူပြည်သားတွေကို ပြုစုရမယ်ဆိုတာလည်း ပါပါတယ်။ ဒါပေမဲ့ ဒီမင်းစဉ်မင်းဆက် အမတ်တွေ ဘယ်လိုလုပ်တယ်၊ ရှင်ဘုရင်တွေ ဘယ်လိုလုပ်တယ်ဆိုတာကို မဖတ်နဲ့။ နိဗ္ဗာန်ရောက်ကြောင်းတရားနဲ့ ဘာမှ မဆိုင်ဘူး။ တိရစ္ဆာနကထာ လို့ ခေါ်တယ်။ တိရစ္ဆာနကထာက္ကတိဆိုတာ နတ်ရွာနိဗ္ဗာန်မှ ဖီလာဖြစ်သော အကြောင်းအရာများ ဖြစ်တယ်။ နိဗ္ဗာန် ရောက်ရာ ရောက်ကြောင်း ကိုသာ ဖတ်ကြ။ နိဗ္ဗာန်ရောက်ရာ ရောက်ကြောင်း မဖြစ်ရင် မဖတ်ရဘူးလို့ ရှေးက သွန်သင်ထားတယ်တဲ့။ အဲဒီတော့ သူ အခုရေးတဲ့ မဟာရာဇဝင်ကို ဖတ်တဲ့အခါ 'စကြဝတေးမင်း၊ မာရ်နတ်မင်း ဆိုရင်လည်း နာနာဘာဝ၊ ဝိနာ ဘာဝ ဖြစ်ခြင်း ပျက်ခြင်းနဲ့ မကင်းဘူး။ ဘယ်ကောင် ဘယ်လောက်ပဲ ကြီးကြီး သေတာပဲပေါ့' ဆိုပြီးတော့ကာ ကမ္မဋ္ဌာန်းစာအုပ်အနေနဲ့ ဖတ် ပါတဲ့။ အဲဒီတော့ သူက ဒါ သင်ခန်းစာပေးတာ။ ကျွန်တော်တို့ သမိုင်းဆိုတာ အကျဉ်းဆုံးပြောရရင် သင်ခန်းစာပေးတာပဲ ဖြစ်တယ်။ ပြီးပြီးသား အဖြစ်

အပျက်ကို ကျွန်တော်တို့က အကျိုးရယ်၊ အကြောင်းရယ် စဉ်ပြီး ရေးတယ်။ အဲဒါကို ပရိသတ်လက်ထဲကို ထည့်ပေးတယ်။ ထည့်ပေးလိုက်တဲ့အခါ ကျတော့ အဲဒါ သင်ခန်းစာပဲလို့ သိကြတာပေါ့။ မကောင်းတာဆိုရင် ဒါမျိုး ဒါမျိုးတွေ မဖြစ်စေနဲ့ လို့ သတိထား။ ကောင်းတာဆိုရင်လည်း နောက် ဒါထက်ကောင်းအောင် လုပ်မယ်လို့ ဆန္ဒပြု။ ဒီနှစ်ခုပဲ ရှိတာပဲ။ မကောင်း တာကို ထပ်မလုပ်နဲ့။ ကောင်းတာတွေတွေ့ရင်လည်း ဒါ့ထက်ဒါ့ထက် ပိုပို ကောင်းအောင် လုပ်။ အဲဒီ သင်ခန်းစာအတွက် သမိုင်းရေးတာ။ ဒါကြောင့် သမိုင်းဆိုတာ ကျွန်တော်တို့လူ့ဘဝမှာရှိတဲ့ လူသားတွေရဲ့ ခရီးလမ်းကြောင်း ရဲ့ မှတ်တမ်း။ အဲဒီမှတ်တမ်းဟာလည်း ခုနကလိုပဲ။ သမိုင်းဆရာကနေ ဝေဖန်စိစစ်တဲ့ ပုံစံနဲ့ ရေးတဲ့အခါမှာ သင်ခန်းစာဖြစ်တယ်။ အဖြစ်အပျက် ကို စီရေးပေးရုံနဲ့ သင်ခန်းစာ မဖြစ်ဘူး။ ဒီနေ့ ဒီနာရီမှာ ခင်ဗျားတို့ လာ တယ်။ ဒီနေ့ ဒီနာရီမှာ ကျွန်တော်က ဂျာနယ်၊ မဂ္ဂဇင်းအတွက် ကော်ပီတစ်ခု ရေးပေးတယ်။ ခင်ဗျားတို့ မေးတာ ကျွန်တော်ဖြေတယ်။ ခင်ဗျားတို့ ပြန် သွားတယ်။ အဲဒီမှတ်တမ်းက ဖြစ်စဉ်မှတ်တမ်းခေါ်တယ်။ Chronology ပါပဲ။ အခု လူတော်တော်များများက Chronology ကို သမိုင်းထင်နေကြ တယ်။

ဒါဖြင့် သမိုင်းက အတ္တနောမတိ များသွားရင် လှမှာ မဟုတ်ဘူးပေါ့။

ခင်ဗျားပြောတဲ့ အတ္တနောမတိဆိုတာက ဆရာက ဒါသိတာ ဖြည့်ဦး မယ်ဆိုတာပါ။ ဖြည့်နိုင်မှဖြည့်ရမယ်။ အဲဒါ ခဏထား။ ကျွန်တော် ပြောချင်တာက အထောက်အထားမရှိရင် ကျွန်တော် စာမရေးဘူး။ စိတ်ကူးယဉ်တာ မပါဘူး။ ကဗျာဆရာတို့၊ ဝတ္ထုရေးဆရာတို့က စိတ်ကူးနဲ့ ရေးတာ။ ကျွန်တော်တို့က စိတ်ကူး(အတွေးအထင်)ကို နည်းနည်းမှ မသုံး ဘူး။ ကျွန်တော်တို့ကို တစ်ဖက်စွန်းရောက်နေတယ်လို့ ပြောရင်လည်း ခံရ

မယ်။ အထောက်အထား မရှိရင် ဘာမှ မရေးတတ်ကြတော့ဘူး ဖြစ်နေတယ်။ တစ်နည်းပြောရရင်တော့ တော်တော်ညံ့သွားပြီလို့ ကဲ့ရဲ့ရင်ရတယ်။ စာရေးဆရာက သူ့ ခေါင်းထဲက အတွေးအခေါ်တွေ ထွက်လာတာ။ ကျွန်တော်တို့က သူတို့လို မဟုတ်ဘူး။ သူတို့ထက် ကျွန်တော်တို့က ညံ့တယ်။

ခိုင်လုံတဲ့ အထောက်အထား၊ သမိုင်းဖြစ်စဉ်နဲ့ သမိုင်းရဲ့ နောက်ဆုံး ကောက်ချက်တွေက အယူအဆ သဘောထားကို ပြောင်းသွားစေသလား ဆရာ။

အယူအဆက သက်သေထွက်ချက်အပေါ် မှီပြီးဖြစ်တာ။ သက်သေ မစုံရင် ကောက်ချက် မမှန်ဘူး။ သက်သေစုံရင် ကောက်ချက်မှန်သွားပြီ။ အဲဒီအခါ ပြောတဲ့ အယူအဆက အထောက်အထားကို လက်လွှတ်ပြီး ပြောတဲ့ အယူအဆမျိုး မဟုတ်လို့ ခိုင်လုံတယ်။ နောက်တစ်ခု ဖြည့်ပြီး ပြောချင်တာက အထောက်အထားထဲမှာ တွေ့တဲ့အတိုင်း ပြောမယ်။ မညာဘူး။ မညှာဘူး။

သမိုင်းဆိုတာ အတိတ်က ဖြစ်ရပ်တွေကို ပြောတာ။ လက်ငင်း မျက်မှောက်ဘဝမှာ ဖြစ်ပျက်နေတာကိုကျတော့ ဘယ်လိုပြောမလဲ ဆရာ။

သမိုင်းဆိုတာကတော့ ပြီးပြီးသား ကိစ္စပဲ။ အခု လက်ငင်းကိစ္စက လည်း ပြီးပြီးသား အကြောင်းတရားကို အခြေခံတာ။ စောစောက အကြောင်းတရားက အခု အကျိုးတရား။ ဒီလိုပဲ အနာဂတ်ဟာ အခုကိစ္စတွေပေါ်မှာ မှီပြီးဖြစ်တာ။ အဲဒါကြောင့်ပေါ့။ လူထုဦးလှ ရေးတဲ့ သတင်းစာများသည် သမိုင်းကို ပြောနေကြသည် ဆိုတာ။ အခု ပြန်ဖတ်တော့ သမိုင်း၊

ဟိုတုန်းက ဖတ်တော့ သတင်းစကား Reporting ပဲ။ အဖြစ်အပျက်ကို သူ ပြန်ပြောတာပဲ။ သတင်းစာဖတ် ပရိသတ်ကို သူက သတင်းပေးတာပဲ။ အဲဒီသတင်းတွေကို နောင်ဆက်လိုက်ပြီး ဝေဖန်ဆွေးနွေးတော့မှ သမိုင်း သဘော သက်ဝင်လာတယ်။ ဒါတောင် သမိုင်းမဖြစ်သေးဘူး။ ဖြစ်အောင် အချက်အလက်တွေကိုစဉ်ပေးထားတာပါ။ အဖြစ်အပျက်တွေကိုစဉ်ပေး ထားရုံနဲ့ သမိုင်း မဟုတ်သေးဘူး။ သမိုင်းအဖြစ်နဲ့ သုံးလို့ရမယ့် အထောက် အထားလို့ပဲ ဆိုနိုင်တယ်။ ကျွန်တော်တို့ကတော့ Source Material လို့ခေါ် တယ်။ ဒါတွေဟာ Material ပဲ။ အင်္ကျီချုပ်တဲ့သူကလည်း အင်္ကျီစကို Material လို့ ခေါ်တာပဲ။ ဒီလိုပဲ Electronic လုပ်မယ့် သူကလည်း ဒီလို အစိတ်အပိုင်းတွေက Material ပဲ။ အဲဒီ Material လေးတွေ ကျွန်တော်တို့ လက်ထဲမှာ မရှိရင် ကျွန်တော်တို့ ဘာမှ လုပ်လို့မရဘူး။

> ဆရာ သမိုင်းက ယနေ့ခေတ် (သတင်းစာထဲမှာပေါ့လေ) ကနေ့ ခေတ်ကို သမိုင်းလို့လည်း ခေါ်နိုင်ပါသလား။

အခု ကြုံတွေ့နေရတာတွေကို Contemporary History ခေတ်ပြိုင်သမိုင်းလို့ ယူဆပါတယ်။ ပထမ ကမ္ဘာစစ် နောက်ပိုင်းမှာ ကွန်မြူနစ်နိုင်ငံတွေနဲ့ အရင်းရှင်နိုင်ငံတွေနဲ့ အားပြိုင်နေကြတယ်။ တစ်ဖက်နှင့် တစ်ဖက် ပြိုင်နေဆဲမှာ တစ်ဖက်က ဝေဖန်တဲ့စာကို ဝေဖန်ခံရတဲ့ နိုင်ငံက လူတွေ မဖတ်နိုင်အောင် အာဏာပိုင်တွေက ပိတ်ပင်တယ်။ အခု ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှာဆိုရင် ဟိုဘက်နိုင်ငံမှာ ဘာဖြစ်နေ တယ်ဆိုတာ ကျွန်တော်တို့က ဒီဘက်က လေ့လာရတယ်။ ဒီဘက်က ဘာဖြစ်တယ်ဆိုတာလည်း ဟိုဘက်က လေ့လာနေတယ်။ လေ့လာတဲ့အခါမှာ အပြန်အလှန် မဟုတ်တာတွေလည်း (ရယ်မောလျက်) တစ်ဖက်က သူ နားယောင်သွားအောင် လုပ်တာတွေလည်း ရှိတယ်။ ရှိပေမယ့် အခု

ကျွန်တော်တို့ပုံစံက ပြောင်းသွားပြီ။ ဘယ်လိုပုံစံ ပြောင်းသွားလဲဆိုတော့ အစက တစ်ဖက်က ပြုစုတဲ့စာပေကို လုံးဝဖတ်ခွင့်မပေးဘူးလို့ ပိတ်ပင်ထား ရာက အခု ဖတ်ခွင့်ပေးတယ်။ အမေရိကကလည်း ဆိုဗီယက် အကြောင်း ရေးတဲ့ စာပေကို အရင်က ဆိုဗီယက်ကို လုံးဝ သွင်းလို့ မရဘူး။ အဲဒီလိုပဲ ဆိုဗီယက်က အမေရိက အကြောင်းရေးတဲ့ စာတွေကိုလည်း အမေရိကကို သွင်းခွင့် မရဘူး။ အဲဒီလို ဖြတ်ထားတယ်။ အခု သဘောထား ပြောင်းသွား ပြီ။ သဘောထားပြောင်းသွားတယ်ဆိုတာက ရန်သူက ပြောတာက တို့ အတွက် အကောင်းဆုံးသင်ခန်းစာပဲ။ အဲဒီတော့ ရန်သူပြောတာတွေ ဖတ်စမ်းပါ။ ဆိုဗီယက်က အမေရိကအကြောင်း ရေးသမျှကို အမေရိကက ယူဖတ်သလိုပဲ အမေရိက ရေးသမျှ အကြောင်းကို ဆိုဗီယက်က ယူဖတ် တယ်။ ရန်သူပြောတာက မညာဘူးပေါ့ဗျာ။ အဲဒီတော့ တို့သင်ခန်းစာ ယူ လို့ ပိုကောင်းတယ်။ အဲဒီ သဘောပါပဲ။

ဆရာ မြန်မာစာပေသမိုင်းနဲ့ ပတ်သက်ပြီးတော့ ရေးပြီးသားရှိနေပြီနော်။

မြန်မာစာပေသမိုင်းက ကျွန်တော် စောစောက ပြောတဲ့ လုပ်ငန်းတွေရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်။ ရေးထားတာလည်း ရှိတယ်။ အကုန်မပြီးသေးပါဘူး။ ကျွန်တော်က 'မြန်မာ့ဓလေ့သမိုင်း' History of Myanma Culture ရေးဖို့ အစီအစဉ် ပုံစံချထားပြီး ရှိတယ်။ မြန်မာ့ဓလေ့ သမိုင်းကို ရေးဖို့ စီစဉ်ထားတာ ကြာပါပြီ။ ဥပမာ မန္တလေးမှာ ကျွန်တော် မြန်မာမှုသမိုင်းဆိုတဲ့ ပြပွဲတစ်ခု လုပ်ဖူးတယ်။ အဲဒါကို ကျွန်တော် စာနဲ့ ရေးဖို့ ကြိုးစားတယ်။ မြန်မာမှုသမိုင်းမှာ ကျွန်တော်က မြန်မာတွေရဲ့ဓလေ့ ကိုပြတယ်။ ဓလေ့ကို ပြတဲ့အခါမှာ ခပ်လွယ်လွယ် ပြောရရင် မြန်မာတွေ ဘယ်လို အဝတ်ဝတ်သလဲ၊ ဘယ်လို အစားစားရသလဲ၊ ဘယ်လို အိမ်မှာ

နေသလဲ၊ ဘယ်လိုယုံကြည်မှုတွေ ရှိသလဲ စတာတွေကို ပျူခေတ်၊ ပုဂံခေတ်၊ အဝခေတ်၊ ကုန်းဘောင်ခေတ် ဆိုပြီး လေးပိုင်း ပိုင်းလိုက်တဲ့အခါ ကျတော့ ဒီမြန်မာစာပေဆိုတာကလည်း ဒီမှာ တစ်ခန်း ပါလာတယ်။ တစ်ခန်း ပါလာလို့ ကျွန်တော် ရေးတာ။ ရေးတော့ ခုနကလိုပဲ ဆောင်းပါးတွေအနေနဲ့ စာတမ်းတွေအနေနဲ့ အများကြီးထွက်သွားပေမယ့်ကာ နောက် ပြန်စုပြီး ဒီစာအုပ်ထဲ ဝင်သွားမှာ ဖြစ်ပါတယ်။ မြန်မာ့ခေလေ့သမိုင်းထဲမှာ ခုနက အိုးသမိုင်းလည်း ဝင်လာမယ်။ ပုဂံခေတ် ဗုဒ္ဓသာသနာရဲ့ သမိုင်းလည်း ဒီအထဲ ဝင်လာမယ်။

အဲတော့ မြန်မာစာပေသမိုင်းဆိုတာကို ကျွန်တော်က ပုံစံချတဲ့ အခါ ရှိပြီးသား ဦးဖေမောင်တင် ရေးတဲ့ မြန်မာစာပေသမိုင်းလို စာအုပ်က စလို့ ပေါ့လေ။ နည်းနည်းပါးပါးရေးကြတာတွေ ရှိတယ်။ အဲဒါတွေနဲ့ အခု ကျွန်တော် ရေးမှာ ပုံစံလုံးဝမတူဘူး။ သူတို့က စာပေဘက်က အမြင်ပေါ့။ ကျွန်တော်က သမိုင်းဘက်က အမြင်ကို တင်ပြမှာပါ။ အမြင်မတူကြပုံကို အကျယ်တဝင့် ပြောစရာ ရှိတယ်။ အခု ခဏလေးနဲ့ပြောလို့ ဘာမှ အရာရောက်မှာ မဟုတ်ဘူး။

> သမိုင်း ပြုစုတဲ့အခါမှာ သမိုင်းပညာရှင်ရဲ့ လွတ်လပ်ခွင့်နဲ့ ပတ်သက်လို့ ဆရာ့သဘောထား သိပါရစေ။

ကျွန်တော်တို့မှာ ဘာမှ လွတ်လပ်ခွင့် မရှိဘူး။ ကျွန်တော်တို့ မြင်တာပဲ ရေးတာ။ မမြင်တာကို ရေးလို့မှ မရဘဲနဲ့။ အဲဒီတော့ ဘယ်လွတ်လပ်မလဲ။ ကျွန်တော်တို့က ဘာမှ မလွတ်လပ်ဘူး။ ကျွန်တော်တို့က အထောက်အထားရှိရင် ရေးတယ်။ အထောက်အထား မရှိရင် မရေးဘူး။ ဒီလိုတွေးရင် ရနိုင်တယ်ဆိုတာမျိုးတွေတောင်မှ ကျွန်တော်က ရေးပြီးမှ

ဖြတ်ပစ်ချင် ပစ်တာ။ ဖတ်တဲ့လူက သူ့ဘာသာ တွေးချင်တွေးပေါ့။ လွတ်လွတ်လပ်လပ် ရေးတယ်ဆိုတာ မရှိပါဘူး။ မှတ်တမ်းက ဒါတွေ့တယ်၊ ဒီဟာ တွေ့တယ်။ ဒီမှတ်တမ်းတစ်ခုနဲ့ ဆက်လိုက်လို့ရှိရင် ဟိုသံကြိုးလိုပဲ သံကြိုးကွင်းတစ်ကွင်းဟာ အဖြစ်အပျက်တစ်ခု၊ နောက်တစ်ခုဆက်တယ်။ နောက်တစ်ခုဆက်တယ်။ ဒီကွင်းပြီးမှ ဒီကွင်းလာတယ်။ အားလုံး ပြီးတော့မှ သံကြိုး ဖြစ်တာကိုး။ ဒီတော့ သူ့ဘောင်ထဲမှာပဲ ရှိတယ်။ အပြင်ကို ထွက် လို့ မရဘူး။ (ရယ်လျက်)။

ဆရာပြောတာ အတော် ပြည့်စုံပါတယ် ဆရာ၊ ကျွန်တော်ထပ်သိချင်တာက ဆရာ စောစောက ပြောတဲ့အထဲ နည်းနည်းတော့ ပါပြီး သားပါ။ ပြီးပြည့်စုံတဲ့ သမိုင်းဆိုတာ ရှိနိုင်ပါသလား။

ကျွန်တော်တို့က စုံအောင် ကြိုးစားပေမယ့် မစုံဘူး၊ မစုံဘူး။ မှတ်တမ်းတွေ ထပ်ရရင် ထပ်ရေးရမယ်ပေ့ါ။ ကျွန်တော် နမူနာနဲ့ပဲ ပြောမယ်။ ဥပမာ ကျောက်စာကို ကျွန်တော်တို့က မှတ်တမ်းအနေနဲ့ ယူတယ်။ ကူးလည်း ထားတယ်။ ဒါပေမဲ့ ကျောက်စာထဲက ပါသမျှကော မှန်သလား ဆိုတော့ မမှန်ဘူး။ တစ်နည်းကလည်းပဲ ကျောက်စာထဲမှာ ကိစ္စအရပ်ရပ် အကုန်မပါဘူး။ ကျောက်စာက ဘုရားမှာ ဘာလှူတယ်၊ လယ်လှူတယ်၊ ကျွန်လှူတယ် ဟုတ်လား။ သက်သေက ဘယ်သူ၊ ဘယ်နှခုနှစ်မှာ လှူ တယ်။ ဘုန်းကြီးတွေအလိုဆန္ဒရှိရာ သုံးဖို့ပစ္စည်းလေးပါး လှူတယ်ဆိုတာ ဦးစားပေး ရေးခဲ့တယ်။ ကျွန်တော်တို့က လူမှုရေး ရေးချင်တော့ ကျောက်စာ ထဲမှာ ပါသလောက်ပဲ ယူရေးရတယ်။ ကျောက်စာထဲမှာ ပွဲစားအကြောင်း မပါဘူး။ ပြည့်တန်ဆာအကြောင်း မပါဘူး။ ဒီလူမျိုးတွေ မရှိဘူး ပြောလို့ ဘယ်ရမလဲ။ အထောက်အထားဆိုတာက လိုချင်တာလည်း အကုန်ရတာ မဟုတ်ဘူး။ မရပေမယ့် ဒါတွေကတော့ ရှိမှာပဲဆိုပြီး ကျွန်တော်တို့ ဒါတွေ

ဘယ်ထည့်ရေးဝံ့မလဲ။ ဘာဖြစ်လို့လဲဆိုတော့ အထောက်အထား မရှိဘဲ မရေးဘူးဆိုတာ ကျွန်တော်တို့ရဲ့ စည်းကမ်း ဖြစ်နေလို့ပါ။ ဒါကြောင့် ကျွန်တော်တို့ရေးတာ စုံရဲ့လားလို့ မေးရင် မစုံဘူး လို့ ပြောတာ ဖြစ်ပါတယ်။ ပုဂံခေတ်က ဘုရားတည်၊ ကျောင်းတည်၊ အလှူဒါန လုပ်တဲ့အကြောင်း အရာတွေပဲ ကျောက်စာထဲမှာ ပါလေတော့ ပွဲစားအကြောင်း၊ ပြည့်တန်ဆာ အကြောင်း ကျွန်တော်တို့ ထည့်မရေးဘူးပေါ့ဗျာ ဟုတ်လား၊ အဲ လယ်လှူတဲ့ အကြောင်း ရေးတယ်။ ကောက်စိုက်တေး မပါဘူးဗျ။ အဲဒါကြောင့်မို့ ကျွန်တော်တို့မှာက သိပ်ဘောင်ကျဉ်းတယ်လို့ ပြောတာ။ ကောက်စိုက်ရင်း သီချင်းမဆိုဘဲ နေမလားဗျ။ ဆိုမှာပေါ့။ အဲဒီလိုပဲ လူ့ဘောင်လောကမှာ မြို့ရယ်လို့ ဖြစ်လာလို့ရှိရင် ပွဲစားနဲ့ ပြည့်တန်ဆာဟာ မရှိဘဲ နေမလား။

အဲဒါ တစ်နည်း။ နောက်တစ်နည်းကလည်းပဲ မတွေ့လို့ မရေးနိုင်တာ ရှိသလို တွေ့ရင်ကော ယုံယုံကြည်ကြည် ယူရေးမလား၊ မေးစရာ ရှိတယ်။ နမူနာနဲ့ ပြောမယ်ဆိုရင် ဥပမာ ခရစ်နှစ် ၁၄၈၀ ပြည့်နှစ်မှာ ရေးထားတဲ့ ပဲခူးကလျာဏီသိမ် ရှိတယ်။ မွန်ဘာသာ၊ ပါဠိဘာသာနဲ့ ရေးခဲ့တယ်။ မွန်ဘာသာ၊ ပါဠိဘာသာကျွမ်းကျင်တဲ့လူတွေက ဘာသာပြန်ပေးလို့ ကျွန်တော်တို့ ဖတ်ရတယ်။ ဒါတွေကို ကျွန်တော်တို့ လေ့လာကြည့်တော့ ဂေါတမမြတ်စွာဘုရားလက်ထက်က ဗုဒ္ဓသာသနာအကြောင်း ရေးတယ်။ ဒါမျိုး ကျောက်စာတွေမှာ တွေ့ပေမယ့် ကျွန်တော်မသုံးဘူး။ ဘာလို့ မသုံးသလဲဆိုတော့ ကျောက်စာရေးထိုးသူကိုယ်တိုင် သိတာမှ မဟုတ်ဘဲ။ သူလည်း ဟိုကသည်က အလျဉ်းသင့်သလို ကူးခဲ့တာပဲ ဖြစ်လို့ မသုံးဘူး။ လုံးဝမသုံးဘူး။ စောစောပိုင်းကရေးတာ ဘယ်လောက်ပဲ ရေးရေး၊ ဘာတွေပဲ ရေးရေး ပထမ သင်္ဂါယနာ၊ ဒုတိယ သင်္ဂါယနာ၊ တတိယ သင်္ဂါယနာတင်တာ၊ အသောကလက်ထက် ကိုးတိုင်း ကိုးဌာန သာသနာပြုလွှတ်တာ။ ဒါတွေ သူတို့ လေပန်းထားတာတွေ အရှည်ကြီးပဲ။ တစ်ခုမှ ကျွန်တော်တို့

မသုံးဘူး။ ဘာကြောင့်လဲ။ သူ မသိဘူး။ သူ ဒီအထဲ ထည့်ရေးတာလည်း သူများပြောတာ ကူးထည့်ထားတာပဲ။ ဒါဖြင့် ကျွန်တော်တို့ ဘာသုံးသလဲ။ ရာမာဓိပတိ (ဓမ္မစေတီ)မင်းက ဘုန်းကြီးတွေပင့်ပြီး သီဟိုဠ်ကို လွှတ်မယ်။ သီဟိုဠ်မှာ ရဟန်းခံခဲ့ပါ။ ပြန်လာရင် ဒီမှာ သိမ်သမုတ်၊ ပြီးတော့မှ ဘုန်းကြီးတွေ ပြန်ပြီးတော့ ရဟန်းခံမယ်။ ဒီလိုသာသနာပြုချင်တယ်ဆိုတော့ ဘုန်းကြီးတွေက လက်ခံတယ်။ အဲဒီအပိုင်းတော့ သူကိုယ်တိုင် လုပ်တာဖြစ်လို့ ကျွန်တော်တို့ ယူတယ်။ ကျန်တာ မသုံးဘူး။

အဲဒီလို အစီရင်ခံစာ၊ ခရီးသွားမှတ်တမ်း ဘာညာ ကျွန်တော်တို့ တွေ့တိုင်း မသုံးနိုင်ဘူး။ တွေ့တိုင်း မသုံးနိုင်ဘူးဆိုတာ အစီရင်ခံစာရေးတဲ့ လူအပေါ် မှာလည်း တည်တယ်။ ဥပမာ အင်္ဂလိပ်က မြန်မာပြည်ကို လာပြီး အရောင်းအဝယ်လုပ်ရင်းနဲ့ မြန်မာပြည်ကိုသိမ်းတဲ့စခန်း ဆိုက်ခဲ့တယ်ဆိုတဲ့နေရာမှာ သူတို့ ကုန်သည်တွေက ဒီလို အနှိပ်စက်ခံရပါတယ်၊ ကယ်ပါဆိုလို့ သူတို့အစိုးရက သူတို့ကုန်သည်တွေကို ကယ်ရတဲ့ပုံ ဖော်တယ်။ ဒီသဘောရောက်အောင် ရေးကြတဲ့ အထောက်အထားကို ကျွန်တော်တို့ ဘယ်သုံးနိုင်မလဲ၊ မသုံးဘူး။

သူတို့ သမိုင်းဆရာတွေ ရေးတာကိုလည်း ဒီလိုပဲ စစ်ဆေးရတယ်။ သူတို့ရေးတာလည်းပဲ အကုန်မမှန်ဘူးပေါ့။ အဲဒီလို စစ်ဆေးနိုင်တဲ့ အထောက်အထား ကျွန်တော်တို့ စုရတယ်။ ပုဂံခေတ်က ကျောက်စာတွေထဲမှာ ကျွန်တော်တို့ လိုချင်တာ အကုန်မရဘူးဆိုတာ ပြောခဲ့တယ်။ နောက်တစ်ခါ ရာမာဓိပတိ (ဓမ္မစေတီ) သာသနာပြုတာကို ယုံယုံကြည်ကြည် ယူသုံးသလို ဗုဒ္ဓသာသနာ ကျွန်တော်တို့ မြန်မာနိုင်ငံ ရောက်လာပုံတော့ မသုံးဘူးလို့ ပြောခဲ့တယ်။ အဲဒီလိုပဲ ဟုတ်လား။ အရှေ့အိန္ဒိယ ကုမ္ပဏီကို အင်္ဂလန်မှာ ထောင်ပြီးတော့ ဒီကုန်သည်တွေက ရောက်ရာအရပ်က Re-

ports ရေးတင်ကြတယ်။ အဲဒီ Reports တွေကို ကျွန်တော်တို့ အကုန်မယုံဘူး။ တခြားအထောက်အထားနဲ့ ညှိနှိုင်းစစ်ဆေးတယ်။ သူတို့မှတ်တမ်းတွေမှာလည်း အစီရင်ခံတာအပြင် အထက်က မေးလို့ အောက်လူပြန်ဖြေတာတွေလည်း ရှိတယ်။ တိုက်ကြည့်တဲ့အခါ ကွင်းဆက်ပေါ်လာပြီး လိမ်ညာတာတွေလည်း တွေ့ပါတယ်။ အဲဒါကြောင့် မှတ်တမ်းရှိတိုင်းလည်း ကျွန်တော်တို့မှာ သုံးလို့မရပါဘူး။

ဆရာ အများကြီး ပြည့်ပြည့်စုံစုံ ပြောတဲ့အတွက် ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ နောက်လ ဆောင်းပါးတွေ ကျွန်တော်တို့ လည်း ရေးပေးပါ။ ဆရာ့ဆောင်းပါးတွေ အမြဲထည့်ချင်ပါတယ်။ ကျွန်တော် တို့က ဆရာ့လိုပုဂ္ဂိုလ်၊ ဆရာ့လို သမိုင်းပညာရှင်ကြီးတစ်ယောက် တိုင်းပြည် က သိသင့်သိထိုက်တဲ့ ဆရာ့တန်ဖိုး၊ နောက် သမိုင်းတန်ဖိုးပေါ့လေ။ အဲဒါ တွေ သိစေချင်တယ်။ နားလည်စေချင်တယ်။ အဲဒီလို နားလည်စေချင်တဲ့ သဘောနဲ့ ကျွန်တော်တို့ အင်တာဗျူးလုပ်တာကို အများသိစေချင်တယ်။

အဲဒါ တစ်ခန်းပဲ။ ကျွန်တော် ရေးပြီးသား ရှိပါတယ်။ ဥပမာ မြန်မာ နိုင်ငံသုတေသနဂျာနယ်ထဲမှာ ယခင်ပါရှိဖူးတဲ့ သမိုင်း စာတမ်း ဆုံးဖြတ်ချက်ဆိုပြီး စာတမ်းတစ်စောင် ရေးခဲ့ဖူးပါတယ်။ နောက် Historiography of Myanma History ဆိုတဲ့ နာမည်နဲ့ အင်္ဂလိပ်လို ရေးပြီး ဂျပန်မှာ ပုံနှိပ်ဖူးပါတယ်။ ဘယ်သမိုင်းက ဘယ်လို အာဃာတနဲ့ ရေးတယ်။ ဘယ်သမိုင်းကတော့ ဘယ်လိုဆိုတာတွေကို ပြောတာက ပညာရပ်တစ်ခု ပဲ။ ကျွန်တော်တို့ရဲ့သမိုင်း။ (ရယ်မောလျက်) Historiography လို့ခေါ် တယ်။ Historiography of Myanma History ဆိုပြီး ကျွန်တော် ရေးပြီး သား ရှိတယ်လေ။ Historiography of Myanma History က မြန်မာ့ သမိုင်းရဲ့ သမိုင်းပေါ့။

<u>တကောင်းစာအုပ်တိုက်</u>

မုံရွေးဆရာတော်က မြန်မာ့သမိုင်းရေးတယ်။ မြန်မာ့သမိုင်း ရေးတော့ကာ သူရေးတာနဲ့ လူတွေက မုံရွေးရာဇဝင်လို့ ခေါ်ခေါ်နေတယ်။ တကယ်တော့ ဒါ မုံရွေးနဲ့ မဆိုင်ဘူး။ မြန်မာ့သမိုင်း ရေးတာပဲ။ မုံရွေးရာဇဝင်ကို ကျွန်တော်က 'တိုးလှ' ကို 'မင်း အဲဒါကို တည်းဖြတ်၊ တည်းဖြတ်ပြီး ကျမ်းရေးရင် ငါလမ်းညွှန်မယ်'။ တိုးလှကို တည်းဖြတ်နိုင်ဖို့ အတွက် မုံရွေးရာဇဝင်ကို တစ်လုံးချင်း ဆိုသလို ပြန်စစ်။ ဒီလို ပြန်စစ်တဲ့အခါ ကိုးကားဖို့ ဒီခေတ် ဒီအခါမှာ ရှိတဲ့ ကျောက်စာတွေ၊ ပုရပိုက်တွေထဲမှာ ရှိတဲ့မှတ်တမ်းတွေ၊ ပျို့၊ ကဗျာ၊ အလင်္ကာတွေ အကုန်လုံး မင်း ပြန်ဖတ်ပြီးတော့မှ သူ့စကားတွေနဲ့ ဒီအထောက်အထားတွေနဲ့ ညီသလား၊ မညီဘူးလား နှိုင်းယှဉ်။ မညီရင် ဘယ်သူက မှန်တယ်ဆိုတာ မင်းက ဆုံးဖြတ်၊ တည်းဖြတ်တယ်ဆိုတာ ဒါပဲလို့ သင်ပါတယ်။ ပြောတဲ့အတိုင်း လုပ်တော့ ဖြစ်ပါတယ်။ နောက် သူက အရပ်ပြန်သွားရော။ ပြန်သွားတဲ့အခါကျတော့ သူ့ငယ်ဆရာဘုန်းကြီးက မေးတယ်။ 'မင်းဘာလုပ်နေသလဲ'၊ 'ကျမ်းတစ်ခုကို တည်းဖြတ်နေတယ်'၊ 'ဘယ်သူ့ကျမ်းလဲ'၊ 'မုံရွေးဆရာတော် အရှင်အာဒိစ္စရံသီ ရေးတဲ့ကျမ်းကို တည်းဖြတ်နေတယ်' လို့ လျှောက်ထားတော့ 'အောင်မာ၊ ကမြင်းမသား၊ နင်က ဘယ်လောက်တတ်လို့တုံး'တဲ့ (ရယ်မောလျက်)။ အဲဒီလိုပဲ အဆဲခံနေရဦးမယ်။

ကျွန်တော်တို့ကတော့ ခုနကပြောသလိုပဲ ချကြည့်တာ။ ဘုန်းကြီးက လောကုတ္တရာ စာပေအကြောင်း ရေးရင် ကျွန်တော်တို့နဲ့ မဆိုင်ဘူးလေ။ ဘာမှဝင်မပြောတတ်ဘူး။သူက သမိုင်းစာတမ်းရေးလာရင်တော့ ကျွန်တော်တို့က ဝေဖန်မှာပေါ့။

<u>တကောင်းစာအုပ်တိုက်</u>

ဟုတ်တာပေါ့။ သူ့လောကုတ္တရာစာနဲ့ မဆိုင်ဘူး ဖြစ်နေတာကိုး။

ဒါက သမိုင်းကိစ္စပဲ။ ဆရာ သမိုင်းနောက်ခံဝတ္ထုလို့ ပြောနေကြတဲ့ အထူးသဖြင့် ချစ်ဦးညိုပေါ့ ဆရာရယ်။ လက်ဘ်ဒီပချစ်သူ ရေးတယ်။ ဥပေက္ခာဒေဝီ ရေးတယ်။ နောက် ရွှေတိုက်စိုးဝတ္ထု။ ဝတ္ထုဆရာဟာ သူ့ရသ ဖန်တီးချက်၊ သူ့အတ္တနောမတိကို ဖောင်းပေးပြီး လွှတ်ထားသင့်သလား။ သမိုင်း အထောက်အကူဖြစ်အောင် ထိန်းထိန်းသိမ်းသိမ်းနဲ့ ချုပ်ထားသင့် သလား။ သမိုင်းနောက်ခံဝတ္ထု တစ်ခုပေါ့ ဆရာ။

အဲဒါ ကျွန်တော်တို့နဲ့ မဆိုင်ဘူး။ သူ့ အသက်မွေးဝမ်းကျောင်းနဲ့

သူလုပ်တာပဲ။ အဲဒီတော့ ဒီလူကို ကျွန်တော်တို့က မလုပ်သင့်ဘူး ဆိုတာကတော့ နည်းနည်းပါးပါး ပြောသင့် ပြောမှာပေါ့လေ။ ဆိုပါတော့ ဗျာ။ သူခိုးနဲ့ ခါးပိုက်နှိုက်ကို မခိုးနဲ့၊ မနှိုက်နဲ့လို့ ပြောလို့ရမလား။ ဒါပေမဲ့ အပြစ်ရှိသလောက်တော့ သူ့ကို ဒဏ်ပေးရတာပဲ မဟုတ်လား။ ဒီလိုပဲ သမိုင်းဝတ္ထုရေးဆရာ သိပ်စည်းကမ်းမဲ့ရင် သူရေးတာကို လူတွေ ဝိုင်းကဲ့ရဲ့မယ်။ သူ့စာကို ဘယ်သူမှ မဖတ်တော့ဘူးဆိုတဲ့ အပြစ်ဒဏ်ခံရမယ်။ ကျွန်တော်တို့က သူ့ကို အပြစ် မပေးနိုင်ဘူး။ သူ့ပရိသတ်က သူ့ကို စွန့်လွှတ် လိမ့်မယ်။ နည်းနည်းပါးပါးတော့ ခွင့်လွှတ်ပါ။ သိပ်ကန့်သတ်လို့ကတော့ မကောင်းလှဘူး။ သူ့ဉစ္စာ ဝတ္ထုရေးတာပဲ။ ဝတ္ထုဆိုတာ စိတ်ကူးနဲ့ရေးတော့ အဖြစ်မှန်ထက် အပိုအလို ရှိမယ်လို့ အစက ဝန်ခံပြီးသား မဟုတ်လား။

သမိုင်းနောက်ခံဝတ္ထု ရေးချင်ရေးပါတဲ့။ ဒါပေမဲ့ သမိုင်းကိုတော့ မပြင်ပါနဲ့၊ အရှိကို အရှိအတိုင်း ရေးသင့်တယ်လို့ ပြောကြတာ ရှိတယ်။

ဒါပေမဲ့ ဝတ္ထုရေးရင်တော့ Dramatic Effect ရအောင် ဆိုတာမျိုး ပြင်ချင်ကြတယ်။ ပြင်တဲ့အခါ ဒီလောက် မချဲ့ပါနဲ့ဆိုရင် သူတို့က

ကျွန်တော်တို့ကိုတောင် စိတ်ဆိုးဦးမယ်။ ကျွန်တော် ဒါတွေဟာ ကိုယ်တွေ့ တွေ့ပါ။ ဥပမာ အနော်ရထာအကြောင်း ဒေါ်ခင်မျိုးချစ် ရေးတယ်။ ကျွန်တော့်ဆီ လာတာပဲ။ ခင်လည်း ခင်တာပဲ။ ကျွန်တော် ခုနက ပြောတဲ့ *Story of Myanma Told in Pictures* ရေးတုန်းက သတင်းစာမှာ ဂျာနယ်ပိုင်းက အယ်ဒီတာပဲ။ သူတို့ Working People's Daily အင်္ဂလိပ် လို ထုတ်စက သူတို့ဇနီးမောင်နှံက အယ်ဒီတာတွေပါ။ သူတို့မြှောက်ပေး တာနဲ့ ကျွန်တော် ရေးဖြစ်တယ်။ အဲတော့ အနော်ရထာရေးမယ် ကြံတော့ သူ အင်္ဂလိပ်လို ရေးမယ်ဆိုပြီး ကျွန်တော့်ဆီလာတာပဲ။ ဒါပေမဲ့ ကျွန်တော် ပြောတဲ့အတိုင်း သူ မလုပ်ပါဘူး။ ဒါကြောင့် ခုနက ကျွန်တော် ပြောတာ ပေ့ါ။ *Dramatic Effect* နဲ့ဇာတ်ကို သယ်သွားတဲ့အခါ ကျွန်တော်တို့က ခင်ဗျား လွန်နေပြီနော် ဆိုပေမယ့် ဇာတ်က ရပ်လို့ မရဘူး။ (ဝိုင်းရယ်ကြ) ဘယ်တတ်နိုင်မလဲ။ သူ့စာအုပ်ထွက်တော့ ရုပ်ရှင်ရိုက်မယ်၊ ဘာမယ်နဲ့ ကျေနပ်နေတယ်။ ဒါပေမဲ့ သမိုင်းမှတ်တမ်းအနေနဲ့ကျတော့ ကျွန်တော်တို့ သိပ်မကြိုက်ဘူး။ အဲလို နောက်တစ်အုပ် ရှိသေးတယ်။ ဒါကျွန်တော့်ဆရာ ရဲ့အတွေ့အကြုံပါ။ *Maurice Collis* ရေးတဲ့ *She Was A Queen* စာအုပ် ရေးဖို့ ကောလစ်က ပါမောက္ခ Luce ကို တိုင်ပင်ပါတယ်။ ဒါပေမဲ့ ရေးတော့ နောက်ခံက ပုဂံခေတ် မဟုတ်ဘဲ ကုန်းဘောင်ခေတ် လူမှုရေး ပုံစံဝင်နေတယ်။ ဆိုလိုတာက ဝတ္ထုထဲက 'နာမည်တွေကတော့ ပုဂံခေတ်က ဖြစ်ပါရဲ့။ နောက်ခံ ဇာတ်အိမ်ဖွဲ့တာကျတော့ ကုန်းဘောင်ခေတ် ဖြစ်နေ တယ်။ သူ့အလုပ်ဝတ္တရားနဲ့ရောက်တဲ့နေရာမှာ သူကြီးတွေ လူကြီးတွေနဲ့ စကားပြောမိသမျှ ကုန်းဘောင်ခေတ် ရှင်ဘုရင်အုပ်ချုပ်ရေးပုံစံကို နား ဝင်ပြီး ဝတ္ထု ချရေးလို့ကတော့ အရေးကောင်းလို့ ကျော်ကြားသွားတယ်။ ICSက ထွက်ပြီး စာရေးဆရာ လုပ်စားတယ်။ စွံတယ်။ ဒါပေမဲ့ သမိုင်း ဘက် က လူတွေက သူရေးတာမကြိုက်ဘူး။ သူလည်း နောက်ဆက်ရေးတဲ့ ဝတ္ထုတွေမှာ ပထမ ပွဲဦးထွက် အမှားမျိုး မမှားရအောင်

ကြိုးစားတာကို တွေ့ပါတယ်။ သူကသာ ဒီလို သင်ခန်းစာယူပြီး မပြင်ရင် သူက ဆက်ပြီး အောင်မြင်မှာ မဟုတ်ပါဘူး။ စာရေးဆရာ အောင်မြင်တာ၊ မအောင်မြင် တာကို သူ့စာဖတ်ပရိသတ်က သူရေးတာကိုဆက်ဖတ်၊ မဖတ်တာနဲ့ ဆုံးဖြတ်တယ်။ မဖတ်ကြတော့ဘူးဆိုရင်တော့ သူ့ကို ဒဏ်ပေးကြတာပဲ ပေါ့။ ကျွန်တော်တို့သမိုင်းဆရာက သူ့စာကို သိပ်မကျေနပ်ရင်တော့ *Review* ရေးပါတယ်။ ရှင်းရှင်းပြောရရင်တော့ သူရေးတာ စိတ်မချရဘူးလို့ ပြောလိုက်တာပါပဲ။ *Luce* ကတော့ ပြုံးပြီး ခေါင်းခါပြတယ်။

ဆရာခင်ဗျား၊ ဆရာ့လိုသမိုင်းပညာရှင်ကြီးရဲ့ အဆို အမိန့်ကို ကြား နာမှတ်သားခွင့် ရတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်ဆရာ။

သမိုင်းဟာ အလွန် အရေးကြီးပါတယ်။ အတိတ်သမိုင်းကို သိမှလည်း အနာဂတ်သမိုင်းကို ဖန်တီးနိုင်မှာပါ။ ဒါကြောင့် သမိုင်းရေးဆရာရဲ့ အခန်း ကဏ္ဍကို စိတ်ရှည်လက်ရှည် ဖြေကြား ရှင်းလင်းပေးတဲ့ဆရာကို အထူး ကျေးဇူးတင်မိပါတယ်။

နောင်အခါသင့်ရင်လည်း မေးမြန်းဆွေးနွေးခွင့်ပြုပါဦး ဆရာ။

# ကျင့်ဝတ်များအကြောင်း

## (ဒေါက်တာသန်းထွန်းနှင့် တွေ့ဆုံခြင်း)**

လူငယ်နဲ့ စိတ်ကျန်းမာရေးဆိုတဲ့ ခေါင်းစဉ်နဲ့ ပြောမယ်ဆိုတော့ စိတ်ကျန်းမာရေးဆိုတာ စိတ်ထား ဖြူစင်ဖြောင့်မတ်တာ၊ ကိုယ်ကျင့်သိက္ခာတရားတို့ကိုစောင့်ထိန်းတာတို့အပေါ်မှာ တည်တယ်လို့ သဘောရပါတယ်။ ကိုယ်ကျင့်သိက္ခာမရှိရင် စိတ်ဒေါင်ဒေါင်မြည် ကျန်းမာဖို့ မဖြစ်နိုင်ပါဘူးလို့ ထင်ပါတယ်။ ဒါကြောင့် ပထမဆုံး အဲဒီ ကိုယ်ကျင့်သိက္ခာနဲ့ ကျင့်ဝတ်သီလတို့ အကြောင်းကစပြီး ပြောချင်ပါတယ်။ လူမှုရေးကျင့်ဝတ်တွေနဲ့ ပတ်သက်လို့ ဆရာ့သဘောထား ပြောပြပါဦး။

လူတစ်ယောက်အနေနဲ့ အရေးကြီးဆုံးကျင့်ဝတ်က ကိုယ့်အတွက် သူများ အနှောင့်အယှက် မဖြစ်စေနဲ့ ဆိုတာပဲ။ ကျင့်ဝတ်နဲ့ ပတ်သက်ပြီးတော့ ခုတလော ခဏခဏ တွေ့ရတယ်။ နေ့စဉ် သတင်းစာဆိုရင်လည်း လောကနီတိတို့ ဘာတို့ပေါ့။ အများလိုက်နာသင့်တဲ့ ကျင့်ဝတ်ပေါ့။ ကျွန်တော် လိုက်နာတဲ့ကျင့်ဝတ်ကတော့ ခုနက ပြောတဲ့အတိုင်း ကိုယ့်

---

** ပြူတီအမှတ် ၁၃၊ ဖေဖော်ဝါရီ၊ ၂၀၀၁၊ ၅၀-၅၅

အတွက် သူများမှာ အနှောင့်အယှက်မဖြစ်စေနဲ့ ဆိုတာပဲ။ အဲဒါကိုတော့ ကျွန်တော် တစ်သက်လုံး လိုက်နာပါတယ်။ ငယ်ငယ်ကတည်းကပါပဲ။ အိမ်ထောင်ရေးမှာလည်း ဒီအတိုင်းပဲ။ ကျွန်တော့်မယား ရှိတယ်။ သားသမီးတွေ ရှိတယ်။ ကျွန်တော့်အတွက် စပယ်ရှယ် ဟိုဟာ ဒီဟာ လုပ်ပေးရတာမျိုး၊ ကျွန်တော့်ကို ကြောက်လို့ ဟိုဟာဒီဟာ မလုပ်ဘဲနေရတယ်ဆိုတာမျိုး မရှိစေရဘူး။ အချုပ်ကတော့ ဒါပါပဲ။ ကြီးကြီးငယ်ငယ် ကိုယ်နဲ့ အတူနေတဲ့သူတွေကို စိတ်ဆင်းရဲအောင် လုပ်ရင် ကိုယ်လည်းပဲ စိတ်ဆင်းရဲမှာပဲ။

ဘာသာရေး အဆုံးအမက လာတဲ့ ကျင့်ဝတ်တွေရော။

ဘာသာရေး ဆိုင်ရာကျင့်ဝတ်တွေ အများကြီး ရှိတယ်။ အဲဒီကျင့်ဝတ်တွေ အများကြီးကလည်း (ဘာမှမကြာသေးဘူး၊ ကျွန်တော် ဝိနည်းတွေ ပြန်ဖတ်တယ်) ဒါ မလုပ်နဲ့၊ ဟိုဟာ မလုပ်နဲ့ ဆိုတဲ့ ဘုန်းကြီးကျင့်ဝတ်တွေ မဟုတ်လား။ အဲဒီမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးတော့ ဒီဟာ မလုပ်နဲ့၊ ဟိုဟာ မလုပ်နဲ့လို့ ထားခဲ့တဲ့ တချို့ကိစ္စကို မလိုက်နာချင်ရင်လည်း ရတယ်။ ပြင်ချင်ရင်လည်း ပြင်လို့ ခွင့်ပြုတယ်။ ဒါပေမဲ့ ထေရဝါဒကတော့ သူတို့ ဘာမှ မပြင်ဘူး။ ဘုရားဟောတဲ့အတိုင်းပဲ သူတို့ ဆက်လုပ်တယ်ပေါ့။ အဲဒီမှာ လည်းပဲ ကျွန်တော်သတိထားမိတာက စည်းကမ်းဆိုတာ ရှိနိုင်လေကောင်း လေလို့ သဘောထားတဲ့သူလည်း ရှိတယ်။ တချို့ကတော့ အမှုကိစ္စဆောင် ရွက်တဲ့အခါ အောင်မြင်ဖို့ အရေးကြီးတယ်။ အစဉ်အလာက ဘာတွေပဲ ပြောပြော လက်တွေ့နဲ့ ညှိနှိုင်းပြီး လိုတိုးပိုလျှော့ လုပ်ရလိမ့်မယ်။ စည်းကမ်း ရှိပေမယ့် မလုပ်ဘဲ နေချင်နေမယ်ဆိုတာပေါ့။ အဲဒီနှစ်မျိုးမှာ ကျွန်တော့် အယူအဆကတော့ ကြားအယူအဆလို့ ပြောချင်ပြောပေါ့လေ။ ချမ်းသာချင်ရင် ခားပြတိုက် ဆိုတာမျိုးကို မလုပ်ရဘူး။ ကိုယ့်လုပ်ငန်းက လည်း မတရားလုပ်ဖို့ မရှိဘူး။ ချက်ချင်း မအောင်မြင်ပေမယ့် ဖြည်းဖြည်း

တော့ အောင်မြင်မှာပဲ ဆိုတဲ့ အသိနဲ့ မအောင်မချင်း ဆက်လုပ်ပါတယ်။ ဘယ်သူ ဘာပြောပြော ဘယ်သူကပဲ တားတား လုပ်မယ်လို့ ဆုံးဖြတ်ပြီးရင် ဆက်လုပ်တယ်။ အရေးကြီးဆုံး ခေါင်းတည်စဉ်းစားတာကတော့ ကိုယ့်အတွက် သူများမှာ အနှောင့်အယှက် မဖြစ်ဖို့ပါဘဲ။ အဲဒီအတိုင်းပဲ ကျွန် တော် လုပ်ပါတယ်။

လူငယ်တွေ၊ မျိုးဆက်သစ်လူငယ်တွေနဲ့ ကျင့်ဝတ်အကြောင်းကို ပြောပါဦး ဆရာ။

လူငယ်တွေကို ကျွန်တော် တွေ့နေရတယ်ဗျ။ ကျောင်းသားကို ကျွန်တော် ဆုံးမရတယ်။ ကျွန်တော်က ဆရာကိုး။ ကျွန်တော့်ထက် ငယ်ကြသူတွေပေါ့။ ပြီးတော့ သားတို့၊ သမီးတို့ အခုဆိုရင် မြေးပါ ရနေပြီ ဆိုတော့ မြေးကို ဆုံးမရတယ်ပေါ့။ အဲဒီမှာလည်း ဘာတွေ့လဲဆိုတော့ စည်းကမ်း နည်းလမ်းဆိုတာ သုံးမျိုးလောက် တွေ့ရတယ်။ သူတို့နဲ့ ကျွန်တော်နဲ့ အသက်ချင်း မတူဘူး။ နောက် အတွေ့အကြုံချင်း မတူဘူး။ နောက်တစ်ခါ ပတ်ဝန်းကျင်ချင်း မတူဘူး။ ဒီတော့ သူတို့ကို ဆက်ဆံတဲ့အခါ အသက်ချင်း ညှိရတယ်။ သူတို့ပတ်ဝန်းကျင်နဲ့ ကျွန်တော်ဖြတ်သန်းလာတဲ့ ပတ်ဝန်းကျင် ချင်းက မတူဘူးလေ။ ဒီတော့ သူတို့ကို ဆုံးမတဲ့အခါ သူတို့ရဲ့ အသက်ကို ကျွန်တော် စဉ်းစားတယ်။ သူ့အတွေ့အကြုံကို စဉ်းစားတယ်။ နောက် သူ့ ပတ်ဝန်းကျင်ကို ကျွန်တော်စဉ်းစားတယ်။ သူ့ သူငယ်ချင်းတွေ၊ ဘာတွေ ပေါ့။ နောက် သူ့ရဲ့ ခေတ်အခြေအနေကိုလည်း စဉ်းစားတယ်။ ဒါတွေ ကို ကြည့်ပြီး ပြောသင့်မှ ပြောတယ်။ သူ့အခြေအနေနဲ့ လိုက်နာနိုင်မယ် မထင်ရင် ပြောမနေတော့ဘူး။ ဒါ လက်တွေ့ကို ပြောတာ။ အစဉ်အလာကို သိပ်ပြီး နံပတ်တစ် မထားဘူး။ ဂေါတမမြတ်စွာဘုရား ပြောတာလည်း ဒီအတိုင်းပဲ။ ဝိနည်းတော်မှာ ထိပ်ဆုံးက ဘာတွေ့လဲဆိုတော့ ကြိုကြိုတင်

တင် ငါ ဘာမှမပြောဘူး။ မဟုတ်တာလုပ်လို့ ပြဿနာပေါ် ရင်တော့ မင်းတို့ နောက် မလုပ်နဲ့ ဆိုတာမျိုး ပြောတယ်။

တချို့ဟာတွေဆိုရင် ခေတ်အခြေအနေနဲ့ ပြောင်းပေးရတာတွေ ရှိပါတယ်။ ထေရဝါဒမှာ ဘာမှ မပြောင်းဘူး။ ဘုရားပြောတဲ့အတိုင်းပဲ ဆိုတာတောင် ဥပမာပြောရရင် ဘုန်းကြီးတွေ ပိုက်ဆံမကိုင်ရဘူးဆိုတာမျိုး၊ နောက်တစ်ခုက တားမြစ်တာတွေ များရင် ဒါမလုပ်နဲ့၊ ဟိုဟာမလုပ်နဲ့ သိပ်များရင် လိုက်နာရတဲ့သူ ဟုံသွားမယ်။

ဒီတော့ အရေးကြီးဆုံးကိုပဲ ပြန်ကောက်ရရင် ကျွန်တော့်ရဲ့ ကျင့်ဝတ်ပေါ့လေ။ ကိုယ့်အတွက် သူများ စိတ်မဆင်းရဲစေရဘူး။

မြေးတွေ၊ သားတွေ၊ တပည့်တွေနဲ့ ပတ်သက်လို့ကတော့ ခုနက ပြောတဲ့ သုံးဘက်သုံးတန်ညှိပြီး ကြည့်ပြီးပြောပါတယ်။ ဒါတော့ မှားတာပေါ့ဆိုတာမျိုးပေါ့။ တတ်နိုင်ရင်တော့ သိပ်ကျဉ်းကျပ်တဲ့ဘက်က ကျွန်တော် ဘယ်တော့မှ မနေပါဘူး။ အဲဒါကြောင့်လည်း ငါပြောလည်း မထူးပါဘူးဆိုရင် ပြောမနေတော့ဘူး။ မပြောဘဲ နေလိုက်တာပဲ။ နောက်တစ်ခု ကျွန်တော် သတိထားတာက “ကဲ မင်း အောင်မြင်ပါစေ၊ ကျန်းမာပါစေ” အဲဒါမျိုးပေါ့လေ။ ဒါမျိုးပြောတာလည်း ကျွန်တော်က အပိုစကားပဲလို့ ထင်တယ်။ တကယ့်ဘဝမှာ လက်တွေ့လုပ်လာတဲ့အခါကျတော့ ကိုယ့်ဟာကိုယ်ကြိုးစားမှ အောင်မြင်တာပဲ။ ခင်ဗျားက ကျွန်တော့်ကို လက်ဆောင်လာပေးတယ်။ ကျွန်တော်က ခင်ဗျားအောင်မြင်ပါစေ လို့ ဆုတောင်းလိုက်တယ်။ ခင်ဗျားက ကျွန်တော့် လာကန်တော့တော့ ကျွန်တော်က ခင်ဗျား ကျန်းမာပါစေလို့၊ ခင်ဗျား နိဗ္ဗာန်ရောက်ပါစေ လို့ ဆုပေးလိုက်တယ်။ ကျွန်တော်က အဲဒါမျိုး ဆုပေးတာကို သဘောမကျဘူး။ ကိုယ်လုပ်မှ ကိုယ်ရတာပဲလို့ ကျွန်တော်က သဘောရတယ်။

## <u>တကောင်းစာအုပ်တိုက်</u>

အဲဒီတော့ ကျင့်ဝတ်သိက္ခာ၊ ကိုယ်ကျင့်တရား ဖြူစင်အောင် စောင့်

ထိန်းတယ်ဆိုတာ ဘဝမှာ ဘယ်လောက်အရေးကြီးတဲ့ ကိစ္စလို့ ဆရာ ထင်သလဲ။

ငယ်စဉ်က မဟုတ်တာတွေ လုပ်တယ်။ ကိုယ် ဆိုးတယ်၊ ယုတ်မာ

တယ် ဆိုပါတော့။ ကြီးလာတဲ့အခါကျတော့ ကိုယ့်ဟာကိုယ်လည်း တွေးပြီး ရှက်တာဖြစ်မယ်။ ဒါ ကျွန်တော် လက်တွေ့ပြောတာ။ ဒါမှမဟုတ် ရင်လည်း ကိုယ်လုပ်လို့ တစ်ဖက်က နစ်နာသွားတာတွေ ရှိမယ်။ အဲဒီ တစ်ဖက်က ခဏခဏ စဉ်းစားမှာပဲ။ ငါ့အပေါ် ဘယ်လိုလုပ် သွားတယ်၊ ဘယ်လို စိမ်းကားတယ်။ ငါ့အပေါ်မှာ ဘယ်လို ယုတ်မာတယ်။ ငါ့ပေါ်မှာ ဘယ်လိုကောက်ကျစ်ပြီး အသာယူသွားတယ်ပေါ့လေ။ သူက ဖြစ်နေမှာပဲ။ အဲဒါ ဘယ်သူမှ မသိဘူးထား။ သူနဲ့ ကိုယ် နှစ်ယောက်တည်း သိတယ် ထား။ အဲဒါကို ကျွန်တော်က ရှက်တာ။ လူတစ်ဖက်သား အကျိုးနည်းအောင် ဒါကြောင့် မလုပ်တာ။

ဒီတော့ ကိုယ်ကျင့်တရားဟာ ဘဝမှာအရေးကြီးတယ်လို့ ကျွန်တော် ထားပါတယ်။ တစ်ခုပဲ။ ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်မဟုတ်တာ ဘာမှမလုပ်ဘူးဆိုတဲ့အခါကျတော့ ကိုယ်ကျင့်တရားကို ကျွန်တော်က အထူးတလည် စောင့်ထိန်းနေတာမျိုး မဟုတ်ဘူးပေါ့။ တကယ်ကျတော့ ကျွန်တော် စာထိုင်ရေးနေတယ်ဆိုရင် တစ်ဖက်သားပေါ်မှာ မတော် လောဘစိတ် မရှိဘူး။ ဘာ ဒေါသမှလည်း မရှိဘူး။ ဘာမှ ယုတ်ယုတ်မာမာ မစဉ်းစားဘူး။ အားလုံး လုံနေတာပဲ။ ဒီတော့ ကိုယ်ကျင့်တရားဟာ အရေး ကြီးတယ်။ ဒါပေမဲ့ ကျွန်တော့်အဖို့တော့ အထူးလုပ်နေရတာ မဟုတ်ဘူးပေါ့ လေ။ ဒါပေမဲ့ တစ်ခုရှိတာက အဲဒီလို လောဘ၊ ဒေါသ၊ မောဟတွေ လုံနေ ဖို့ကတော့ ဘဝမှာ သိပ်အရေးကြီးတယ်။ အောင်မြင်ဖို့အတွက် အရေးကြီး

တယ်လို့ ပြောရမှာပဲ။ အကျင့်သိက္ခာ မရှိရင် အောင်မြင်မှု မရနိုင်ဘူး။ ကျွန်တော်က အချိန်ရှိသမျှ လုံနေလို့သာ အထူးတလည် မစောင့်ထိန်းဘူး လို့ပြောတာပါ။

ဆိုပါတော့ဗျာ။ အရက်သောက်တဲ့ကိစ္စမျိုး ကျွန်တော် အရက်ဖြတ် လိုက်ပြီလို့လည်း မကြေညာဘူး။ အရက်သောက်ချင်တယ်လို့လည်း ဘယ် သူမှ မပြောဘူး။ ကြုံတဲ့အခါ သောက်တယ်။ ဒါပေမဲ့ အဲဒီမှာ ဘာတစ်ခု ဝင်လာသလဲဆိုတော့ အရက်သောက်တော့ အလုပ်ပျက်တယ်ဗျ။ အရက် သောက်ကြ၊ အပေါင်းအသင်းဆုံကြ၊ ပျော်ကြပေါ့ ဗျာ။ ဒါပေမဲ့ အနည်းဆုံး တစ်ညနေခင်း ကုန်သွားတာပဲ။ အဲဒါဆိုရင် ကျွန်တော်က အဲဒီအချိန်ကို နှမြောတာပဲဗျ။ နောက်တစ်နေ့မနက် မိုးလင်းတော့ ညက သောက်ထား တာနဲ့ မနက် အထနှေးပြန်ရော၊ လုပ်ငန်းခွင် ချက်ချင်း မဝင်နိုင်ဘူးပေါ့။ အဲဒါကုန်တဲ့အချိန် နှမြောရပြန်ရော။ အဲဒီတော့ အရက်မကောင်းဘူး ဘာညာပြောကြရာမှာ ကျွန်တော့်အတွက် လက်တွေ့ကတော့ အချိန်ကုန် တယ်ဗျာ။ အဲဒီလို တွက်တယ်။ လူရှိသေအောင် တမင်လုပ်တာမျိုးတော့ ဘာမှ မရှိပါဘူး။ ကိုယ်လုပ်စရာရှိတာ ကိုယ်လုပ်နေရင် ဘာမဟုတ်တာမှ ဝင်မလာဘူးပေါ့။

> ကိုယ်ကျင့်သိက္ခာဆိုတာ ကိုယ်လုပ်သင့် လုပ်ထိုက်တာကို လုပ်နေ ရင်း အလိုလိုစောင့်ထိန်းပြီးသား ဖြစ်သွားတယ် ဆိုတဲ့ သဘောပေါ့။

ကိုယ်လုပ်စရာရှိတာ လုပ်နေရင်၊ အဲဒီအထဲမှာ စိတ် နှစ်မြှုပ်ထား ရင် မကောင်းတဲ့စိတ်တွေ ဘာတစ်ခုမှ မလာဘူး။ ကျွန်တော် ဒီ အချိန် အိပ်မယ်ဆိုရင် ကျွန်တော်ရေးနေတာကို ချလိုက်တယ်။ အိပ်ရာက နိုးလာရင် ကျွန်တော် ဆက်ရေးလို့ ရတယ်။ သူများလို ဘယ်က စရမှန်း

မသိဘူး ဆိုတာ မရှိဘူး။ အဲဒီတော့ အဲဒီကြားထဲမှာ မတော်လောဘ တို့၊ ဘယ်သူနဲ့ ဘယ်သူနဲ့ ငါသွားပြီး ရန်ဖြစ်လိုက်ဦးမယ်တို့ ဘယ်သူ့ကို ငါ ဘယ်လိုစကား ချေပလိုက်ဦးမယ်တို့ ဘာတို့ မရှိဘူး။

တစ်ခု ကျွန်တော် သတိထားတာ ရှိတယ်။ တပည့်တွေ များလာတဲ့ အခါမှာ ရတဲ့အကျင့်တစ်ခုပေ့ါ။ ဒီကိစ္စ ငါဝင်လုပ်လိုက်ရင် လွယ်လွယ်ကူ ကူ ပြီးသွားမယ်။ ငါဝင်ကူရမှာပဲလို့ သိရင် ကျွန်တော် ချက်ချင်း လုပ်ပေး တယ်။ သူ့ဆီက ဘာမှ အပြန်အလှန် အပေးအယူ မပါဘူး။ ငါလုပ်ပေးမှ မင်း ရမှာပဲဆိုရင် လုပ်ပေးတယ်။ အဲဒါ လုပ်ပေးပြီးတော့လည်း ငါ့တောင် နှုတ်မဆက်ဘူး။ ငါ့ကို ဘာမှ မပေးဘူးတို့ ဘယ်တော့မှ မရှိဘူး။ နှုတ်မဆက် ရင် ကျွန်တော် ပိုကျေနပ်တယ်။ ကျွန်တော့်မှာ အနှောင့်အယှက် နည်းသွား တာပေ့ါ။ စကားအပို မပြောရတော့ဘူးပေ့ါ။

ကျွန်တော် ခပ်ငယ်ငယ်က ဖတ်ရတဲ့ အင်္ဂလိပ်လိုရေးတဲ့ စာအုပ် တစ်အုပ်ထဲမှာ ပါတယ်။ ဝါတာလူးစစ်ပွဲ အကြောင်း(Battle of Waterloo 1815)။ အဲဒီမှာ နပိုလီယန်နဲ့ တစ်ဘက်က ဝယ်လင်တန် ပေ့ါ။ ဟိုဘက်က စစ်တပ်က ရောက်နေပြီ။ ဒီတော့ တပည့်တွေက မေးတယ်။ ဝယ်လင်တန်ကို ဘယ်လိုတိုက်မလဲပေ့ါ။ ဒီတော့ ဝယ်လင်တန်က ပြော တယ်။ ‘ဟ ငါနဲ့ နပိုလီယန်နဲ့ စစ်တိုက်တယ်ဆိုတာ ငါက စတာ မဟုတ်ဘူး။ နပိုလီယန် က စတာ။ ဒီတော့ သူ့ သွားမေး။ သူက တောင်ဘက်က လာရင် ငါက တောင်ဘက်က တိုက်ရမှာ။ သူက မြောက်ဘက်က တိုက်ရင် ငါက မြောက်ဘက်က ပြန်တိုက်ရမှာ။ ဒီတော့ သူ့ သွားမေး’လို့ ပြောတယ်။ ပြီးတော့ သူက ပြောတာတစ်ခု ရှိသေးတယ်။ ‘မင်းတို့မြင်းတွေမှာ ဆင်တဲ့ ကကြိုးတန်ဆာတွေက လမ်းမှာ ပြုတ်ပြုတ်သွားရင် ဘာမှလုပ်လို့ မရဘူး။ ငါ့ပုံစံက မြင်းကြိုးတစ်ချောင်းထိုးပြီး စီးသွားတယ်။ အဲဒီကြိုးပြတ်ရင် ကြိုး

ဆက် အဖုထုံးပြီး ဆက်စီးသွားလို့ရတယ်’လို့ ပြောတယ်။ အဲဒါလည်း ငယ် ငယ်ကတည်းက ဖတ်ပြီး သဘောကျတယ်။ သိပ် Plan ကြီးကြီးကြီးချပြီး လုပ်တာထက် တစ်ခုပြီး တစ်ခု တစ်ဆင့်ပြီးတစ်ဆင့် လုပ်တာပဲ။

ကျင့်ဝတ်သိက္ခာရှိတဲ့ သူတွေအကြောင်း ဆရာနဲ့ နီးစပ်သူတွေထဲက ပေါ့လေ။ နည်းနည်းပါးပါး ပြောပြပါလား။

ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဖက်တွေ တော်တော်များများကတော့ ကျင့်ဝတ်သိက္ခာရှိသူတွေ များပါတယ်။ ကောင်းကြပါတယ်။ ဆိုးတဲ့ သူတွေလည်း ရှိတာပေါ့လေ။ တချို့လည်း ကျွန်တော့်လောက် သွက်သွက် လက်လက် မလုပ်လို့ လူသိနည်းတာတော့ ရှိတာပေါ့။ သူတို့လည်း သူတို့ နည်းနဲ့ သူတို့လုပ်နေကြတာပေါ့။

ခုလောလောဆယ် ကျွန်တော့်ခေါင်းထဲ ရောက်လာတဲ့ လုပ်ဖော် ကိုင်ဖက် တော်တော်များများကတော့ သေကုန် ပြီဗျ။ အဲဒီသေသွားသူတော် တော်များများကလည်း ကျွန်တော်ကြိုးစားသလိုပဲ ကြိုးစားကြပါတယ်။ သူတို့လုပ်သွားတာတွေလည်း ကောင်းတာတွေ အများကြီးပါ။ ဥပမာ ဆိုပါတော့ဗျာ။ တင်လှသော် ဆိုရင် အခုလူတွေက မှတ်မိချင်မှ မှတ်မိမှာ ပေါ့။ သူဆိုရင် အတော့်ကို ကြိုးစားပါတယ်။ ဒါပေမဲ့ အသက်ငယ်ငယ်နဲ့ သေသွားရှာတယ်။ သူ့ဒုက္ခက အရက်အလွန်အကျွံသောက်တာပဲ။ ဒီတော့ အလုပ် သိပ်မလုပ်နိုင်တော့ဘူးပေါ့။ နောက် စောစော သေသွားတယ်။ ဒါပေမဲ့ အလုပ်လုပ်တဲ့အခါတုန်းကတော့ စည်းကမ်းကို ကျွန်တော်တို့ လိုက်နာသလို သူလည်း လိုက်နာတယ်။ ကျွန်တော်တို့ ကြိုးစားသလိုပဲ ကြိုးစားတာပဲ။

<u>တကောင်းစာအုပ်တိုက်</u>

နောက်ပြီး ဒေါက်တာရီရီဆိုတာ တစ်ယောက်ရှိသေးတယ်။ လူထု ဦးလှ နှစ်ကိုးဆယ်မှာ သူရေးတဲ့ပလ္လင်တော်တွေအကြောင်းလေ၊ ကျွန်တော် က သူ အင်္ဂလိပ်လိုရေးတာကို မြန်မာလို ဘာသာပြန်လိုက်တယ်။ သူလည်း အသက် ငါးဆယ့်နှစ်နှစ်၊ သုံးနှစ်လောက်မှာ သေသွားတယ်။ သူလည်း ဒီလိုပဲ။ ကျွန်တော်တို့ စောင့်ထိန်းရမယ့်စည်းကမ်းတွေ စောင့်ထိန်းပါတယ်။ အင်မတန်လည်း ကြိုးစားပါတယ်။ လူငယ်တွေကိုလည်း တော်တော်ကူညီ ပါတယ်။ အဲဒီလူတွေ သေကုန်ပြီဗျ။ ကျန်တဲ့သူတွေ ထဲကလည်း ကျွန်တော့် တပည့်တွေ ရှိပါတယ်။ ဆရာတွေထဲမှာလည်း ရှိပါတယ်။ ဆရာတွေ အကြောင်းလည်း ကျွန်တော် ရေးဖူးပါတယ်။ တပည့်တွေအကြောင်းလည်း ရေးဖို့ ကျွန်တော်လုပ်သေးတယ်။ သူတို့ရဲ့ Contribution လည်း တော်တော် ကောင်းတာပဲ။ ဒါပေမဲ့ သူတို့က ကျွန်တော့်လောက် မကြိုးစားကြဘူးဗျ။ အဲဒါနဲ့ပဲ သူတို့အကြောင်းရေးရင် သူတို့ကို နှိပ်စက်သလိုများ ဖြစ်နေမလား ဆိုပြီး မရေးတော့ဘဲ သူတို့ရေးတဲ့စာတွေကိုပဲ အကျဉ်းချုပ် ထည့်နေတယ်။ ဒါကတော့ အစဉ်အဆက်ကို ဖော်တာပါပဲ။ ငါ့အထက်ကလည်း လုပ်ခဲ့ တယ်။ ငါလည်း လုပ်ခဲ့တယ်။ ငါ့အောက်က လူတွေလည်း လုပ်တယ်ဆို တာကို ပြချင်တာပါ။

ပူးပူးကပ်ကပ် အလုပ်လုပ်တဲ့ သူတွေဆိုရင် ခုနကပြောတဲ့ အယူအဆတွေလည်း ကျွန်တော် သူတို့ကို တတ်နိုင်သလောက် သင်ကြားပါ တယ်။ သူတို့ကလည်း တော်တော်များများ လိုက်နာကြပါတယ်။ ဒါပေမဲ့ တချို့ကလည်း ဘွဲ့ရပြီး ဆက်မလုပ်ကြဘူး။ ဆက်လုပ်ကြသူတွေထဲမှာ လည်း ကြိုးစားကြသူတွေ ရှိပါတယ်။ အငယ်ထဲကဆိုရင် ဒေါက်တာတိုးလှ ပေါ့။ ခုကိုပဲ ကျွန်တော် တိုးလှရဲ့စာအုပ်ကို အကျဉ်းချုပ် ရေးနေတယ်။ သူတို့ တော်တော် ကြိုးစားပါတယ်။

<u>တကောင်းစာအုပ်တိုက်</u>

အဲဒီတော့ ခင်ဗျားမေးတဲ့ မေးခွန်းထဲမှာ မျိုးဆက်သစ် ဆိုတာ ပါတယ်။ မျိုးဆက်သစ်ဆိုတဲ့ စကားဟာ ခင်ဗျား ကြိုက်ကြိုက် မကြိုက်ကြိုက် သူက လာနေမှာပဲ။ ခင်ဗျား ပြီးတော့ သားလာမယ်။ သားပြီးတော့ မြေးလာမယ်ပေါ့ဗျာ။ ဒီလိုပဲ လာနေမှာပဲ။ လာနေတော့ ဘယ်သူပဲ ဖြစ်ဖြစ် ကိုယ့်မျိုးဆက်သစ်ကို ကောင်းစေချင်မှာပဲ။ ဒါပေမဲ့ ပညာဆိုတာက အမွေပေးလို့ မရဘူး။ ပညာဟာ အမွေ မဟုတ်ဘူး။ သင်ကြားပေးလို့တော့ ရတယ်။ ဒါပေမဲ့ လက်ခံသင်ယူတဲ့လူရဲ့အရည်အချင်းက သိပ်အရေးကြီးတယ်။ ဆရာက အစတော်တယ်ဆိုပေမယ့် တပည့် မတော်ရင် အဆုံးသတ်ညံ့ မယ်။ ဆရာတွေက ဒီကောင် သိပ်တော်တယ်။ ငါ့တပည့်ကွ လို့ ပြောတတ် ကြတယ်။ ကျွန်တော်ကတော့ ဒီကောင်တော်လို့ ငါတို့ဆီမှာ လာ တပည့် ခံတာလို့ ပြောလေ့ ရှိပါတယ်။

မျိုးဆက်သစ်တွေကိုပြောရင် ဆရာ သိပ်အားမရတာ ရှိတယ်။
အဲဒါ အဓိက က ဘာလဲ။

သူတို့ အလေ့အကျင့် နည်းတာပေါ့။ Practice နည်းတာပါပဲ။ ဒါက အသက်နဲ့ မဆိုင်ဘူးဗျ။ ခင်ဗျား နာရီရှိသရွေ့ ဒါလုပ်နေတယ်ဆိုရင် နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ ခင်ဗျား တက်လာမှာပဲ။ အနှစ်သုံးဆယ် ဘာမှ မလုပ်ဘူးဆိုရင် ခင်ဗျားဘာမှ ဖြစ်မလာဘူး။ ဒါက အသက်နဲ့ မဆိုင်ဘူး။ Practice နဲ့ ဆိုင်တယ်။ အလေ့အကျင့်များများနဲ့ ကြိုးစားဖို့ လိုတယ်။ ဂျပန်သွားတော့လည်း ကျွန်တော် ပြောခဲ့တယ်။ ခုခေတ်လူငယ်တွေက သူတို့အဖေတွေလောက် မကြိုးစားဘူး။ သူတို့ အဖေတွေက ဂျပန်နိုင်ငံ ပြာပုံကနေ ပြန်ထူရတာ။ ကျွန်တော်တို့ဆီလည်း ဒီလိုပါပဲ။

ကျွန်တော်တို့ခေတ်မှာ တော်တော်များများက အဆင်သင့် ဖြစ်နေလို့များလား။

အင်း၊ ခင်ဗျားပြောတာ မှန်တယ်ဗျ။ အဆင်သင့် ဖြစ်နေတော့ သိပ်မကြိုးစားရတော့တာ ဖြစ်နိုင်တယ်။ ခပ်ငယ်ငယ်က ဖတ်ရတဲ့ H-G Wells ရဲ့ Time Machine ထဲကလိုပေါ့။ သိပ်ကို တိုးတက်တဲ့ခေတ် ရောက်လာတော့ လူတိုင်းဟာ ကောင်းတယ်ဆိုသမျှ ပစ္စည်းအားလုံးကို အလွယ်အသင့်ရနေတယ်။ အာဟာရဓာတ်နဲ့ ပြည့်စုံတဲ့ အစားအသောက် ဆိုရင် သစ်ပင်မှာရှိတဲ့သစ်သီး ခူးစားရုံ နဲ့ ရတယ်။ အားလုံး အဲဒီလို အဆင်သင့်ပဲ ဆိုတော့ မျိုးဆက်သစ်က လူတွေအားလုံးဟာ အကုန် တုံးကုန်တယ်။ ကလေးတွေလိုပဲ ရယ်မောဆော့နေကြတယ်။ မျိုးဆက်တစ်ခုလုံး ဖျင်းသွားတယ်။ ဒါကို ဘယ်လိုမှ တားမရတော့ပါ။

ဆရာပြောသွားတဲ့ အထဲမှာ ဆရာတင်လှသော် အကြောင်းပြောတော့ သူက ငယ်ငယ်နဲ့ ဆုံးသွားတာကိုး။ ဒီတော့ တော်တာ၊ ကြိုးစား အားထုတ်တာ အရေးကြီးသလိုပဲ ကျန်းမာရေးကလည်း အရေးကြီးတာပေါ့။

ဒါပေါ့။ ကျန်းမာရေးက အရေးကြီးတာပေါ့။ ဒေါက်တာရီရီလည်း ဒီလိုပဲ။ သူက သွေးဖြူဥရောဂါ ရှိတယ်။ အဲဒီတော့ ဆိုပါတော့ဗျာ။ ကျွန်တော်က တစ်နေ့ ပုံမှန်အားဖြင့် ၁၄ နာရီလောက် လုပ်တယ်ဆိုရင် သူက ၁၀ နာရီလောက် လုပ်လိုက်ရင် ချုံးကျသွားပြီပေါ့။ သိပ်မလုပ်နိုင်ဘူးပေါ့ဗျာ။ ကျန်းမာရေးကတော့ သိပ်အရေးကြီးတာပေါ့ဗျာ။ ဒီမှာ ခင်ဗျားက လူကျန်းမာရေး၊ စိတ်ကျန်းမာရေး ပြောတော့ စိတ်ကျန်းမာရေးဆိုတာ သမထ၊ ဝိပဿနာမှာ ပြောသလိုပါပဲ။ လူမှာ လောဘ၊ ဒေါသ၊ မောဟတွေ

များနေရင် စိတ်မကျန်းမာဘူးပေ့ါ။ အဲဒါတွေ မရှိရင် စိတ်ကျန်းမာတာပေ့ါ။ မနာလိုတာ မရှိဘူး။ ကလဲ့စားချေတာ မရှိ ဘူး။ ကလဲ့စားချေဖို့ မရှိရုံတင် မဟုတ်ဘူး။ ကျွန်တော် သတိတောင် မထား မိဘူး။ စိတ်ကျန်းမာရေးက တော့ လောဘ၊ ဒေါသ၊ မောဟ နည်းရင် ကျန်းမာတာပေ့ါ။ လောဘဆိုတာ ကလည်း ဝိပဿနာက ပြောသလိုပါပဲ။ အစားကောင်းလေး စားချင်တယ် ဆိုရင် တကယ်အစားကောင်းစားရတယ်ဆိုတာကိုက ဒုက္ခပဲလို့ နားလည် သွားတဲ့အခါကျတော့ ဘာကိုမှ မမက်တာပေ့ါ။ အဲဒီတော့ ကျွန်တော်တို့ ငယ်ငယ်က ကိုရင်ဝတ်ရင် ပထမဆုံး စသင်ရသလိုပေ့ါ။ ဒီသက်န်းဟာ ခန္ဓာကိုယ် လုံခြုံဖို့၊ ရာသီဥတုဒဏ် ခံနိုင်ဖို့၊ လှဖို့ မဟုတ်။ ဒီအစားဟာ အသက်ရှင်နေမှ တရားအားထုတ်နိုင်မှာ ဖြစ်လို့ ကျန်းမာရေးအတွက် စား ရတာ၊ စားကောင်းလို့ အရသာရှိလို့ မဟုတ်ဘူးဆိုတာ။ ဒါမျိုးတော့ ကျွန်တော်က မှတ်မိတယ်ဗျာ။ အဲဒါတွေပါပဲ။ အဲဒီတော့ လောဘ၊ ဒေါသ၊ မောဟတွေက အပြီးချုပ်သွားတာတော့ မဟုတ်ဘူးဗျ။ ဒါပေမဲ့ နည်းသွား တာပေ့ါ။ အများကြီး နည်းသွားတာပေ့ါ။

ဒီတော့ ကျင့်ဝတ်ကို စောင့်ထိန်းတာဟာ လောဘ၊ ဒေါသ၊ မောဟ ကို ထိန်းချုပ်တာပဲဆိုတော့ ကျင့်ဝတ်ဟာ စိတ်ကျန်းမာရေးရဲ့ အခရာ လို့ ပြောရမှာပေ့ါ။

နိုင်ငံရေးမှာတော့ ရှိတယ်ဗျာ။ မက်ကီယာဗယ်လီက မင်း စစ်တိုက် တာ နိုင်ချင်လား၊ နိုင်ဖို့ပဲ အရေးကြီးတာ။ လူ ဘယ်လောက်သေသေ ဆိုတာမျိုး၊ မင်းအောင်မြင်ဖို့ဟာ ဘယ်လိုပဲ ရရဆိုတာမျိုးပေ့ါ။ ဒါကတော့ ပြင်းထန်ပါတယ်။ သိပ်မဟုတ်ဘူးဗျာ။ ကျွန်တော်ကတော့ မကြိုက်ဘူး ပေ့ါဗျာ။ အောင်မြင်ဖို့ ဆိုပေမယ့် စောင့်ထိန်းရမှာကိုလည်း စောင့်ထိန်းရ မှာပေ့ါ။ ကျွန်တော် ငယ်ငယ်က ၁၅ နှစ်၊ ၁၆ နှစ်။ ကျွန်တော် ၁၅ နှစ်မှာ

၁၀ တန်း အောင်တယ်။ ကျွန်တော်တို့ နေတဲ့ကျောင်းက ၆ လနဲ့ အအောင် ပေးတော့ ကျွန်တော် စော အောင်နေတယ်။ ဒီတော့ တက္ကသိုလ် တက်ဖို့ အတွက် တစ်နှစ်အားနေတာပေါ့။ အဲဒီတော့ ကျွန် တော်က သမိုင်းဝါသနာ ပါတယ်။ နိုင်ငံရေး ဝါသနာပါတယ်ဆိုတော့ စာတွေ ဖတ်နေတာပဲ။ အမှန် က ၁၅ နှစ်၊ ၁၆ နှစ်ဆိုတာ ကလေကချေ ဖြစ်နိုင်တယ်။ ဆိုးသွမ်းလူငယ် ဖြစ်သွားနိုင်တယ်။ ကျွန်တော် ဖြစ်မသွားဘူး။

အဲဒီမှာ ကျွန်တော်က လွတ်လပ်ရေး ရရမယ်။ သခင်လူမျိုးတွေ၊ တို့ဗမာ (မြန်မာ) တွေ ဘာညာဆိုတာထဲ ရောက်တော့ အကျင့်စာရိတ္တကို ထိန်းပြီးသား ဖြစ်သွားတယ်။

> အမျိုးသား လွတ်လပ်ရေးအတွက် ဆိုတဲ့ နိုင်ငံရေး နိုးကြားမှုက ထိန်းတာပေါ့။

နိုင်ငံရေးနိုးကြားမှု ဟုတ်တယ်။ မိဘလည်း ပါတယ်။ ဆရာလည်း ပါတယ်။ နောက်ပြီးတော့ နိုင်ငံရေးလည်း ပါတာပေါ့။ ကျွန်တော့် မိဘတွေက အင်မတန် ရတနာသုံးပါး ကိုင်းရှိုင်းကြတယ်။ ငယ်ငယ်က ဆို ကျွန်တော်တို့အိမ်မှာ သီချင်းမဆိုရဘူး။ အမဲသား မစားရဘူး။ သွားနေ တဲ့ကျောင်းက နေရှင်နယ်ကျောင်း။ နယ်ချဲ့ကို တစ်ချိန်လုံး ဆန့်ကျင်နေ တာ။ နောက် စစ်ပြီးသွားတော့ ကွန်မြူနစ်ပါတီ ရောက်သွားတယ်။ Anti - Capitalism အရင်းရှင် နယ်ချဲ့ဆန့်ကျင်ရေးပေါ့။ အဲဒါတွေက ကျွန်တော့် ကို ဆိုးသွမ်းလူငယ်ဘက် မရောက်အောင် ထိန်းပေးခဲ့တာပေါ့။

နိုင်ငံရေးစိတ်ဓာတ်ကြောင့် ဒုစရိုက်နည်းသွားတယ်။ အများအကျိုး အတွက် ကိုယ်ကျိုးစွန့်ရမယ်ဆိုတဲ့ လမ်းကြောင်း ရောက်သွားတယ်။

## တကောင်းစာအုပ်တိုက်

လူငယ်တွေရဲ့ ပြဿနာကိုတော့ ကျွန်တော်က ကျောင်းဆရာအဖြစ်နဲ့ အစ်ကို၊ အဖေ၊ အဘိုးအနေနဲ့ နေ့တိုင်း ရင်ဆိုင်နေရတာပါ။ သားတွေ၊ မြေးတွေ ရှိတယ်။ တပည့်တွေ ရှိတယ်။ သူတို့ကို ပညာတတ်အောင် စရိုက်ကောင်းအောင် စံပြအဖြစ်နဲ့ နေရတယ်။ ဟောရ ပြောရတယ်။

ကျွန်တော်တို့ ငယ်စဉ်က တောမှာနေရတော့ အရက်ဆိုင်တို့၊ ဘာတို့ မရှိဘူး။ ဒါပေမဲ့လည်း ပျက်စီးစရာတွေ အများကြီး ရှိပါတယ်။ တိမ်းစောင်း မသွားအောင် ထိန်းပေးတာ ကျွန်တော့်အဖေလို့ ထင်တာပဲ။ စစ်သုံးနှစ် ဖြစ်တဲ့အချိန်မှာ ပညာသင်စရာကျောင်းမရှိတော့ ကျွန်တော့် အဖေက မင်းတို့ ဘုန်းကြီးကျောင်းမှာ သင်စရာ တတ်စရာ အတတ်ပညာတွေ ရှိတာပဲ။ သွားသင်ကြပါလားလို့ နှိုးဆော်တယ်။ သင်ချင်တာပြော ဆရာရှာပေးမယ်ဆိုပြီး ကျွန်တော့်အစ်ကိုက သဒ္ဒါသင်္ဂြိုဟ်သင်ချင်တယ်ဆိုလို့ သူကိုးကွယ်တဲ့ ဆရာဘုန်းကြီးဆီကို ပို့တယ်။ ကျွန်တော်က ဗေဒင် သင်ချင်တယ်ဆိုတော့ ဗေဒင်သင်တဲ့ ဘုန်းကြီးဆီ ပို့တာပေါ့။ အဲဒီလို ပညာတစ်ခုခု လုပ်နေတဲ့အခါမှာ စိတ်ကလေကလွင့် မဖြစ်ဘူးပေါ့။

ငယ်ငယ်က ကျွန်တော်တို့က ပုံပြောပါဆိုရင် ကျွန်တော့်အဖေက ငါးရာ့ငါးဆယ်ကို ဖတ်ပြောတာ။ အဲဒီပုံစံမျိုး ရှိတယ်။ မိဘလည်း ပါတယ်ပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော်တို့မှာ ထားရမယ့် စည်းကမ်းတို့ ဘာတို့ကို နိုင်ငံရေးကလည်း ထိန်းတယ်။ ကျွန်တော်တို့ခေတ်က အဲဒီခေတ်ကိုးဗျ။ ၁၃၀၀ ပြည့်အရေးတော်ပုံတို့ ဘာတို့။ ကျွန်တော်တို့ တောကို နိုင်ငံရေးခေါင်းဆောင်တွေ လာရင် တရားပွဲတွေ နားထောင်မယ်။ သခင်မျိုးဟေ့ တို့ဗမာ (မြန်မာ)လို့ အော်မယ်ဆိုတော့ နိုးကြား ထကြွတဲ့စိတ်က အဲဒီမှာ ရှိနေတာပေါ့။ နောက် အာရှလူငယ်လုပ်တော့ ဗလငါးတန်တို့၊ ဘာတို့ လုပ်

တယ်။ ဂျပန်ခေတ်မှာကျတော့ ဖက်ဆစ်တော်လှန်ရေးလုပ်တာကို လူကြီးတွေက မကြိုက်ဘူးပေါ့ဗျာ။ ဂျပန်ကင်ပေက သိပ်ဆိုးတာဆိုတော့ မိဘတွေ စိတ်ဆင်းရဲကြတာပေါ့။ အရက်သမား၊ ဘိန်းသမား၊ မြာသမား၊ ဖဲသမား တော့ မဖြစ်ဘူး။ ဒါပေမဲ့ မိဘတွေက စိတ်ပူရတယ်။ စိတ်ဆင်းရဲရတယ်။ ဂျပန်က ဖမ်းမိရင် သတ်ပစ်တာကိုး။

ဒါပေမဲ့လည်း အဲဒီအချိန်က ဂျပန်ရန်ကြောင့် စိတ်ပူတာ ဖြစ်မှာပေါ့။ နောင်တော့ မိဘတွေက ဆရာ့လိုသားမျိုး မွေးထားရတဲ့အတွက် ဂုဏ်ယူနေကြမှာ မဟုတ်လား။

အင်းအဲဒီလို စဉ်းစားရင်တော့လည်း ရပါတယ်။ ငါက ခေါင်းဆောင်ဖြစ်ချင်တယ်။ ခေါင်က မိုးလုံမှပေါ့ ဆိုတဲ့စိတ်က ငယ်ငယ်ကတည်းက မိဘနဲ့ အသိုင်းအဝိုင်းက သွင်းပေးတဲ့စိတ်ဓာတ် ဖြစ်တယ်လို့ အချုပ်အားဖြင့် ပြောရမှာ ဖြစ်ပါတယ်။

## အတွေ့အကြုံ၊ အတွေးအမြင်နှင့် အသိပညာ***

နိုင်ငံသားတစ်ယောက် (Citizen) ဟာ သူ့ဘဝမှာ အဓိပ္ပာယ်ရှိရှိ နေထိုင်နိုင်ဖို့ သမိုင်း (History) ကို ဘယ်အတိုင်းအတာအထိ သင်သင့်ပါသလဲ ဆရာ။ ဘယ်လောက်အထိသင်ယူဆည်းပူးသင့်ပါသလဲ။

သာမန်နိုင်ငံသားတစ်ယောက်ဟာ ကမ္ဘာ့သမိုင်းအကျဉ်း (Outline History of the World) ကို သိသင့်တယ်ဆိုပြီး H.G Wells က အဲဒီစာအုပ်အကျယ်နဲ့ အကျဉ်းနှစ်မျိုး ရေးဖူးတယ်။ လူရယ်လို့ ဖြစ်လာတာ နှစ် ၂ သန်းပဲ ရှိသေးတယ်။ နှစ် ၂ သန်းအတွင်း တိုးတက်မှု အလွန်မြန်ဆန်တယ်။ တိုးတက်ပြောင်းလဲနေတဲ့ လူ့ဖြစ်စဉ်ကြီးကို ခပ်လွယ်လွယ် ပိုင်းခြားရင် ကျောက်ခေတ်ဟောင်း၊ ကျောက်ခေတ်သစ် အချိန်ကာလကို အကြိုသမိုင်း (Prehistory) လို့ ခေါ်တယ်။ ကျောက်ခေတ်သစ် အချိန်က စပြီး လူတွေ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်တတ်လာတယ်။ အဲဒီအချိန်က လူမှုဖွဲ့စည်းပုံစနစ်ဖြစ်တဲ့ စီးပွားဥစ္စာရှာ အသက်မွေးစနစ် အတွေးအခေါ်တွေဟာ ကနေ့ထိ ရှိနေတယ်။ လူမှုဖွဲ့စည်းပုံနဲ့ စီးပွားရေးဟာ လူ့ လောကမှာ ပဓာနအကျဆုံးအချက်တွေ ဖြစ်တယ်။ အကြိုသမိုင်းကာလက စပြီး အဆင့်ဆင့် တိုးတက်ပြောင်းလဲပုံကို သာမန်နိုင်ငံသားတစ်ယောက်ဟာ မလွဲမသွေ သိထားသင့်တယ်။ အဲဒီအကြိုသမိုင်းကမှ နောက်တစ်ဆင့် အစ

*** မြန်မာသစ်

သမိုင်း (Protohistory) ကို ရောက်မယ်။ စာရေးစာဖတ်တတ်တဲ့အခါ ကျတော့ သမိုင်းကာလ (Historial Period) ရောက်တယ်။ အဲဒီကာလ ရောက်မှ လူတွေယဉ်ကျေးတယ်လို့ ဆိုနိုင်တယ်။ မှတ်တမ်းကို အမှီပြုပြီး သမိုင်းရေးသားမြဲဖြစ်တဲ့အတွက် မှတ်တမ်းမရှိရင် ယဉ်ကျေးတဲ့ အဆင့် မရောက်သေးဘူးလို့ပဲ ယူဆရပါတယ်။ ကျောက်ခေတ်ပြီးတဲ့အခါ ကြေး ခေတ်ကိုရောက်တယ်။ ပြီးတော့ သံခေတ်ကို ရောက်တယ်။ ခေတ်တစ်ခေတ်က တစ်ခေတ်ပြောင်းတာတွေဟာ ကမ္ဘာအနှံ့အပြားမှာ တစ်ပြိုင် တည်း တစ်ညီတည်းမဟုတ်ဘူးဆိုတာ သတိပြုရမယ်။ အခု အီရတ်(Iraq) နေရာက လူတွေက အရင်အနှစ်ငါးထောင်လောက်ကတည်းက စာရေး တတ်တယ်။ အီဂျစ် (Egypt) ဆိုလို့ရှိရင် အရင်နှစ်ပေါင်း ၃၈၀၀၊ တရုတ် (China) ဆိုရင် အရင်နှစ်ပေါင်း ၃၅၀၀၊ အိန္ဒိယ (India) ဆိုရင် အရင်နှစ် ပေါင်း ၃၀၀၀ လောက်ကမှ စာရေးတတ်တယ်။ ဒါပေမဲ့ အိန္ဒိယမှာ အခု သုံးနေတဲ့ အက္ခရာနဲ့ ရေးနည်းကိုတော့ အရင်နှစ်ပေါင်း ၂၈၀၀ လောက်က စတယ်။ ဗြဟ္မီ (Brahmi) အက္ခရာလို့ ခေါ်တယ်။ အဲဒီ အက္ခရာက ဆင်း သက်တဲ့ ၄ ရာစုနှစ် အက္ခရာတွေ မြန်မာနိုင်ငံကို ရောက်လာလို့ပျူဟာ အရင်နှစ်ပေါင်း ၂၀၀၀ (ခရစ်နှစ်ဦး) ကပဲ စာရေးတတ်တယ်။ မွန်၊ ရခိုင်က အရင်နှစ်ပေါင်း ၁၃၀၀ လောက်က စာရေးတတ်တယ်။ မြန်မာက အရင်နှစ် ပေါင်း ၉၀၀လောက်ကမှ စပြီး ရေးတတ်တယ်။ ကရင်က မွန်ဆီက စာ ရေးနည်းကို မြန်မာနဲ့ မရှေးမနှောင်း (ခေတ်ပြိုင်) ရေးတတ်တယ်လို့ထင် ပါတယ်။ ရှမ်းလည်း မြန်မာနဲ့ မရှေးမနှောင်း ရေးတတ်တယ် ထင်ပါတယ်။ တချို့ တောင်ပေါ်ဒေသက လူတွေကတော့ ခရစ်ယာန် သာသနာပြုတွေ ရောက်လာတဲ့ အရင်နှစ်ပေါင်း ၁၀၀-၂၀၀ အတွင်းကမှ စာရေးတတ်ပါ တယ်။ အဲဒီလိုဆိုရင် စာရေးတတ်မှ ယဉ်ကျေးတယ် ဆိုတဲ့စကားမှာ လူ တစ်မျိုးနဲ့ တစ်မျိုး တော်တော်ကွာခြားတာကို သိနိုင်ပါတယ်။

<u>တကောင်းစာအုပ်တိုက်</u>

သာမန်လူတစ်ယောက်ဟာ သမိုင်းကို ဘယ်လောက်အထိ ဆည်းပူးလေ့လာသင့်တယ်ဆိုတာကို ထပ်ဖြည့်ပြီး ပြောချင်ပါသေးတယ်။ လူတစ်မျိုးစီ စပြီးယဉ်ကျေးတဲ့အချိန်ဟာ စာရေးတတ်မှလို့ ဆိုတဲ့အတွက် မှတ်တမ်းကိုအမှီပြုတဲ့သမိုင်းခေတ်ရောက်အောင်ပဲ လူတစ်မျိုးစီတစ်မျိုးစီအကြောင်း သိထားသင့်ပါတယ်။ သံခေတ်ပြီးတဲ့နောက် ရေနွေးငွေ့အား သုံးတဲ့ခေတ် (Age of Steam Power)၊ လျှပ်စစ်သုံးတဲ့ခေတ် (Age of Electrical Power)၊ အနုမြူစွမ်းအား သုံးတဲ့ခေတ် ( Age of Atomic Power)၊ နျူကလီယာ စွမ်းအင် သုံးတဲ့ခေတ် (Age of Neuclear Power)စတဲ့ ခေတ် အဆက်ဆက်မှာ ဘယ်လိုလူမျိုး ဘယ်ခေတ်မှာ ကျန်ရစ်နေတယ်ဆိုတာ သိမယ်။ အခြေအနေပေးသမျှ ပြောလို့ရမယ်။ ဘယ်လောက် နောက်ကျန်ရစ်ခဲ့တယ်၊ ရှေ့အဖို့ ခေတ်မီအောင် ဘယ်လောက် ကြိုးစားရဦးမယ်ဆိုတာကိုလည်း သိရှိနားလည်လာမယ်။

ဆရာကြီးရဲ့ "မအ အောင်လို့ သမိုင်းသင်ရတယ်" ဆိုတဲ့စကားဟာ အလွန်နာမည်ကြီးပါတယ်။ ဒီစကားကို ရေးဖြစ်ပြောဖြစ်ခဲ့အောင် စေ့ဆော်တဲ့ အမြင်တစ်ခု ရှိရင် ပြောပြပေးပါ။

မန္တလေးလူထုတိုက် ဦးလှရဲ့ အလုပ်ခန်းမှာ မမျှော်လင့် မချိန်းဆိုဘဲ နာမည်ကြီးစာရေးဆရာတစ်ယောက်နဲ့ တွေ့တယ်။ သူက မြန်မာသမိုင်း နောက်ခံဝတ္ထုရှည်ကြီးတွေကို အပြင်းအထန် ရှုတ်ချကဲ့ရဲ့ ပြစ်တင်ဝေဖန်နေတယ်။ သမိုင်းကို လိုသလို ပြင်ဆင် ဖြည့်စွက်ပြီး စိတ်ကူးနဲ့ မှန်းဆရေးနေကြတာတွေကို ဆိုတာဖြစ်ပါတယ်။ ပြီးတော့ တစ်ဆက်တည်း သမိုင်းကို ဘာကြောင့် သင်သလဲဆိုတာ အတိုဆုံး (လေမရှည်ဘဲ) ပြောပါလို့ ကျွန်တော့်ကို မေးပါတယ်။ ကျွန်တော်က 'မအ အောင်'လို့ ဖြေလိုက်တယ်။ အဲဒါကို ၄ မျိုးခွဲပြီး အကျယ်ပြောလို့ ရပါတယ်။ ဒါပေမဲ့ အကျယ် မပြောလိုက်ပါ။

## တကောင်းစာအုပ်တိုက်

ရှင်းပြရမယ်ဆိုရင် သမိုင်းဟာ အထောက်အထားရှိမှ တိကျမှန် ကန်မယ်။ တိကျမှန်ကန်တဲ့ အထောက်အထားကို ရအောင် ရှာထားနိုင်ရင် မအ ဘူးပေ့ါ။ သူများ လိမ်ညာတာ မခံရဘူးပေ့ါ။

သမိုင်းမှတ်တမ်းတင်သူတွေဟာ ကတိမလိုက်ရဘူး။ ချစ်လို့ မြှောက်ပင့်ရေးတယ်။ မုန်းလို့ နှိမ့်ချကဲ့ရဲ့တယ်။ ကြောက်လို့ ဖုံးကွယ်ပြော တယ်။ မသိတာကို ဝန်မခံချင်လို့ ဖြစ်ကတတ်ဆန်းရေးတယ် ဆိုတာမျိုး ဘယ်တော့မှ မလုပ်ရဘူး။ ကတိမလိုက်ဘဲ ရေးသားတဲ့ သမိုင်းစစ်စစ်ကို ရှာပြီး လေ့လာပါလို့ ပြောချင်တာ။ သမိုင်းစစ်စစ်ကို သိရင် အချုပ်ကတော့ မအ ဘူးပေ့ါ။

သမိုင်းကို မှတ်တမ်းအားကိုးနဲ့ ရေးတယ်ဆိုတိုင်း မှတ်တမ်းကိုလည်း မစစ်ဆေးဘဲ လက်မခံရဘူး။ အချို့ မှတ်တမ်းတွေ လိမ်ညာဖြီးဖြန်း ဖုံးကွယ် ရေးထားတာတွေ ရှိနေတယ်။ အထက်ကို တင်ပြရတဲ့ မှတ်တမ်းတွေမှာ အခြေအနေမှန်နဲ့ တလွဲစီ ရေးထားတာမျိုး ခဏခဏတွေ့ရတယ်။ ကိုယ့် အပြစ်ကို သူများအပြစ်ဖြစ်အောင် လှည့်ပတ်ရေးထားတွေလည်း ရှိတယ်။ အပြစ်ကို အကြောင်းရင်း မပြောဘဲနဲ့ ထိမ်ချန်ရေးတာလည်း ရှိတယ်။ အဲဒါကြောင့် သမိုင်းပညာရှာသူ၊ လေ့လာသူဟာ အခြေအနေမှန်၊ ဖြစ်ရပ် မှန်ကို စူးစမ်းဖော်ထုတ် လေ့လာဆန်းစစ်ပြီး တွေ့ရှိရင် အလိမ်မခံရတော့ ဘူးပေ့ါ။ မအ တော့ဘူးပေ့ါ။

မှတ်တမ်းမရှိတဲ့ အကြောင်းအရာတွေလည်း ရှိတယ်။ ဥပမာ ဖက်ဆစ်တော်လှန်ရေးကာလက ဖက်ဆစ်တွေရဲ့ ရက်စက်ကြမ်းကြုတ်ပုံကို တရားဝင် ရေးမှတ်ထားတာ မတွေ့ရပါ။ အင်မတန်ကြီးကျယ်တဲ့ကိစ္စကို ပေ့ါသွားအောင် ဖန်တီးထားတဲ့ မှတ်တမ်းမျိုးတော့ ရှိချင်ရှိမယ်။ ခြွင်းချက်

တစ်ခုကတော့ ဂျာမန်တွေဟာ မှတ်တမ်းကို ဂရုစိုက်ပြီး ရေးမှတ်လေ့ရှိလို့ နာဇီတွေရဲ့ မှတ်တမ်းတွေတော့ ကျန်ရစ်တယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် အနှိပ်စက်ခံရသူတွေနဲ့ ဆက်စပ်နေသူတွေက ဘယ်မေ့မလဲ။ ဒါကြောင့် အချို့ မှတ်တမ်းကို ကွင်းဆင်းစစ်ဆေးရယူရတယ်။ မှတ်တမ်းမရှိပေမယ့် ကိုယ်တွေ့ကြုံခဲ့ရသူတွေ၊ သူတို့ဆီကတစ်ဆင့် သိခဲ့ရသူတွေရဲ့ယုံကြည်ရလောက်တဲ့၊ တိုက်ဆိုင်စစ်ဆေးလို့ မှန်ကန်တဲ့စကားကို အတည်ပြုပြီး ရှေ့နောက်ညီညွတ်အောင် ရေးရမယ်။ အဲဒီလို အဘက်ဘက်က လေ့လာ စစ်ဆေး အတည်ပြုထားတဲ့ စာတမ်းရပြီဆိုရင် တကယ့်အခြေအနေမှန်ကို သိပြီပော့လို့ ပြောနိုင်တယ်။ မအ တော့ဘူးပေါ့။

ဆရာက စာရေးတာကို စကားပြောလို ရေးမယ်ဆိုတဲ့ စာတမ်းကို ၁၉၆၅ မှာ ဦးဆောင်ခဲ့တယ်လို့မှတ်သားရပါတယ်။ ဒီစံကို ဆရာကြီးက ဘယ်လောက်အထိ စံပြုထားပါလဲ။ သဘောထား ပြောင်းလဲမှု ရှိပါသေးသလား။

၁၉၆၅ မှ စတယ်ဆိုတာက တကယ်တော့ မဟုတ်ပါဘူး။ စာရေးနည်းပညာကို လေ့လာတဲ့အခါ လူတွေ စကားပြောတတ်ပြီးနောက် စာ စတင်ရေးတာနဲ့ ပြောတဲ့အတိုင်း ရေးတာပါပဲ။ အရင် အနှစ်တစ်သန်းသုံးသိန်းလောက်က လူတွေစပြီး စကားပြောတတ်တယ်။ မြန်မာတွေ အရင် နှစ် ၉၀၀ လောက်ကစပြီး စာရေးတတ်တယ်။ အဲဒီလို ရေးတဲ့အခါ ပြောသလိုပဲ ရေးတာပဲ။ ရေးတာ တစ်မျိုး၊ ပြောတာ တစ်မျိုး မရှိနိုင်ဘူး။ မျိုးဆက်တစ်ခုက နောက်မျိုးဆက်တစ်ခုကို စာရေးနည်း သင်ကြားပေးရာမှာ နှစ် ၂၀ လောက် ကွာဟမှုရှိတဲ့အတွက် မျိုးဆက်အလိုက် စာရေးပုံ စာရေးနည်း ကွာဟသွားတာပဲ ဖြစ်မယ်။

## တကောင်းစာအုပ်တိုက်

အတွေးအခေါ် မြင့်မားတဲ့အကြောင်းအရာ၊ အကျယ်တဝင့် ရှင်းလင်းရမယ့်လုပ်ငန်းတွေမှာ တတ်နိုင်သလောက် လွယ်အောင် ပြောရမယ်။ အတွေးအခေါ် အကြောင်းအရာတစ်ခုကို လူအများလက်ထဲ ရောက်စေ ချင်ရင် သူတို့ နားလည်နိုင်တဲ့ အပြောစကားနဲ့ ရေးမှ ပိုထိရောက်တယ် ဆိုတဲ့ အတွေးအခေါ်ဟာ အရင်အနှစ် ၁၀၀ လောက်ကတည်းက ကမ္ဘာမှာ နေရာအနှံ့အပြား ရှိခဲ့တယ်။ ဒါကြောင့် Bible သမ္မာကျမ်းကို အခြေခံ အင်္ဂလိပ်စာ (Basic English) နဲ့ ရေးတာ ရှိပါတယ်။

စာတတ်သူဦးရေတိုးပွားစေဖို့ ကြိုးစားကြတဲ့အခါမှာလည်း အသက်ကြီးမှ အရေးသင်တဲ့ သူတွေကို သူတို့ ပြောသလိုပဲ (စကားပြောအတိုင်း) ရေးခိုင်းမှ ဖြစ်မယ်လို့ သတိထားမိကြပါတယ်။ (ဥပမာ) လက်မှုလယ်ယာက စက်မှုလယ်ယာဖြစ်အောင် လယ်သမားကို ထွန်စက်မောင်းနည်းပညာ သင်ပေးမယ်ဆိုရင် နားလည်လွယ်မယ့်စကားပြောနဲ့ ရေးထားတဲ့ လမ်းညွှန်စာနဲ့သင်ရင် တတ်လွယ်တယ်။ အကျိုးဖြစ်ထွန်းမယ့် စပါးကိုစိုက်ဖို့လယ် သမားကို နည်းပညာပေးတဲ့အခါ အညွှန်းစာရွက်ကို စကားပြောနဲ့ ရေး တာက ပိုပြီး ထိရောက်တယ်။ ၁၉၆၀ လောက်မှာ စိုက်ပျိုးရေးဌာနက လယ်သမားတွေအတွက် ထုတ်တဲ့စာအုပ်စာတမ်းတွေမှာ စာစကားနဲ့ မရေး ဘဲ အပြောစကားနဲ့ ရေးတာကို သဘောပေါက်လာကြလို့ ပြောသလို ရေး မယ်လို့ ဆော်ဩကြတာ ဖြစ်ပါတယ်။ ဒီကိစ္စ သဘောတူကြတဲ့ အစုအဖွဲ့ မှာ ကျွန်တော်က သမိုင်းအမြင်နဲ့ ပြောဟောခဲ့တာ ဖြစ်တယ်။ ဒီသဘော ထား အခုထိ မပြောင်းလဲပါ။ လစဉ်ထုတ်စာနယ်ဇင်းတွေမှာ ပြောသလို ရေးတာ၊ တွင်ကျယ်လာတာ ကျွန်တော် သတိပြုမိပါတယ်။

နိုင်ငံတစ်ခုရဲ့ အလားအလာကို ဆယ်စုနှစ်တစ်ခုစီ ခြားပြီး သုတေသနပြုရတယ်လို့ ဆရာ့စာတစ်ပုဒ်မှာ ဖတ်ဖူးပါတယ်။ ၂၁ ရာစု

နှစ်မှာ ဘက်စုံကုံလုံ လူ့အဖွဲ့အစည်းတစ်ခုဖြစ်ဖို့ ဒီနေ့လူငယ်တွေ ဘာတွေ လုပ်သင့်တယ်လို့ ဆရာ မြင်ပါသလဲ။

သမိုင်းသုတေသနဟာ နိုင်ငံအလားအလာကို အမြဲ စစ်ဆေးတင်ပြတဲ့အလုပ်၊ အခုမှလုပ်တာ မဟုတ်ဘူး။ အကြောင်းကိစ္စတစ်ခု တွေ့တိုင်း၊ အကြောင်းရင်းက ဘာလဲ၊ အကျိုးဆက်က ဘာလဲ၊ အမြဲရှာပြီး ထင်ရှားပေါ်လွင်အောင် ရေးနေတာ သမိုင်းသုတေသနပါပဲ။ ခေတ်တစ်ခေတ်က တစ်ခေတ်ကို ပြောင်းတာမှာ ချက်ချင်း နယ်နိမိတ်သတ်မှတ်ပြီး အုတ်တံတိုင်း ခြားလို့ မရဘူး။ တစ်နှစ်စီကို ကွက်ပြောရင်လည်း အမှန်မရနိုင်လို့ ၁၀ နှစ်၊ နှစ် ၂၀၊ ၂၅ ဆိုသလို ပိုင်းခြားပြီး ပြောသင့်တယ် ဆိုလိုတာပါ။ လူ့ ဓလေ့မှာလည်း ဒီအတိုင်းပဲ။ အစားအသောက်ကို လက်နဲ့ ယူစားနေတာ နှစ်ထောင်ပေါင်းများစွာ ရှိတယ်။ အခု ဇွန်း၊ ခက်ရင်းနဲ့ စားတဲ့ခေတ်ကို ခုနှစ်တပ်ပြီး ပြောလို့မရဘူး။ အနောက်က လူတွေ ရောက်စက စတယ်။ အခုလို မပျံ့နှံ့သေးဘူး။ လက်နဲ့ စားတုန်း ရှိကြတယ်။ ဇွန်း၊ ခက်ရင်းခေတ်လို့ ဘယ်လို ပိုင်းခြားသတ်မှတ်မလဲ။ အဲဒီလိုပဲ ၂၀ ရာစုနှစ်အဆုံးနဲ့ ၂၁ ရာစုအစဟာ သီးခြားကင်းလွတ်နေတာမှ မဟုတ်ဘဲ ကြောင်းကျိုးဆက်နွယ်နေတဲ့ ဖြစ်စဉ်တရားကြီးပါ။ အနာဂတ်အတွက် ပစ္စုပ္ပန်မှာ ဘာတွေ လုပ်နေသလဲ။ အတိတ်က ဘာတွေ လုပ်ခဲ့သလဲ။ ဘယ်လိုဆုံး၊ ဘယ်လိုဒဏ်ခံရမလဲ။

သမိုင်းသင်တဲ့အခါမှာလည်း ဒီအခြေခံနဲ့ ရှေ့ဘာဖြစ်မလဲဆိုတာ အမြဲဆက်စပ်စဉ်းစားနေပါ။ ဆက်စပ် စဉ်းစားမိသမျှကို ရေးခဲ့တယ်။ အဲဒါကြောင့် မဂ္ဂဇင်းတစ်စောင်မှာ “ဝမ်းမြောက်ဝမ်းသာ မရှိရာ” လို့ ရေးလိုက်တာပါပဲ။

<u>တကောင်းစာအုပ်တိုက်</u>

၂၀ ရာစုနှစ် မြန်မာနိုင်ငံမှာ အကြီးအကျယ်ဆုံး ပုဂ္ဂိုလ်ဟာ ရှင်ဇနကာဘိဝံသလို့ ဆရာ ညွှန်းခဲ့ပါတယ်။ ကျွန်တော်က ဆရာ့ကို ဖြည့်ပြီး မေးချင်ပါတယ်။ သုတေသနပညာရှင်တစ်ယောက်အနေနဲ့ ၂၀ ရာစုနှစ် မြန်မာ့သမိုင်းကို ပြုပြင်ခဲ့တဲ့ ပုဂ္ဂိုလ် ၃ ဦးကို ရွေးပြပါ။

၂၀ ရာစုနှစ်ရဲ့ ထူးခြားတဲ့ ပုဂ္ဂိုလ် (မြန်မာ) အဖြစ် ရှင်ဇနကာဘိဝံသကို ရွေးချယ်ခဲ့ပါတယ်။ လူ့သမိုင်းမှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွား ရေး၊ တွေးခေါ်မြော်မြင်မှုဆိုတဲ့ အပိုင်းလေးပိုင်းမှာ တစ်ပိုင်းစီအတွက် ပြော ရင် လေးယောက် ဖြစ်မယ်။ ဒါပေမဲ့ အချိန်အခါ ကြည့်လို့ နိုင်ငံရေးခေါင်း ဆောင်၊ လူမှုရေး ခေါင်းဆောင်၊ စီးပွားရေး ခေါင်းဆောင်တွေမှာ ကိုးကွယ် ယုံကြည်မှုဆိုင်ရာခေါင်းဆောင်က အဓိက။ လောဘ၊ ဒေါသလွှမ်းကဲ၊ သတ် ဖြတ်မှုတွေများတဲ့ ရာစုနှစ် ဖြစ်လို့ နိုင်ငံရေးကို အလေးမပေးလို။ အဲဒါတွေ ကို ပြေလည်အောင် ဟောပြောရာမှာ ထင်ရှားတဲ့ပုဂ္ဂိုလ်ကို အကြီးအကျယ် ဆုံးလို့ ကျွန်တော် ဆုံးဖြတ်ခဲ့တယ်။ ရှင်ဇနကာဘိဝံသဟာ သူတစ်သက်လုံး လုပ်တဲ့ လုပ်ငန်းကြီးတစ်ခုကတော့ ဗုဒ္ဓသာသနာအခွန့်ရှည်စွာ တည်တံ့ရေး ဖြစ်တယ်။ သူလုပ်တဲ့ သူ့ဆောင်ရွက်ချက်ကို သာသနာ ပြုပြင်ရေး (Religious Reformation)လို့မခေါ်သင့်ဘူး။ သာသနာအရှည် တည်တံ့ ခိုင်မြဲရေးသာ ဖြစ်တယ်။ ဘယ်ကိစ္စပဲဖြစ်ဖြစ်၊ ဘယ်လိုအခက်အခဲ တွေ့ တွေ့ သူဆုံးဖြတ်ထားတဲ့မှတ်တိုင်ကို အရောက်ပို့ဆောင်ဖို့ဇွဲလုံ့လနဲ့ အား ထုတ်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်။ သူ့ကို ထောက်ခံတဲ့ ဦးရေအနည်းအများကို လိုက်ပြီး ဆုံးဖြတ်တာ မဟုတ်ပါ။ သူ့ရည်ရွယ်ချက် လေးနက်ကြီးကျယ် တာကိုကြည့်ပြီး ဆုံးဖြတ်တာသာ ဖြစ်တယ်။

သမိုင်းတစ်လျှောက် မြန်မာတွေဟာ အစဉ်အလာ ဓလေ့ရိုးရာကို အစွဲအလမ်းကြီးတယ်။ ဒါကြောင့် အစဉ်အလာကို ထိန်းသိမ်းချင်လို့ ပြင်ပ

ဆက်ဆံရေးကို တတ်နိုင်သလောက် ဖြတ်တောက်တယ်၊ ဒါမှမဟုတ် အချိန် ဆွဲပြီး ပြင်ပဆက်သွယ်မှုကို စိစစ်ကန့်သတ်ထိန်းချုပ်တယ်။ သူစိမ်းတစ်ရံ ဆံ ယုံကြည်စိတ်ချမှု နည်းတယ်။ အစဉ်အလာကောင်း ရှိသလို မကောင်း တာရှိတယ်။ မကောင်းတာကို ကောင်းတဲ့စံနဲ့ ကိုက်ပြီး ပြင်ရဲမှ တိုးတက်မှု ရှိမယ်။ ရိုးရာကိုပြင်တာ ပြင်သင့်တဲ့နေရာမှာ ပြင်တာကို ဆိုလိုတယ်။ မပြင်ရဲရင် စာအုပ်ကြီးသမား (Slave of Tradition) လို့ ကမ္ဘာက ကဲ့ရဲ့ မယ်။ ဒဏ်လည်း ခံရမယ်။

အစဉ်အလာဓလေ့ရိုးရာကို ထိန်းသိမ်းစောင့်ရှောက်မှုနဲ့ ခေတ်မီ တိုးတက်မှုဟာ တစ်ဖက်စွန်းစီ ရှိနေကြတယ်။ ခေတ်မီ တိုးတက်ဖို့ရာဆိုရင် ပြင်ပကမ္ဘာနဲ့ ကူးလူးဆက်ဆံမှုများဖို့ လိုတယ်။ မြန်မာ့သမိုင်းတစ်လျှောက် အစဉ်အလာ ထိန်းသိမ်းမှုနဲ့ ခေတ်မီတိုးတက်မှု သဟဇာတ ဖြစ်အောင် လုပ်နိုင်ခဲ့တာကတော့ သာလွန်မင်း၊ ဘိုးတော်ဘုရား (ဗဒုံမင်း) နဲ့ မင်းတုန်း မင်းတို့ ဖြစ်တယ်။ ခင်ဗျားမေးတာက ၂၀ ရာစုနှစ်ဆိုတော့ ၁၉၀၀ က ၁၉၉၉ ထိ ဒီအတွင်းက မြန်မာ့သမိုင်းကို ပြုပြင်နိုင်သူ သုံးယောက်လို့ ဆိုရင် အရွေးရ သိပ်ခက်သွားပြီ။ မြန်မာတွေ ကျွန်အဖြစ်က လွတ်အောင် လှုံ့ဆော်တဲ့ ခေါင်းဆောင်ထဲက တစ်ယောက်၊ လွတ်လပ်ရေးရပြီး နိုင်ငံ တော်တည်မြဲရေးထဲက နှစ်ယောက်လောက်ရွေးမှ ဖြစ်မယ်။

ဆရာဟာ မူလက Modern History ကို စိတ်ဝင်စားခဲ့တယ်လို့ သိရပါတယ်။ Modern History ဟာ လူတစ်ယောက်ရဲ့ဘဝနေ ထိုင်မှုမှာ ဘယ်လောက် အရေးပါသလဲ။

ကျွန်တော်အသက် ၁၀ နှစ် (၁၉၃၃)မှာ မြန်မာ့နိုင်ငံရေးမှာ နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားရေး၊ လူတန်းစားရေး ဆိုတာတွေ ပျံ့နှံ့

တွင်ကျယ်နေပါပြီ။ ဒီအယူအဆ အတွေးအခေါ်တွေထဲမှာ ကြီးပြင်းလာခဲ့တဲ့ ကျွန်တော်ဟာ နိုင်ငံရေးကို စိတ်ပါဝင်စားလာခဲ့ပါတယ်။ ဒါကြောင့် ကိုယ့်နိုင်ငံအပြင် အခြားနိုင်ငံတွေမှာ ဖြစ်ပျက်နေတာတွေကို သိချင်လို့ ခေတ်သစ်သမိုင်းကို စိတ်ဝင်စားတယ်။ သုတေသနလုပ်ဖို့ စိတ်ဝင်စားခဲ့တာ မဟုတ်ပါ။ နိုင်ငံရေးမလုပ်တော့ဘူးလို့ စွန့်လွှတ်ပြီးခါမှ သမိုင်းသုတေသနအတွက် သမိုင်းကို လေ့လာရာမှာ ခေတ်ဦးပိုင်းရောက်လေ အချက်အလက် အထောက်အထားရှာဖွေရတာ ခက်လေမို့ တွေ့ကြုံရသမျှ အခက်အခဲတွေ ကို ကိုယ်တိုင်ရှာဖွေ ဖြေရှင်း ဆုံးဖြတ်ချင်တာတွေကြောင့် ခေတ်ဟောင်းသမိုင်းကို သုတေသန လုပ်ဖို့ ဆုံးဖြတ်ခဲ့တာပါ။

ဘဝနေထိုင်မှုအတွက် ခေတ်သမိုင်းကို မသိလို့ မဖြစ်၊ ခေတ်သမိုင်းမှာ နိုင်ငံရေးသာမက လူမှုရေး၊ စီးပွားရေးတွေလည်း အရေးကြီးတယ်။ မှန်ကန်တဲ့ သမိုင်းအခြေခံသိမှ ကိုယ်တိုင်လည်း ရှေ့ကို ဘယ်လိုတွေ့မယ်လို့ မှန်းဆနိုင် Perception တယ်။ အကျိုးအမြတ်ရချင်ရင်၊ အောင်မြင်ချင်ရင် ဘယ်လိုလုပ်ဆိုတာ လမ်းညွှန်နိုင်မယ်။ ဦးစီးဦးဆောင် ပြုနိုင်မယ်။ ဆုတ်ယုတ်ရင် အကြောင်းရင်းကို သိထားမှ ဘယ်လိုတားဆီးရမယ်ဆိုတာ သမိုင်းက အဖြေပေးမယ်။ အောင်မြင်ချင်ရင် လူ့ဘဝသင်ခန်းစာပေးတဲ့ သမိုင်းကို သိထားမှ ဖြစ်မယ်။

ခေတ်သမိုင်းဟာ ထင်ရှားသူတွေရဲ့ အတ္ထုပ္ပတ္တိဖြစ်လို့လည်း ကိုယ့်အတွက် စံတင်ရသူတွေရဲ့ အကြောင်းကို သိချင်တယ်။ ဒါတွေကို သမိုင်းက ပြောပြနေတယ်။ ဒါကြောင့် ခေတ်သမိုင်းဟာ အရေးပါတယ်။ အရေး တယူ လေ့လာသင့်ပါတယ်။

ဆရာကြီးဟာ ဘဝမှာ ရှေ့နေဖြစ်ရမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဥပဒေပညာကို သင်ယူခဲ့ဖူးပေမယ့် ရှေ့နေမဖြစ်ဘဲ သမိုင်းဆရာ

ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဘယ်ကိစ္စနဲ့ ဘယ်အတွေးကြောင့် သမိုင်းဆရာဘဝကို ကျေကျေနပ်နပ်ကြီး ခံယူပါသလဲ။

ကျွန်တော့်ဘဝ ဖြတ်သန်းမှုကို ကြည့်ရင် အမျိုးသားလှုပ်ရှားမှု ပြင်းထန်ချိန်မှာ လူလားမြောက်လာခဲ့လို့ နိုင်ငံရေးပဲ လုပ်ချင်တယ်။ စာပေကို လုံးဝ ဝါသနာမပါ။ တက္ကသိုလ်ရောက်တော့ နိုင်ငံရေးလုပ်ရာမှာ အထောက်အပံ့ဖြစ်စေမယ့် ဘာသာတွဲကို ရွေးချယ်တယ်။ History, Geography, Economic ဘာသာတွဲပေါ့။ နောက်ထပ် အမြင်တစ်ခု တိုး လာတာက နိုင်ငံရေးမှာ ဥပဒေပညာ တတ်ဖို့လည်း လိုတယ်။ ရှိပြီး ဥပဒေ၊ ပြင်ဆင်ဖြည့်စွက်ထုတ်နုတ်ရမယ့် ဥပဒေ၊ ဒါတွေကို သိရှိထားဖို့ လိုတယ် လို့ သဘောပေါက်လာတယ်။ B.A ရောက်တော့ Modern European History, Political Science, Economic ယူတယ်။ Economic က ဆရာနဲ့ သင်မှု ဖြစ်မှာမို့ Economic အစား English Literature ကို ပြောင်းယူတယ်။ B.A အောင်တော့ B.L ဆက်ဖြေတယ်။ သဘောက တော့ အောင်မြင်တဲ့ နိုင်ငံရေးသမားတစ်ဦးဖြစ်ဖို့ လိုအပ်မယ် ထင်တာ တွေကို ဖြည့်ဆည်းလေ့လာတာပါပဲ။

တကယ်တမ်း နိုင်ငံရေးထဲ ခြေစုံပစ်ဝင်မယ်ဆိုတော့ အများက သဘောတူဆုံးဖြတ်တာကို ကိုယ့်ဆန္ဒနဲ့ မကိုက်ညီလည်း အားတက်သရော ဖြစ်မြောက်အောင် ဆောင်ရွက်ရမယ်ဆိုတာ ကိုယ့်ပင်ကိုသဘာဝနဲ့ မကိုက်ညီတာကို တွေ့လာရတယ်။ ဒါကြောင့်လည်း နိုင်ငံရေး မလုပ်တော့ဘူး လို့ စွန့်လွှတ်လိုက်ရတယ်။ အဲဒါကြောင့်လည်း B.I.A ခေတ်က တပ်ထဲကို မဝင်ဖြစ်ခဲ့ပါ။

အသက်မွေးဝမ်းကျောင်းအတွက် တစ်ခုခုလုပ်ဖို့ လိုအပ်လာပြီဆို တော့ ကိုယ်စိတ်အားထက်သန်တဲ့ Diplomatic Corps မှာ ဝင်လုပ်နိုင်ဖို့

ကြိုးစားပေမယ့် အာဏာရ အဖွဲ့အစည်းရဲ့ ဆန့်ကျင်ဘက် အင်အားစုမှာ လုပ်ကိုင်ဆောင်ရွက်ခဲ့ဖူးတာ ဖြစ်တဲ့အပြင် နိုင်ငံရေး စွန့်လွှတ်တဲ့အခါမှာ လည်း ကိုယ်လုပ်ခဲ့တဲ့အဖွဲ့အစည်းကို အပုပ်ချ ပြစ်တင်ဝေဖန်ခြင်း မပြုလို တဲ့အတွက် အစိုးရဝန်ထမ်း မဖြစ်နိုင်တော့ပါ။

တက္ကသိုလ်မှာ ဆရာဖြစ်လာတော့ အဲဒီခေတ် တက္ကသိုလ်ဟာ သီးခြားအုပ်ချုပ်ခွင့်ရတဲ့ အဖွဲ့အစည်းဖြစ်တယ်။ ဆရာ၊ ဆရာမတွေကို အစိုးရခန့်နဲ့ ဆီးနိတ်ခန့်ဆိုပြီး ရှိတယ်။ ဆီးနိတ်ခန့်က တစ်နှစ်စီ စာချုပ်နဲ့ ခန့်တာပါ။ စာချုပ်သက်တမ်းပြည့်လို့ ထပ်မခန့်ရင် အလိုလို ရပ်စဲခံရပြီး ဖြစ်ပါတယ်။ ပါမောက္ခဒေဆိုင်း Desai က ကျွန်တော့်ဆန္ဒကို မေးပြီး သဘောတူတာနဲ့ လျှောက်လွှာတင်၊ ငွေစာရင်း၌ာန သတင်းပို့၊ အဲဒါနဲ့ ကျောင်းဆရာအချိန်ပိုင်း တစ်လ ၆၀/- နဲ့ ဖြစ်ခဲ့တာပါ။ တာဝန်ကျရာ အပိုင်းကို သင်ပြရတယ်။ Modern History ကို ကျေညက်နေပြီး ဖြစ်ပေ မယ့် သုတေသနဘက်ကို အားသန်တော့ ပိုပြီး အခက်အခဲကြုံတွေ့ရနိုင် မယ့် ခေတ်ဟောင်းမြန်မာကို အထူးပြုအဖြစ် ရွေးချယ်ပြီး ယခုထိ သုတေ သနပြု ပညာရှာနေဆဲပါ။ တကယ် ဝါသနာပါတာက သုတေသနလုပ်ငန်း၊ ဆောင်ရွက်နေတာက သုတေသနလုပ်ငန်း၊ ဆောင်ရွက်နေတာက ကျောင်း ဆရာ၊ ကျောင်းဆရာက အသက်မွေးဝမ်းကျောင်းလုပ်ငန်းသာ ဖြစ်ပါတယ်။ ကိုယ်က ရွေးချယ်ခဲ့တာ မဟုတ်ပါ။ ကိုယ့်ကို သူက ရွေးချယ်တာလို့ ပြောရင် ဖြစ်ပါတယ်။

ဆရာ့စာတွေမှာ ဆရာ့အပေါ် မှာ ဩဇာလွှမ်းမိုးခဲ့တဲ့ ပုဂ္ဂိုလ်တွေ အကြောင်းပါတတ်ပါတယ်။ ဆရာ့ဘဝမှာ ပြန်အပြောချင်ဆုံး

အမှတ်တရ ရှိဆုံး ပုဂ္ဂိုလ်တွေ အကြောင်း လူငယ်တွေအတွက် ပြန်ပြောပြစေလိုပါတယ်။

ပါမောက္ခ G.H.Luce (20 January 1889-3 May 1979) နဲ့

ပါမောက္ခ D.G.E. Hall (17 November 1891 - 12 October 1979) တို့ ဖြစ်ပါတယ်။

ပါမောက္ခလုစ့်ဟာ မြန်မာသမိုင်းကို သိပ်ခက်ခဲတဲ့အပိုင်းအထောက်အထားမရှိသလောက် နည်းပါးတဲ့အပိုင်းကို ပြုစုနေတယ် ဆိုတာ ကြားဖူးပေမယ့် ရန်ကုန်တက္ကသိုလ်မှာ မဆုံလိုက်ရပါ။ အင်းလျားဆောင်ရှေ့ သူ့နေအိမ် အနီးအပါးမှာ မကြာခဏ တွေ့ဖူးလို့ သိနေပါတယ်။ လန်ဒန်ကို ၁၉၅၂ ကုန်ခါနီးရောက်သွားတော့ ကျွန်တော်ရောက်သွားတဲ့ အရှေ့တိုင်း နဲ့ အာဖရိကပညာသင် SOAS ကျောင်းမှာ ဧည့်ပါမောက္ခအဖြစ်နဲ့ သူ ရောက်နေတာ တစ်နှစ်ရှိပြီ။ ရောက်တဲ့နေ့ နေ့လယ်စာ စားဖို့ ထွက်ရာမှာ သူနဲ့ ပက်ပင်း ဆုံမိပြီး တွေ့ဆုံနှုတ်ဆက်ရာက နေ့လယ်စာစားဖို့ သူက ဖိတ်ခေါ်လို့ လိုက်သွားပါတယ်။

ပါမောက္ခလုစ့်က "မင်း ဘာလုပ်မလဲ" မေးတယ်။ ကျွန်တော်က "အင်္ဂလိပ်၊ မြန်မာမှတ်တမ်းတွေနဲ့ ရှမ်းမြန်မာ ဆက်ဆံရေးသမိုင်းလုပ်မယ်" ပြောတော့ "ခေတ်ဟောင်း မြန်မာ့သမိုင်း မလုပ်ချင်ဘူးလား။ ဗိုလ်မှူးဘရှင်က အခု လန်ဒန်မှာ စစ်သံမှူး ဖြစ်နေတယ်။ အလုပ်များလွန်းလို့ သုတေသနဘက် မလိုက်နိုင်ဘူး။ ငါ့အလုပ်ကို ဆက်ခံမယ့်သူ မရှိဖြစ်နေတယ်။ မင်း လုပ်ပါလား" "ကောင်းပြီ လုပ်မယ်၊ ဘာလုပ်ရမယ်ဆိုတာ ပြောပါ" "ကျောက်စာတွေ ဖတ်ရမယ်။ စာအုပ်ထုတ်ဖို့ အသင့်လုပ်ထားတဲ့ ကျောက်စာမင်ကူး (Estampages) မိတ္တူတွေ စုပြီးသား ရှိတယ်။ လုပ်မယ်ဆိုရင်

နက်ဖြန် ငါ့အခန်းကို လာခဲ့။ ဘယ်ကျောက်စာက စဖတ်ရမယ်ဆိုတာ ပြောမယ်” တဲ့။

ပါမောက္ခလှ‌စ် အခန်းကို နောက်တစ်နေ့ ရောက်သွားတော့ ကျောက်စာဖတ်တာကို သင်ပေးတာ မဟုတ်။ ဒါတွေ ဖတ်ဆိုပြီး ပုံပေးထား တယ်။ ဖတ်နည်းကို ဒေါက်တာ လှဖေ၊ ဦးတက်ထွတ်တို့ကို မေးရတယ်။ သူတို့က မြစေတီကျောက်စာကို ဖတ်၊ တစ်လုံးချင်း မြန်မာပြန်နဲ့ အင်္ဂလိပ် လို ရှိတယ်။ အဲဒါ ဖတ်စာအုပ်ပဲပေါ့ လို့ ပြောတယ်။

ပါမောက္ခလှ‌စ်က မြန်မာနိုင်ငံမှာ အမှုထမ်းခဲ့တဲ့ အိုင် စီ အက်စ် အရာထမ်းဟောင်းတွေကို မြန်မာကျောက်စာ ဖတ်နည်း သင်ပြလာခဲ့တာ တစ်နှစ်နီးပါး ရှိနေပြီ။ အဲဒီသင်တန်းကို ကြားဖြတ်တက်ရတယ်။ သူ့ ဆရာ သက်တမ်းကို ကုန်လို့ပြန်ခါနီးတော့ ကျွန်တော့်ကို “မင်းယူမယ့်ဘွဲ့နဲ့ ထိုက် တန်ကြောင်းကို သိနိုင်ဖို့အတွက် ကျောက်စာ အထောက်အထားတွေအရ Administration of Myanma (1044 - 1287) စာတမ်းအကျဉ်း ရေး ပြီး Seminar မှာ မင်းစာတမ်းဖတ်၊ အဲဒီစာတမ်းအရ မင်းအရည်အချင်းကို အကဲဖြတ်မယ်” တဲ့။ သုံးလအတွင်း မအိပ်မစား လုပ်ရတယ်။ စာတမ်း ဖတ်တော့ ကျေနပ်လို့ ဆက်လုပ်ရတယ်။ “မင်း လူပျင်း မဟုတ်ဘူး ” တဲ့။

ပါမောက္ခဟောလ်ဟာ ရန်ကုန်ကောလိပ်မှာ ၁၆ မေ ၁၉၂၁ က ၃ ဩဂုတ် ၁၉၃၄ ထိ သမိုင်းပါမောက္ခလုပ်သွားတယ်။ သမိုင်း စာအုပ်တွေ အတော်များများရေးသွားတယ်။ သူက ခေတ်သစ်သမိုင်းလေ့လာသူ။ သူက နိုင်းယှဉ်ချက်တွေနဲ့ အကျယ်ဟောပြောပါတယ်။ အားလုံး လက်ခံဖို့ မလို ပေမယ့် သူပြောတဲ့ အချက်တော်တော်များများဟာ စဉ်းစားသတိပြုစရာ ဖြစ်ပါတယ်။

## <u>တကောင်းစာအုပ်တိုက်</u>

ကျွန်တော့် Ph .D ကျမ်း The Buddhist Church in Myanma during the Bagan Period 1044 - 1287 ကို ပါမောက္ခဟောလ်က ကြီးကြပ်တယ်။ တိုတိုရှင်းရှင်း လွယ်လွယ်ရေး၊ ဟန်မလုပ်နဲ့၊ ကမ္ဘာဦး တည် တာက မစနဲ့။ ပုဂံကပဲ စ၊ သာသနာအပြင် နိုင်ငံရေး၊ လူမှုရေးနဲ့ စီးပွားရေး လည်း အကျုံးဝင်တတ်သမျှ ထည့်ရေးဖို့ ခိုင်းပါတယ်။

ပါမောက္ခဟောလ်က "Encyclopaedia Brittanica 1952 ထဲ က မြန်မာသမိုင်းကို G.E.Harvey ရေးခဲ့တယ်။ အခု ငါ့ကို ပြင်ရေးဖို့ တာဝန်ပေးနေတယ်။ မင်းရေးကွယ်" လို့ ခိုင်းပါတယ်။ ၁၉၅၈ ခုနှစ် ထုတ် မြန်မာနိုင်ငံအကြောင်းကို ကျွန်တော် ရေးရပါတယ်။ ၄ ဇန်နဝါရီ ၁၉၅၆ နံနက် ၁၀ နာရီမှာ ပါမောက္ခဟောလ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ပါရဂူ စာစစ်အဖွဲ့က ကျွန်တော့်ကို ခေါ်ပြီး နှုတ်မေးပွဲ လုပ်တယ်။ ကျွန်တော် ရေးသားတင်သွင်းတဲ့ကျမ်းကို Recommended that it is fit for publication assubmitted ဆိုတဲ့ အကောင်းဆုံး မှတ်ချက်နဲ့ မင်း စာမေးပွဲ အောင်တယ်လို့ လက်ဆွဲနှုတ်ဆက်ကြပါတယ်။ အဲဒီညနေ လန်ဒန်မြန်မာ သံရုံးက ပါမောက္ခဟောလ်ကို မြန်မာလွတ်လပ်ရေး ညစာ စားဖို့ဖိတ်တယ်။ သူက အားရဝမ်းသာနဲ့ မြန်မာသံအမတ်ကြီးကို ကျွန်တော် Ph.D ရသွား ပြီလို့ ပြောခဲ့တယ်။ နောက်တစ်နေ့ "တစ်ပတ်အတွင်း မီရာသဘော်နဲ့ မြန်မာနိုင်ငံကို ပြန်ပါ" လို့ သံရုံးက အမိန့်စာ ထုတ်ပါတယ်။

ကျွန်တော့်ကို ပါမောက္ခလူ့စ်က ပညာရပ်တစ်ခု အနေနဲ့ စနစ်တကျ သုတေသနလုပ်တတ်အောင် သင်ကြားပေးခဲ့တယ်။ ပါမောက္ခဟောလ်က တတ်ထားတဲ့ ပညာရပ်နဲ့ လက်တွေ့ဘဝမှာ အကျိုးရှိအောင် အသုံးပြုတတ် ဖို့ လမ်းညွှန် သင်ကြားပေးခဲ့ပါတယ်။ "အရေးအကြီးဆုံး အချက်က ဘယ်

သူ ပြောတာမှ မယုံနဲ့၊ ကိုယ့်ဘာသာ အထောက်အထားရှာပြီးမှ ဟုတ် မဟုတ် ဆုံးဖြတ်ပါ” တဲ့။

ဆရာငယ်စဉ်က စံပြုခဲ့တဲ့ ပုဂ္ဂိုလ် ရှိပါသလား။ အခုကော ရှိပါ သလား။

ကျွန်တော့်ဖခင် ဦးဘိုးတွေဟာ ကျွန်တော့်ရဲ့ စံပြုပုဂ္ဂိုလ်ပါပဲ။ ဦးဘိုး တွေမှာ ညီအစ်ကိုနှစ်ယောက် ရှိတယ်။ သူက အငယ်၊ သူ့အစ်ကိုက ဦးဘိုးကြွေ၊ ဘိုးကြွေ နာမည်နဲ့ လိုက်ဖက်အောင် ဘိုးတွေလို့ နာမည်ပေးခဲ့ တာ ဖြစ်မယ်။ ကျွန်တော်တို့ သိတတ်တဲ့ အရွယ်မှာ အဒေါ်တစ်ယောက်က “ဘိုးတွေ ဒီလောက်ကောင်းလိမ့်မယ် မထင်ဘူး” လို့ ပြောခဲ့တာ ကြားရဖူး တယ်။ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ လှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့တယ်။ ခေါင်း တုံးတုံး၊ ခုံဖိနပ်စီး၊ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်၊ ဝါတွင်းကာလ အိမ်မပြန်ဘဲ ဘုန်းကြီးကျောင်းမှာ ဥပုသ်စောင့်တယ်။ ရပ်မှုရွာမှုကိစ္စ အားပေးကူညီ ဆောင်ရွက်တယ်။ ရပ်ရွာရဲ့လေးစားမှုကို ခံရတယ်။ အမေက မကျန်းမာ ဘူး။ နှစ်ရှည်လများ ပြုစုပေးရတော့ ဆေးဝါးအကြောင်း နားလည်လာ တယ်။ ရပ်ရွာမှာ နေထိုင်မကောင်း ဖြစ်နေသူတွေကို တတ်သလောက်၊ မှတ်သလောက် လိုက်ကုပေးတယ်။ သားသမီးတွေကို နေ့လယ်မှာ ဖတ် ထားတဲ့ ၅၅၀ ဇာတ်ထဲက ပုံပြင်တွေ ညဘက်မှာ ပြန်ပြောပြတယ်။ ဘယ်သူ နဲ့မှ အတိုက်အခံ မလုပ်၊ ရပ်ရွာမှာ ပင်ပန်းခက်ခဲမယ့် အလုပ်တွေကို ကိုယ်ကိုယ်တိုင် ဝင်လုပ်တယ်။ တွက်ကပ်မှု မရှိ။ အများအတွက်ဆိုတဲ့ ဆန္ဒကို ဦးစားပေးတယ်။ ကျွန်တော်နဲ့ မတူပါ။

လူတစ်ယောက်ရဲ့ တန်ဖိုးကို သူ ပြီးမြောက် ကျေပွန်မှု (Accom-plishments) တွေနဲ့ တိုင်းတာတယ်လို့ ကျွန်တော် မှတ်သားရပါ

တယ်။ ဆရာရဲ့ (Accomplishments) တွေက အများကြီးရှိနေပါတယ်။ ဆရာ ဒီလို ပုဂ္ဂိုလ်မျိုးဖြစ်လာစေဖို့ ကျေးဇူးရှိခဲ့သူ၊ ဆပ်ခွင့်ရှိရင် ဆပ်ချင်တဲ့ ပုဂ္ဂိုလ်တွေ ရှိရင် ပြောပြပေးပါ။ ဆရာနဲ့ ဆက်နွယ်ပုံကို သိလိုပါတယ်။

ကျေးဇူးရယ်လို့ မခံယူပါ။ ကိုယ်လုပ်စရာရှိတာ လုပ်ပေးတာနဲ့ ခံယူ တာသာလျှင် ဖြစ်ပါတယ်။ ဘာမဆို ကြိုးစားယူရပါတယ်။ ကိုယ့်ကို နှိပ်စက် စော်ကားခဲ့တာတောင် အတိုက်အခံရှိမှ ကြီးပွားတယ်ဆိုပြီး ကျေးဇူး တင်လိုက်သေးတယ်။ ကိုယ်က နိုင်တဲ့အလှည့်မှာတောင် ကလဲ့စားချေခြင်း မပြု၊ မနှိပ်စက်ပါ။ စိတ်မဆင်းရဲစေရပါ။ အဲဒါတွေကြောင့် အကျိုးခံစား ရတာတွေလို့ ခံယူပါတယ်။ ကိုယ်လုပ်ခဲ့တာတွေရဲ့ အသီးအပွင့်တွေကို ကိုယ် ခံစားရတာပါ။ ကျေးဇူးရယ်လို့ အတုံ့အလှည့် မှတ်ထားတာ မရှိပါ။ သူ လုပ်စရာရှိတာ သူ လုပ်ပြီး ကိုယ် လုပ်စရာရှိတာ ကိုယ်လုပ်တယ်။ ဘယ်သူက မ စ လို့ ငါကြီးပွားတာလို့ ဘယ်သူ့ကိုမှ အထူးကျေးဇူးမတင် ပါ။ ကျွန်တော့်မှာ ဆရာသခင် ကျေးဇူးရှင်ရယ်လို့ မရှိပါ။ သူများကသာ ကျွန်တော့်ကို ဒီလိုခေါ်တာ ခံရဖူးတယ်။ အဲဒါလည်း ကျွန်တော် အမြောက် ကြိုက်မှန်းသိလို့ ပြောင်ပြောင်ရှင်းရှင်း မြှောက်တာလို့ ထင်ပါတယ်။ ကြား ခါ မြင်ခါနဲ့ တတ်တယ်။ အကင်းပါးတယ်။ သင်ကြားပေးသူက ကြိုးစားပြီး သင်ပေးရတယ်လို့ မရှိပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ် ပြင်းထန်သူဖြစ်လို့ ငါလုပ်လို့ ငါရတာလို့ပဲ ယူဆပါတယ်။

ဆရာဟာ လက်တွေ့ကျပြီး ပြတ်သားတဲ့လူလို့ ထင်ရှားလှပါတယ်။ ဘာသာရေးနဲ့ ပတ်သက်ပြီး ဆရာကြီး ယုံကြည်တာ၊ နားလည်တာ နဲ့ ခံယူတာကို တိတိကျကျ မတွေ့ဖူးပါ။ ဘာသာရေးအပေါ် ဆရာကြီးရဲ့ သဘောထားကို သိလိုပါတယ်။

ဆုံးဖြတ်ချက် မြန်၊ နှောင်တ မရ၊ ပူပင်ကြောင့်ကြမှု မရှိ၊ စိတ်ရင်း အတိုင်းပြောတယ်။ ကိစ္စတစ်ခု တွေ့လို့ဒီလိုလုပ်မှ ဖြစ်မယ်ဆိုရင် ချက်ချင်း ဆုံးဖြတ်၊ ချက်ချင်း ဆောင်ရွက်တတ်ပါတယ်။ သုတေသန အလေ့အကျင့်ကြောင့် ဖြစ်မယ်ထင်ပါတယ်။

ပါရဂူဘွဲ့အတွက် စာတမ်း The Buddhist Church in Myan ma during the Bagan Period 1044 - 1287 ရေးတဲ့အခါ ဗုဒ္ဓသာသနာ ရဲ့ အခြေခံကို သိမှဖြစ်မယ်ဆိုပြီး ပိဋကတ်သုံးပုံ မြန်မာဘာသာပြန်ကို ဖတ်တယ်။ ပါဠိ ရောထွေးနေလို့ နားမလည်၊ မရှင်း။ ဒါကြောင့် အင်္ဂလိပ်လို ပြန်ထားတာ ဖတ်တယ်။ ထုတ်နုတ်ဖတ်တာ ရှိတယ်။ တောက်လျှောက် ဖတ်တာ ရှိတယ်။ အဲဒီလိုနဲ့ ဗုဒ္ဓသာသနာအကြောင်း သိလာတယ်။ Teaching of the Buddha (ဗုဒ္ဓရဲ့ ဆုံးမချက်များ) လို့ နားလည် သဘော ပေါက်လာတယ်။ တွေ့မြင်နေရတဲ့ ဗုဒ္ဓသာသနာဝင် ဆိုသူတွေရဲ့ အပြုအမူ အနေအထိုင် အလေ့အကျင့်တွေဟာ ဗုဒ္ဓရဲ့ ဆုံးမချက်တွေနဲ့ ကွဲပြား ခြားနားနေတာတွေ တွေ့နေရတော့ လူအများ လုပ်နေတာတွေဟာ နေရာ မကျဘူးလို့ သိထားလို့ သူတို့နဲ့ ရောနှောမနေပါ။ ခပ်ရှင်းရှင်းပဲ နေတယ်။

ဆရာ့အိမ် (ကွန်သာယာ) ပေါ့လေ။ ဆရာရဲ့ အခန်းဖွဲ့စည်းပုံတွေ မှာ တက္ကသိုလ်နာမည်တွေ တစ်ခုစီ ပေးထားပါတယ်။ တော်တော် စိတ်ဝင်စားစရာ ကောင်းနေပါတယ်။ ဒီနာမည်တွေနဲ့ ပတ်သက်လို့ ဆရာ ခံစားရတာ ပြောပြပေးစေလိုပါတယ်။

ပုဂံခေတ် စာလုံးပေါင်းမှာ ဝစ္စပေါက် ဂရုစိုက်မထည့်ဘူး။ ကွန်းကို ကွန်လို့ရေးတယ်။ နားခိုရာလို့ အဓိပ္ပာယ်ထွက်တယ်။ အဲဒီစကား လုံးကို သဘောကျလို့ နေအိမ်ကို ကွန်သာယာ၊ စာဖတ်ခန်းကို ကွန်စာရှု၊

စာအုပ်တွေကို သိုမှီးသိမ်းဆည်းထားတဲ့ အခန်းကို ကွန်စာသိမ်းလို့ နာမည်တွေ ပေးထားတယ်။

နေအိမ်ရဲ့ အခန်းတွေကိုတော့ ကိုယ့်တစ်သက် နှစ်ရှည်လများ အမှုထမ်းခဲ့တဲ့ တက္ကသိုလ်တွေရဲ့ နာမည်တွေ ပေးထားပါတယ်။ University of Yangon, University of Mandalay, University of London, University of Kyoto စသည်အားဖြင့်ပေါ့။ သန့်စင်ခန်းကိုတော့ နာမည်ပေးမထားပါ။

ဆရာဟာ မွေးနေ့ကို မန္တလေးတောင်မြို့ (အမရပူရ) က တောင်လေးလုံးကျောင်းတိုက်မှ ကျင်းပခဲ့တာ တွေ့ရပါတယ်။ ဘာဖြစ်လို့ မန္တလေး ကို ရွေးချယ်ရပါသလဲ။

နိုင်ငံခြား တက္ကသိုလ်တွေမှာ တစ်နှစ်တစ်ခါ အဆင့်မြင့် ကျောင်းသားတွေကို ဆရာက အိမ်ကို ဖိတ်ခေါ်ပြီး ကျွေးမွေးပြုစုလေ့ ရှိတယ်။ ကျွန်တော် မန္တလေးတက္ကသိုလ်မှာ အမှုထမ်းစဉ်က အဲဒီအလေ့အကျင့်ကို စပြီး လုပ်တယ်။ အစပိုင်းကတော့ သင့်လျော်မယ့် တစ်ရက်ရက်ပေါ့။ နောက်တော့ စာသင်သားတွေ စာမေးပွဲလည်း ပြီး ကျွန်တော့်မွေးနေ့လည်း တိုက်ဆိုင်တဲ့ ၆ ဧပြီကို ရွေးချယ်ပြီး လုပ်ပါတယ်။ အငြိမ်းစားမယူခင် မန္တလေးတက္ကသိုလ်က နိုင်ငံခြားကို ရှစ်နှစ်လောက်ထွက်သွားပြီး ရန်ကုန်ပြန်ရောက်တော့ ၁၀တန်းအဖြေလွှာတွေ စစ်ဖို့လာတဲ့ တက္ကသိုလ်အသီးသီးက ဆရာတွေ ဆုံစည်းနိုင်မယ့် အချိန်လည်း ဖြစ်၊ မွေးရက်လည်း တိုက်ဆိုင်တဲ့ ၆ ဧပြီကိုပဲ ရွေးပြီး ရန်ကုန်မှာ မွေးနေ့ပွဲ လုပ်ဖြစ်တယ်။ မနှစ်ကစပြီး မန္တလေးတက္ကသိုလ်က ဆရာတွေ ရန်ကုန်ကို လာဖို့မလိုတော့ဘူးဆိုတော့ သူတို့ကလည်း အစဉ်အလာကို မဖျက်ချင်တာနဲ့ မန္တလေးမှာ (ဆရာတပည့်

တွေ့ဆုံပွဲ)ကို ၆ ပြေီမှာ တောင်မြို့ (အမရပူရ) က တောင်လေးလုံး ကျောင်းတိုက်က ကြည်ကြည်ဖြူဖြူ ပွဲလုပ်ခွင့်ပြုလို့ အဲဒီမှာ လုပ်ဖြစ်တာပါ။ နေတာက ရန်ကုန်မှာဆိုတော့ ရန်ကုန်က ဆွေမျိုး၊ မိတ်သင်္ဂဟ၊ လုပ်ဖော် ကိုင်ဖက်၊ တပည့်သားမြေးတွေနဲ့လည်း တစ်နှစ်တစ်ခါဆုံချင်တာနဲ့ ရန်ကုန် မှာလည်း မွေးနေ့ပွဲ ထပ်လုပ်တယ်။ ရက်ကတော့ ခြားသွားတာပေ့ါ။

မွေးနေ့ပွဲလုပ်တော့ မွေးနေ့လက်ဆောင်ဆိုပြီး လာပေးကြတာတွေ ရှိပါတယ်။ အဲဒီတော့ လက်ဆောင်နဲ့ လာဘ်ပေးတာ ခွဲခြားသိမှ ဖြစ်မယ်။ လက်ဆောင်ဆိုတာက အဆင်သင့်ရာကို စားသုံးပါစေတော့ဆိုပြီး စေတနာနဲ့ ယူလာပေးတာ။ လာဘ်ပေးတယ်ဆိုတာက ပေးသူကို သတိထားမိစေ ပြီး တစ်စုံတစ်ရာ အကျိုးစီးပွားဆောင်ရွက်ပေးစေချင်လို့ ပေးတာ၊ ရာသီအလိုက်ပေါ်တဲ့ သစ်သီး ၄-၅-၁၀ လုံးကို အိတ်ထဲထည့်ပြီး လာပေးတာက လက်ဆောင်။ အဲဒါကိုပဲ အုပ်ဆောင်းနဲ့ ပေးတာက လာဘ်ထိုးတာလို့ ကျောင်းသားတွေကို ပြောပြရသေးတယ်။ သူတို့ကလည်း စာမေးပွဲ ဖြေရ ခါနီး ရောက်မှ ဆရာကန်တော့ပွဲလုပ်ကြလို့ ဒီလိုပြောတာပါ။

ဆရာကြီးဘဝမှာ လက်ကိုင်ထားတဲ့ ဘဝနေနည်း အယူအဆကို ပြောပေးပါ။

အတိုက်အခံရှိရင် ပျော်တယ်။ ကိုယ့်ထက် တန်ခိုး အရှိန်အဝါ

ဩဇာ အာဏာရှိသူတွေနဲ့ ရင်ဆိုင်ဖြေရှင်းရတာ ပိုကြိုက်တယ်။ ဒါပေမဲ့ ကိုယ်က စတင်ပြီး အတိုက်အခံဆန့်ကျင်မှု မပြုပါ။ ရှုံးနိမ့်ရင်လည်း နစ်နာတယ်၊ ဝမ်းနည်းစရာလို့မထင်ပါ။ ကျော်အောင်က 'နှုတ်ကြောင့်သေမယ့်လူ' လို့ ပြောခဲ့တယ်။ လက်အောက်ငယ်သားကို မတိုက်ခိုက်ပါ။ မတူတဲ့အယူအဆကြောင့် အပြစ်ပေး အရေးယူတာမျိုး မရှိပါ။ ကိစ္စရပ်

တိုင်းကို ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားဆုံးဖြတ်တယ်။ ဩဇာအာဏာအရှိန်အဝါ သက်ရောက်မှုကို မခံယူပါ။ တစ်စုံတစ်ယောက်က အကူအညီတောင်းခံလာတဲ့အထိ စောင့်ဆိုင်းမနေဘဲ မိမိကူညီဖို့ လိုအပ်တယ်ဆိုတာ သိရုံနဲ့ ချက်ချင်း ကူညီဆောင်ရွက်ပေးတတ်ပါတယ်။ လုပ်ငန်းခွင်မှာရော နေအိမ်မှာပါ ကိုယ်နဲ့အတူ နေသူများက ကိုယ့်ကြောင့် စိတ်ဆင်းရဲမှု မဖြစ်ရအောင် သတိ ပြုနေထိုင်ပါတယ်။

ဆရာကြီးဟာ အခု ဧပြီလမှာပဲ ပြည်ပကို ခရီးထွက်ဖို့ ရှိတယ် လို့ သိရပါတယ်။ ဆရာထွက်ရတဲ့အကြောင်းနဲ့ ဆရာရောက်ရှိမယ့် နိုင်ငံများကို ပြောပြပေးပါ။

ဧပြီလကုန်ပိုင်းမှာ နယ်သာလန်နိုင်ငံ ဟော့ဂ် (The Hague) မှာ ကျင်းပမယ့်စာတမ်းဖတ်ပွဲတစ်ခုကို သွားဖို့ ရှိပါတယ်။ အဖွင့်မိန့်ခွန်း ပြောဖို့နဲ့ ၁၄ ရာစုနှစ်မှ ၁၉ ရာစုနှစ်အတွင်း အရှေ့တောင်အာရှမှာ အခြားနိုင်ငံများရဲ့ ထိပါးတိုက်ခိုက်မှုနဲ့ ပတ်သက်ပြီး ဘယ်လိုခံယူသလဲ ဆိုတဲ့ စာတမ်းကို မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ဖတ်ကြားဖို့ ဖြစ်ပါတယ်။

နှစ်ကုန်ပိုင်းလောက်မှာတော့ အာဆီယံနိုင်ငံများရဲ့ ကျောင်းသား၊ ဆရာ ဖလှယ်ရေး အစီအစဉ်အရ မလေးရှားကို သွားဖို့ ရှိပါတယ်။ (မသွားဖြစ်ပါ။)

ကျွန်တော်တို့ လူငယ်တွေအတွက် ဆရာကြီးလုပ်စေချင်တဲ့ အလုပ်၊ အပြောချင်ဆုံးစကားရှိရင် ပြောပြစေချင်ပါတယ်။

မြန်မာဓမ္မသတ်မှာ အမျိုးသား ၁၆ နှစ်၊ အမျိုးသမီး ၁၅ နှစ် ပြည့်ရင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ရှိနေပြီး အိမ်ထောင်ပြုနိုင်တဲ့ အရွယ်ရောက်ပြီလို့ ဆိုတယ်။ ဒါ့ကြောင့် လူငယ်တွေကို လူတတ်ကြီး လုပ်ပြီး ဘာကို

လုပ်စေချင်တယ်၊ ဘာကို မလုပ်စေချင်ဘူးလို့ ပြောဖို့ လိုမယ် မထင်ပါ။

ကျွန်တော့်လူငယ်ဘဝမှာ H.G. Wells ရေးတဲ့ Work, Wealth and Happiness of Mankind၊ သူက ရေးတဲ့ Science of Life နဲ့ နိုင်ငံရေးသမိုင်း၊ ခေတ်သမိုင်း၊ ခေတ်စီးပွားရေးသမိုင်း၊ ဆိုရှယ်လစ် အတွေး အခေါ် စတဲ့ သမိုင်းဆိုင်ရာစာအုပ်တွေ ဖတ်ပြီး ဘဝလမ်းညွှန်အဖြစ် ခံယူ ခဲ့ပါတယ်။

လူ့ဘဝမှာ ပညာရှာတဲ့ အရွယ်၊ စီးပွားရှာတဲ့အရွယ်၊ တရားရှာတဲ့ အရွယ်ရယ်လို့ သုံးပိုင်းပိုင်းရင် လူငယ်ဟာ ပညာရှာအရွယ် ဖြစ်တယ်။ အဲဒီမှာ တက္ကသိုလ်တစ်ခုတည်းသာလျှင် ပညာစခန်း မဟုတ်ပါဘူး။ အခြား ပညာစခန်းတွေ ရှိပါတယ်။ တက္ကသိုလ်က အထက်တန်းပညာကို ပေးတာ အထူးပြု (Specialization) ပညာပေးတာ၊ လူငယ်တွေအနေနဲ့ တက္ကသိုလ် အလွတ်လေ့လာသင်ကြားစရာတွေ အများကြီး ရှိပါတယ်။ စစ်အတွင်း တက္ကသိုလ်ပိတ်ထားတော့ ကျွန်တော့်ကို အဖေက ဘုန်းကြီးကျောင်းပို့ပြီး သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဗေဒင်တစ်ခုခုကို သင်ခိုင်းလို့ ဗေဒင်သင်ခဲ့ဖူးတယ်။ သင်ခဲ့ တော့ ဇာတာဖွဲ့နည်း၊ ပြက္ခဒိန်တွက်နည်းနဲ့ အဟော အပြော တတ်ခဲ့တယ်။ လိုအပ်ရင် အသက်မွေးပညာအဖြစ် အသုံးချနိုင်တာပေ့ါ။

နိုင်ငံခြားမှာ အထက်တန်းအောင်တဲ့ လူတိုင်း တက္ကသိုလ်ကို သွား ကြတာ မဟုတ်ပါ။ အင်မတန်စာတော်သူတွေဟာ တက္ကသိုလ်ဆက်တက် ကြတယ်။ လူနည်းစုပါ။ တကယ်တော်၊ တကယ်တတ်၊ တကယ်လုပ်ချင်သူ တွေသာ တက်ကြတာပါ။ အများစုက လုပ်ငန်းခွင်ဝင်၊ အဆင့်ဆင့် လုပ် ငန်းခွင် သင်တန်းတက်၊ ကျွမ်းကျင်မှုအလိုက် ရာထူးတက်၊ အဆင့်မြင့် အရာရှိကြီးတွေ ဖြစ်သွားကြတာပါပဲ။

ကိုယ့်ဖြစ်ချင်တာကို တကယ်သိပြီး ဖြစ်နိုင်မယ့် နည်းလမ်းကို ရွေး ချယ်လုပ်သွားရန်သာ ဖြစ်ပါတယ်။

## တကောင်းစာအုပ်တိုက်

လက်ရှိအချိန်မှာ ဆရာကြီးရဲ့ စိတ်ထဲမှာ ပြောချင်တဲ့ကိစ္စ၊ ရေးချင်တဲ့ကိစ္စရှိရင် မြန်မာသစ်ဂျာနယ်က တစ်ဆင့် ပြောပြပေးစေချင်ပါတယ်။

အရင်က အချိန် အင်မတန်ပေါတယ်လို့ ထင်ခဲ့တယ်။ အချိန်မပေါဘူးဆိုတာ နိုင်ငံခြားကို ရောက်မှ သိတယ်။ ခွင့်ပြုတဲ့ကာလအတွင်း လုပ် စရာရှိတာ ပြီးအောင် လုပ်ရမယ်ဆိုတော့မှ အချိန်ရဲ့ တန်ဖိုးကို သိလာတယ်။ စာတမ်းလုပ်တာက ပုဂံခေတ်အတွက်ပဲ။ ဒါပေမဲ့ လုပ်စရာတွေ ထပ်တွေ့လာတယ်။ ပုဂံခေတ်အပြင် ကုန်းဘောင်ခေတ်၊ အဝခေတ်၊ တောင်ငူခေတ် မှတ်တမ်းတွေ ရသလောက် စုချင်လို့ နေထိုင်ခွင့် နောက်ထပ် ခြောက်လကို ကိုယ့်စရိတ်ကိုယ်နေပါ့မယ်ဆိုပြီး ခွင့်ပြုချက် တောင်းခံရတယ်။

လုပ်ချင်ကိုင်ချင်စိတ်ရှိနေသူအတွက် လုပ်ကိုင်စရာတွေ ရှိနေတယ်။ ဖင့်နွဲ့နှေးကွေးနေသူတွေ ကျန်ရစ်ခဲ့မှာပဲ။ လုပ်စရာ အလုပ်တွေ အများကြီး။ အချိန်ကို သိနားလည်ကြ၊ တန်ဖိုးထားကြ၊ အရွယ်ကြီးလာတာနဲ့ အမျှ အချိန်တွေနည်းလာပြီ။ ဝေဿန္တရာဇာတ်မှာ ဝက်ပါအသွားပုဏ္ဏားကလိုက်ပြီး လှည်းကို အလှူခံတော့ ကုန်းကြောင်း ဆက်သွားရတဲ့အခါ နံရံဆေးရေး ဇာတ်ကွက်မှာ "သွားရမည့်ခရီး ဝေးသေး၏။ ခြေသာလျှင် ယာဉ် ရှိကုန်၏" လို့ ရေးသားထားတယ်။ ကျွန်တော်တို့လည်း လုပ်စရာ များပေမယ့် ကိုယ့်အတိုင်းအတာနဲ့ မြန်ချင်တိုင်း မဖြစ်လို့ နှေးတယ်။ နှေးတော့ အချိန်ပို လုပ်တာပေါ့။

တောင်ပေါ်ကျောင်း

## အမေရိက ပညာရေး မူလအဆင်အပြင်နဲ့ ပြင်ဆင်ချက်

ရှေးရှေးတုန်းက အမေရိကကို နှစ်လိုဖွယ်ဖြစ်အောင် တည်ဆောက်မယ် ဆိုတဲ့ လူတွေက သူတို့မြို့တော်တွေကို တောင်ထိပ်မှာ ရောင်စုံဖြာနေတဲ့နေရာလို လှပတင့်တယ်စေချင်ကြတယ်။ ခုတော့ ပညာရေးကို ပြုပြင်နေကြပြီ။ အရင် နှစ်တစ်ရာကျော်က မင်းတို့သတ္တိရှိရင် အကောင်းဆုံး စာသင်ကျောင်း ဖြစ်အောင် လုပ်ကြည့်စမ်းလို့ အီမာဆင်က စိန်ခေါ်တယ်၊ ၁၉၉၁ က စပြီး 'မိနီဆိုတာ'မှာ နိုင်ငံရဲ့အစ ခွင့်မိန့်ရ စာသင်ကျောင်း ဥပဒေကို ပြဋ္ဌာန်းပေးတဲ့အခါ ပညာရေး ကျွမ်းကျင်သူတွေ၊ မိဘတွေ၊ လှုပ်ရှားဝံ့သူတွေ၊ အသင်းအဖွဲ့တွေက ၂၀၀၀ ကျော်လောက် ရှိမယ်၊ တို့ လည်း ဝိုင်းလုပ်မယ်ဟေ့လို့ဆိုပြီး ဝင်လာကြတယ်။ လူထုအထောက်အပံ့ နဲ့ ကိုယ်တိုင် စိတ်တိုင်းကျ စီမံမယ်၊ တစ်ဖွဲ့စီမှာ သူတို့ကိုယ်ပိုင် လုပ်ချင်တဲ့ ကိစ္စအထူးလည်း ရှိနိုင်တယ်။ ခွင့်ရကျောင်းတွေက ရှေ့လုပ်ငန်းလည်း မျှော်ခေါ်တယ်။ သက်ရှိ သက်မဲ့ ဆက်သွယ်ရေး၊ မျိုးချစ်စိတ် မြှင့်တင်ရေး၊ ဝေလေ့ပေါင်းစုံ ပေါင်းစပ်ရေး၊ မသင်မကြားဘဲ အလိုအလျောက် တတ်မြောက်ရေး၊ အသိတရားကို အခြေခံတဲ့ သင်ရိုးကို ရေးဆွဲမယ်၊ အမြတ်ကို

ဦးတည်မယ်၊ အလျှဒါနကို ရှေ့ရှုမယ်နဲ့ စုံတယ်။ တချို့ကလည်း ကျောင်းရိုးရိုးထက် သာတဲ့ သတ်မှတ် ချက် နဲ့ သင်မယ်ဆိုပြီး အမျိုးမျိုးပြောကြတော့ ခြုံလိုက်ရင် အီမာဆင် ပြောတဲ့ 'စိတ်ပျက်ဖွယ် ပညာရေးစနစ်' ကို ဘယ် စနစ်နဲ့ အစားထိုးပြီး ပြင်မလဲ ဆိုတဲ့ အခြေအနေကို ဆိုက်ရောက်နေပါပြီ။ ခွင့်ရစာသင်ကျောင်းထဲက အကောင်းဆုံး ကျောင်းကိုအားကျပြီး **'ဟာပါ'** မဂ္ဂဇင်းက ရှေ့ဆောင် ပညာရေး ပဏ္ဍိတ်လေးဦးကို အီမာဆင်ရဲ့ စိန်ခေါ်သံအတိုင်း ကျောင်းပြင်ဆင်ရေးနဲ့ ပတ်သက်တဲ့ သူတို့စိတ်ကူးကို မေးပါတယ်။

အောက်ပါဆွေးနွေးပွဲကို လီဝစ်အိပ်ချ်လက်ဖဲမ်က ကြားလူလုပ်ပြီး မဲန်ဟတ်တန် ကျောင်းသစ်မှာ ပြုလုပ်တယ်။

## လီဝစ် လက်ဖဲမ်

ဟာပါ မဂ္ဂဇင်း အယ်ဒီတာ။

## ဂျွန်တေလာဂတ်တို

နယူးယောက်နယ်၊ နယူးယောက်မြို့တော်၊ ဒီနှစ်ဆရာလို့ နာမယ်ရ စာရေးဆရာ၊ အမေရိက ပညာရေးမှာ မြေအောက်သမိုင်းဆရာ၊ ခေတ်ကျောင်းတွေ အကြောင်းကို အရင်းကျကျ မေးစမ်းပြီး တင်ပြသူ။

## ကရစ်စကင်ကန်းဂျော်ဒန်

နယူး ယောက် မြေနိမ့်ခရိုင် ဘရွန့်ခွင့်ရ အကြိုကျောင်း တည်ထောင်သူ ဒါရိုက်တာ၊ ငွေကြေးချို့တဲ့သူတို့ အတွက် ကျောင်းရွေး ပညာသင် ဖောင်ဒေးရှင်း အမှုဆောင် ဒါရိုက်တာ။

## သီယိုဒို ဆိုက်ဇာ

မရှိမဖြစ် ကျောင်းပေါင်းစုံရဲ့ ဂုဏ်ထူးဆောင် သဘာပတိ၊ မက်ဆက်ချူးဆက်၊ ဒီးဝဲန်းစ်ရဲ့ ဖရန်စစ်ဒဗလျူပါကာရဲ့(ဇနီး)နဲ့ တွဲဖက်အုပ်ချုပ်

တဲ့ ကျောင်းအုပ်၊ ဟော့ရေ့စ်၏ကျောင်း၊ အမေရိက အထက်တန်းကျောင်းကို ပုံစံသစ် သွင်းပေးခြင်း စသော စာအုပ်ခြောက်အုပ် ရေးသူ။

**တောမတ်စတီးဝပ်**

အခုနွေက စပြီး အယ်ဒီဆင်ကျောင်းတွေနဲ့ တွဲလိုက်တဲ့ အခု သင်ကျောင်း ဖြစ်မြောက်ရေး ဒုတိယကျောင်းအုပ်ကြီး။ ဝါရှင်တန် ဒီစီ ဘော်ဒါဆောင်ဖြစ်တဲ့ အက်စ်၊ အီး၊ အီး၊ ဒီ ကျောင်းဒါရိုက်တာ။

## (၁) ဘာတွေလိုသလဲ

**လူးဝစ်အိပ်ချ်လက်ဖမ်။** ။ဘယ်လိုကျောင်းမျိုးတည်ဆောက်မလဲ ဆိုတာ မပြောမီ တစ်ခု မေးပါရစေ၊ ရိုင်းတယ်ထင်ရင်လည်း ခွင့်လွှတ်ပါ။ ဘာပြုလို့ ဒီကိစ္စကို ပြောချင်နေကြပါသလဲ ခင်ဗျာ၊ ပညာရေးနယ်က စာစောင်တွေကို အနှစ်လေးဆယ်တိုင်တိုင် ဖတ်ခဲ့ရဖူး ပါပြီ။ စစ်ရှုံးလို့ ထုတ်ပြန်တဲ့ ကျဆုံးသူစာရင်း ဖတ်ရသလို စိတ်ထဲမှာ ခံစား ရတယ်။ ကလေးတွေ စာမေးပွဲရှုံးတယ်၊ စာမေးပွဲမှာ ရတဲ့အမှတ်တွေက ကျဆင်းပြီးရင်း ကျဆင်းရင်း ဖြစ်နေတယ်။ အဲဒါမျိုးတွေပေ့ါဗျာ၊ ဒါပေမဲ့ ကျုပ်တို့တစ်တွေကတော့ အားလုံး ကောင်းပါတယ် ဆိုတဲ့ဟန်မပျက်ဘူး။ တို့မွေးထုတ်တဲ့ ဘွဲ့ရတွေက ချမ်းသာကုန်ပြီ။ အမေရိက သမိုင်းကို မသိရင်သာ ရှိမယ်။ သမ္မတတောင် အရွေးခံရသေးတယ်။ နောက်တစ်မျိုးပြောရရင် ပညာရေးမှာ အမေရိကတွေ ကမ္ဘာမှာ ရှေ့ဆောင်နေတယ်ဆိုရင် ငါတို့ကျောင်းတွေစွံသားပဲလို့ ပြောသင့်ပါတယ်။ တို့ကလေးတွေကတော့ ပြင်သစ်အလွတ် G-8 နိုင်ငံတွေက ကလေးတွေထက် ကျောင်းစာသင်ခန်းမှာ နေရချိန် ပိုများတယ်။ တို့ဆီက မူလတန်းပြဆရာတွေက ဝင်ငွေပိုတယ်။ ဂျာမနီက လွဲလို့ ကျန် G-8 နိုင်ငံတွေက ဆရာတွေရဲ့ ဝင်ငွေနဲ့ နှိုင်းယှဉ်ကြည့်ပြီးမှ

ဒီလို ပြောတာပါ။ ငါတို့ရဲ့ လေးတန်းကလေးဟာ နိုင်ငံတကာ စာဖတ်ပြိုင်ပွဲမှာ ဖင်လန်နိုင်ငံက လွဲရင် သုံးဆယ့်နှစ်နိုင်ငံမှာ အတော်ဆုံးပါ။ ဒီလိုဆိုရင် တို့ဆီက ကလေးတွေဟာ ရှေ့တန်းကပေါ့၊ တို့ကလည်း ဒီဘက်မှာ ငွေတွေပုံပြီး သုံးတယ်။ အချိန်ကုန်ချင် ကုန်ပါစေ၊ အင်မတန်စိတ်ကူးယဉ်တယ်လို့ ပြောချင်လည်း ပြောပါ။ ရက်ရောတာတော့ အမှန်ပဲ။ လူတိုင်းပညာတတ်စေလိုတဲ့ စေတနာလို့ ခေါ်ရမယ်။ ဒါဆိုရင် ဘာပြုလို့ ကျောင်းတွေ ပြန်ပြီး ပြုပြင်ပါ လို့ ပြောနိုင်ပါသလဲ။

**ခရစ်စတင် ကန်းဂျော်ဒန်။ ။** အမေရိက လူမျိုးတွေက ဘယ်တော့မဆို လူထုပညာရေးမှာ ညှာညှာတာတာ လောကွတ်စကားတွေ ပြောတတ်တယ်။ လက်တွေ့မှာ တကယ်တမ်း ရက်ရောတာတော့ မဟုတ်ဘူး။ ကျောင်းတက်ချင်ပါတယ်ဆိုတဲ့ ကျောင်းသားတိုင်း ကျောင်းတက်နိုင်အောင် လုပ်ပေးတာမှန်ပေမယ့် အဲဒီကလေးတွေကို ပညာတတ်အောင် မသင်ပေးနိုင်ပါ။ တို့လိုချင်တာတွေကို တို့ ရပါပြီလားလို့ စစ်ဆေးကြည့်ပါ။ တို့ ဒါမျိုးလုပ်မယ်ပြောတယ်၊ လုပ်ပြီး တတ်သမျှနဲ့ ချိန်ထိုးကြည့်ပါ။ ကုန်ကျစရိတ်ကို လိဝစ်က ပြောတယ်။ စာသင်ချိန်တွေ၊ ဆရာလခတွေ အသုံးချပြီးတော့ လေးတန်းအောင်စာရင်းက ဘယ်လိုနေသလဲ၊ ရှစ်တန်းကော၊ တစ်ဆယ့်နှစ်တန်းကော၊ ကမ္ဘာမှာ တို့အခြေအနေက ထင်ထင်ရှားရှား သိသိသာသာ ကျဆင်းနေပြီ။

**လက်ဖမ်။ ။** လေးတန်းအောင်တယ်၊ ဘာဖြစ်သလဲ။

**ဂျော်ဒန်။ ။** ငယ်ငယ်မှာ လေးတန်းကို အဆင့်တစ်ဆယ့်တစ်ဆင့်ပဲ ရတယ်ဆိုရင် အခြေခံသဘောထားက ကလေးနဲ့ ကျောင်း၊ ကလေးနဲ့မိဘ၊ ဘယ်လို နေမလဲ။ တို့တစ်တွေက အဆင့် ငါး၊ ခြောက် အဲဒီအထက်ကိုပါ လူအဖွဲ့အစည်းဆိုတဲ့ ပိုက်ကွန်ထဲ ကလေးငယ် ဘယ်

လို နေသလဲလို့ ဝင်ကြည့်စမ်းပါ။ အင်မတိအင်မတန် ငြီးငွေ့စရာဖြစ်တယ်လို့ သိမယ်။ စာသင်သားတွေကို မီဒီယာတွေ အင်တာနက်တွေ သုံးကြစမ်းဟေ့လို့ ချပေးနိုင်ပြီလား။ ကျောင်းမှာလေးတန်းကစပြီး ရှင်းရှင်းပြောတော့ တို့လက်ခုပ်ထဲကရေ လို့ ပိုင်နေပြီလား။ ရှင်းရှင်းပြောရရင် မပိုင်ပါဘူး။ ယေဘုယျကျောင်းသားကို မင်းဘာပြုလို့ ကျောင်းတက်သလဲ မေးပါ။ အမေက လွှတ်လို့ လို့ဖြေလိမ့်မယ်။ ဒါမှမဟုတ်ရင်လည်း ဥပဒေကြောင့်လို့ ပြောမယ်။ ပညာရေးကို စိတ်ဝင်စားတဲ့ တို့တစ်တွေက တို့ဆောင်ရွက်ချက်ဟာ မှန်တယ်၊ လိုအပ်တယ်ဆိုတာမျိုးမပြနိုင်ရင် တို့ကို သူတို့က ဘယ်မှာစိတ်ချပြီး ပုံအပ်ပါ့မလဲ။

**တောမတ် စတီးဝပ်။ ။** ငါလုပ်သမျှဟာ ဝင်ငွေနည်းတဲ့ (ကျောင်းသား) အထူးသဖြင့် အသားရောင်(မည်း)တဲ့ ကျောင်းသားတွေရဲ့အကျိုးကို ရှေးရှုတယ်။ ဒီအထဲမှာ တို့များတော့ ဘာသင်သင် မတတ်ပေါင်ဆိုတဲ့ အတွေးတွေ များများကြီးဝင်နေကြလို့ အံ့သြမိတယ်။ ဒီတော့ သင်ပေးမယ်ဆိုတာကို လက်မခံဘူး။ သူတို့အတွက်မဟုတ်ဘူးလို့မဆိုင်သလို နေလိုက်တယ်။ အဲဒါမျိုးကို စွဲလမ်းမနေအောင် တို့က လုပ်ပေးရမှာ မဟုတ်လား။ လူတိုင်း စာသင်ရမယ်လို့ လက်ခံရစေရမယ်။ တို့ ဘာသာသိဖို့မလွယ်ဘူး။ သင်ကြားရတယ်ဆိုတာလည်း ရာသက်ပန်လုပ်ရမယ့်အလုပ် ဖြစ်တယ်မဟုတ်လား။

**ဂျွန်တေလာဂတ်တို။ ။** အရင်သုံးနှစ်က နွေရာသီထုတ် နိုင်ငံခြားရေး (မဂ္ဂဇင်း)မှာ ဟေတီက ဇပ်ကာမန်က ကမ္ဘာမှာ ရှေ့နှစ်တစ်ရာအတွင်း အမေရိကစီးပွားရေးကို ဘယ်သူမှ မမီနိုင်၊ တို့တစ်တွေက နည်းပညာတွေမှာ တိုးတက်လွန်းလို့ ဒီစကားပြောဝံ့တယ်လို့ ထင်ရင် မှားမယ်။ တို့က လူအင်အားကောင်းလို့ ဘယ်ဘက်မှာဖြစ်ဖြစ်

အနိုင်ရနေတာ ဖြစ်ပါတယ်။ ဒီလို ပြောပြီး သူက အမေရိက အလုပ်သမား ရဲ့အရည်အသွေးကို ဆက်ပြောပါတယ်။ သူ့သဘောထားက အမေရိက တွေက သူတို့လူသုံးကုန်ပစ္စည်း ဝယ်နိုင်တဲ့ဝယ်အားကို ယုံတယ်။ ဝယ်တော့ လည်း ကိုယ့်စျေးကွက်နဲ့ ကိုယ်ဖြစ်တယ်။ ခံနိုင်ရည်ရှိတယ် ဆိုပါတော့။ အမေရိကလုပ်သားဆိုရင် သူတို့အထက်က မန်နေဂျာ၊ကွပ်ကဲသူတွေအထိ ငါတို့ကို ဖြုတ်ပစ်ရင် ဒုက္ခဆိုတဲ့ စိုးရိမ်စိတ်ရှိနေတယ်။ အဲဒါ ဘာပြုလို့ ဒီလိုဖြစ်ရမှာလဲလို့ ကျုပ်တွေးကြည့်တယ်။ တို့တစ်တွေဟာ စီးပွားရေးစက် ကြီးမှာ အံဝင်ခွင်ကျဖြစ်နေတာပဲ မဟုတ်လား၊ ဒီလိုစိုးရိမ်စရာမရှိနိုင်လို့ ထင်မိတယ်။ တို့တက်ခဲ့တဲ့ကျောင်းတွေကပဲ ကျောင်းအပြင်လောကကို ငါတို့ရောက်ရင် အလိုက်တသင့် နေနိုင်စားနိုင်အောင် သင်ပေးလိုက်တယ် လေ။ ဒီအခြေအနေရဲ့အတွင်းမှာ နောက်အခြေအနေတစ်မျိုး ရှိသေးတယ် လို့ မတွေးမိပါ။

**လက်ဖမ်။ ။** ကင်းခြေများကို ကြည့်ပါ။ သူက နောက်တော့ လိပ်ပြာဖြစ် တယ်။ ဒါပေမဲ့ ဒီအကောင်က ပိုးဥကစဖြစ်တဲ့ အကောင်ပါ။ ဒီအကောင် ဖြစ်စဉ်ပြောင်းကြောင်းကိုလည်း ပြောင်းပေးရမှာပေ့ါ။ လူ့ဘဝ မှာ လွတ်လပ်ရေး လိုသလိုပဲပေ့ါ။

**ဂတ်တို။ ။** လူ့ဘဝလွတ်လပ်ရေးလိုချင်သလား။ အမေရိကတွေရဲ့ အစ ပထမ ဇာတ်တည်တုန်းက သူတို့ ဒီအခြေအနေကို ရခဲ့တယ် မဟုတ်လား။ ကောလိပ်ကျောင်းထွက်ဆိုပေမယ့် ကူပါးရေးတဲ့ မုံဟိကန် ထဲက နောက်ဆုံးကောင်ဆိုတဲ့စာအုပ်ကို အကိုးအကား၊ အတွေးအဝှက်တွေ များလို့ သမိုင်း၊ နိုင်ငံရေး၊ ဒဿနိက၊ သိပ္ပံတွေ ထည့်ထည့်ပြောသွားတာ တွေ များလွန်းလို့ မဖတ်နိုင်ကြတော့ဘူး။ ကူပါးစာအုပ်က တကယ့်ကို

လမ်းကိုပိတ်ဆို့ထားတဲ့ ရောမကျောက်ခဲကြီး ဖြစ်နေပြီ။ အရင်ကတော့ ဘယ်သူဖတ်သလဲ။ ဖုန်အလိမ်းလိမ်းနဲ့ တောင်သူတွေ ဖတ်သလား၊ ရှယ် ဗယ်လိယက ရွှံ့ပေနေတဲ့အမေရိကတောင်သူတွေဟာ ထယ်သွားတစ်ဖက် ဒက်ကာတက်စ်ကျမ်းတစ်ဖက် စွဲကိုင်ပြီး လယ်ထွန်ကြတယ်လို့ ပြောဖူး တယ်ထင်တယ်၊ (အမေရိက၁၈၆၅) ပြည်တွင်းစစ်ပြီးတော့ ကျွန်တော်တို့ ဦးထုပ် တစ်လုံး အမှာစာပို့မယ့်အစား တံဆိပ်တုံးနဲ့ ဦးထုပ် ၃ သန်းပုံကို နှိပ်ပေးပြီး ချမ်းသာနိုင်တယ်ဆိုတဲ့သင်ခန်းစာကို ရပါတယ်။ အဲဒီကစပြီး လူသာမန် အတွေးမှာ စာသင်ကျောင်းဟာ လုပ်သင်တဲ့အလုပ်ကို မလုပ်နိုင် ဘူးလို့သိရပေမယ့် စည်းစနစ်ဘက်က ကြည့်ရင်တော့ အင်မတန်အောင် မြင်တယ်လို့ ပြောနိုင်ပါတယ်။ သူ အဲဒီစနစ်ချပြတဲ့လမ်းစဉ်မှာ အသီးအပွင့် မရှိတဲ့ အကွက်တွေများလေတော့ လူတွေဟာ အင်္ကျီကြယ်သီးပေါက်ဖောက် ရင်း တယ်လီဗီးရှင်း ကြည့်နေတာပဲ လုပ်တတ်တော့တယ်။

**သီယိုဒိုဆိုက်ဇာ။ ။** အမေရိကလူမျိုးတွေက ပညာရေးဝါဒကို ထက်မြက်ပြီး အသုံးဝင်အောင်လုပ်တယ်လို့ ခင်ဗျား ယူဆနေပုံ ရတယ်။ သမိုင်းက သက်သေခံမယ့်အချက်က သူတို့တွေဟာ ဘာမှ မတွေး မခေါ်တတ်တဲ့ ချည်မျှင်တစ်ခုသွယ်တန်းကျရောက်ရာ လမ်းတစ်လျှောက် ကို လျှောက်လိုက်နေကြတဲ့လူတွေ လို့ထင်တယ်။ ၁၉၆၀ကျော်က ချားလ်စ် ဆီလ်ဗာမင်က လှည့်ပတ်ပြီး ဒီကျောင်းတွေအကုန်လုံးကို လိုက်ကြည့် တယ်။ ကျောင်းအုပ်ကြီးတွေ ပြောသမျှကို နားထောင်တယ်။ ပြီးတော့ အဲဒါတွေ အားလုံးဟာ တွေးခေါ်ဉာဏ်မရှိ၊ သူတို့အခုလုပ်နေတဲ့အလုပ် ဟာ အကောင်းအဆိုး ခွဲသိလို့ လုပ်တာ မဟုတ်ဘူး။ အစဉ်အလာလုပ်ခဲ့ လို့ လုပ်တာလို့သိရတယ်။ တန်းမြင့်ကျောင်းပညာရေးနဲ့ဆိုင်တဲ့စိတ်ကူးတွေ၊ အခြေခံတည်ဆောက်ပုံတွေဟာ ၁၈၉၀ကျော်က ချားလ်စ်အယ်လီရော့နဲ့

ဆယ်ဦးကော်မတီတို့လုပ်ခဲ့တဲ့ အောက်ခြေနည်းလမ်းထက် ဘာမှမထူးပါ။ လူသားတွေတတ်သိသင့်တာ ဘာတွေ ဖြစ်တယ်လို့ ရှေးကသိတာထက် ပိုသိပါတယ်။ ခလေ့နဲ့ စီးပွားရေးလည်း ပြောင်းခဲ့ပြီဆိုတာ သိတယ်။ ဒါပေမဲ့ ဘာကြောင့် စာသင်ကျောင်းတက်ရန် လိုတယ်ဆိုတာကို ရှေးရိုးအတိုင်း တွေးတောနေတုန်းပဲ ရှိသေးတယ်။ ငါတို့ ဒီအတိုင်းထက် ဘာပိုလုပ်သင့်သလဲလို့ တစ်ခါမှရပ်ပြီးမစဉ်းစားမိပါ။ ချားလ်စ်အယ်လီရော့နဲ့ အပေါင်းအသင်းတွေကတော့ ၁၈၉၃က ပြဋ္ဌာန်းတဲ့အတိုင်း စာသင်ကျောင်းရဲ့ အတွင်းသားဟာ ဘယ်လိုနေရမယ်ဆိုတာ သိပြီးသားဖြစ်တယ်။ ကလေးတွေ တတ်သင့်တာကို လူကြီးတွေက သင်ပေးပြီး တတ်မတတ် စစ်ဆေး ရင် သိနိုင်ပါတယ်လို့ အထင်ရှိတုန်းပဲ။ ကျောင်းဆိုတာ ကျောင်းပဲ ကျောင်း ပေါ့လို့ မှတ်ထားတယ်။ ကျောင်းရဲ့သက်တမ်းဟာ (တစ်နှစ်မှာ) ရက်ပေါင်း ၁၈၀၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုရေး၊ သိပ္ပံကို တစ်ခါ သင်ရင် ၄၇ မိနစ်၊ ဆရာက တပည့်တစ်ရာကျော်ကိုင်ရတယ်။ တစ်ခါတလေ ၂၀၀ ထိ များ တယ်။ ကျောင်းသားကလည်း မွေးနေ့အလိုက် အတန်းတင်နေတာပဲ။ (ဆယ်နှစ်ဆိုရင် ငါးတန်းဆိုတာမျိုးပေါ့) ။ အဆင့်ဆိုတာလည်း ဘဲဥလိုပဲ ပြည့်နေပြီးသား၊ ဉာဏ်ပညာအရာမှာလည်း မြင့်ပြီးသား၊ အဲဒီလိုပဲဆုံး ဖြတ်ကြဟန်တူပါတယ်။ စနစ်ဆိုရင် အသိဉာဏ်မယှဉ်ဘူး။ အပြစ်တင်ချင် ရင် လူအများက အသိဉာဏ်နည်းတယ်၊ ပညာရဲ့အတိမ်အနက်ကို သိခဲလို့သာ ပြောလိုက်ပါ။

**ဂတ်တို။ ။** ဒီဟာကို ဒီလိုသဘောထားလို့ အပြတ်ပြောတာ မကြိုက်ပါ။ ဟာဗတ်ကျောင်းအုပ် ဂျိမ်းဗရိုင်ယင်ကိုနက်က ၁၉၅၉ မှာ 'ကလေး၊ မိဘနဲ့ နိုင်ငံ' နာမည်နဲ့ စာအုပ်တစ်အုပ်ရေးတယ်။ အခုရှိတဲ့ စာသင်ကျောင်းဆိုတာ အနိုင်ကျင့်ပြီး ထူထောင်ထားတာလို့ ပြောတယ်။

စိတ်ကူးယဉ်လှချေလားလို့ ပြောရမလို ဖြစ်ပါတယ်။ အနိုင်ကျင့်တာ ဘယ်လိုလဲလို့ အခုမှ သိတာအကြောင်းမထူးပေမယ့် တကယ်သိချင်ရင် အဲလီဇန်ဒါအင်ဂလစ်ရဲ့ 'အလယ်တန်းပညာရေးနည်းဥပဒေ'ကို ဖတ်ပါ။ ၁၉၁၈ ကတည်းက သူရေးတဲ့နည်းက ရှိခဲ့ပြီးပြီ။ အများစုထဲ တို့မပါလို့ ခွဲထွက်ချင်တဲ့လူတွေဟာ ချားလ်စ်ဒါဝင်ရဲ့ညီဝမ်းကွဲ ဖရန်စစ်ဂါတွန် ပြောတဲ့စကားကိုသတိပြုသင့်တယ်။ ဇာတ်တူသားချင်း ပေးစားရင် သားဆက် မှာ ၉၅ ရာနှုန်းဟာ ညံ့သွားမယ်လို့ ဆိုတယ်။ လူ့အဖွဲ့ကို ချုပ်ကိုင်သူတွေက ဘော်ဒါကျောင်းကိုထောင်ပြီး အခွင့်အလမ်းပေါ်သမျှကို သူတို့မွေးထားတဲ့လူတွေအတွက် သုံးလိုက်တယ်။ အဲဒီအခါ အချင်းချင်းပြိုင်ကြပြီး ပိုင်ရှင်က ချပေးသမျှကို အလုအယက်ကောက်ယူနေကြတယ်။

**လက်ဖမ်။ ။** ဒီလိုဆိုရင် တို့တစ်တွေက နှစ်တစ်ရာခေတ်နောက်ကျတဲ့ စနစ်ကိုသုံးပြီး အသုံးမကျတဲ့ အလကားကောင်တွေကို မွေးထုတ်နေတာလို့ ဆိုချင်သလား။

**ဂတ်တို။ ။** ဒါကတော့ စီမံအုပ်ချုပ်တဲ့လူတွေတော် မတော်ဆိုတဲ့အပေါ် မှာတည်တယ်။ သူတို့ အစွမ်းပြနိုင်ဖို့ အလုပ်တကယ်လုပ်သူတွေက ကလေးသူငယ်လိုနေကြရမှာပေ့ါ။ ကလေးငယ်ဆိုရင် အမှီအခိုမရှိလို့ မဖြစ်ဘူးမဟုတ်လား။

**စတီဝပ်။ ။** ဟုတ်တယ်ဂျွန်ရဲ့၊ ဒါပေမဲ့ အခုစီးပွားရေးအသစ်က ပိုတော်တဲ့လူကို လိုချင်တယ်။ ရှေးစနစ်က ဒီလိုမဟုတ်ဘူး။ စီးပွားရေးကသာ အမြဲအုပ်စီးထားပါတယ်။ သုံးစွဲခွင့်ကို သူက ပြဋ္ဌာန်းတယ်။ အခုငါးဆယ်ကျော် ခေတ်မှာ စီးပွားရေးက လုပ်သားညံ့ညံ့ပဲလိုချင်တယ်။ တော်တယ်ဆိုရင် သုံးရဲမှာ မဟုတ်ဘူး။ ကျောင်းသားကလည်း အလုပ်ပဲလိုချင်နေတာ မဟုတ်လား။

<u>တကောင်းစာအုပ်တိုက်</u>

**ဂတ်တို။ ။** ခေတ်စီးပွားရေးက လူတွေများမှ ကြိုက်တာ။ ထွက်ကုန်နည်းတာကို ကြိုက်တယ်။ အမေရိကစီးပွားရေးမှာ ထိပ်ဆုံးကလူဆယ်ဦးဆိုရင် ဘာအလုပ်မှ လုပ်စရာမလိုဘူး။ အလုပ်ရနိုင်တဲ့ နေရာကလည်း ဆွဲယူပြီး စားလို့ရတဲ့ စားစရာဆိုင်ပဲ ရှိတယ်။ စားသောက်ဆိုင်လုပ်ငန်းကလည်း ထက်ဝက် ကျဆင်းသွားလို့ ဟမ်ဘာဂါနဲ့ ကြက်တောင်ပံပဲ ရောင်းရတော့တယ်။ အမြန်စားစရာဆိုင်တွေဆိုရင် အမဲသားလည်း ရောင်းသင့်တယ်။ သူတို့က အစိုးရပိုင်းကိုပါ ဝင်ဆံ့လာတော့ သူတို့အကြိုက်ကို ရအောင်လုပ်နိုင်ပါပြီ။ ကျောင်းပုံစံပြင်ရင် အမြန်စားလုပ်ငန်းပျက်စီးသွားပြီပေါ့။ တယ်လီဗွီးရှင်း လုပ်ငန်းလည်း ပျက်မှာပဲ။ လွတ်လပ်တဲ့လူကိုမွေးရင် လွတ်လပ်တဲ့ အတွေးလည်း ပေါ်လာမယ်။ အဲဒါက လက်ရှိစီးပွားရေးကို ထိခိုက်မှာ အမှန်ပါ။

**ဂျော်ဒန်။ ။** ငါထင်တာက အခုအနှစ်လေးငါးဆယ်အတွင်းမှာ အလုပ်မကျွမ်းကျင်တဲ့လူတွေ အလုပ်တွေကို ထိန်းထားလို့ ဝင်ငွေကောင်းပြီး စည်းစိမ်နဲ့ နေနိုင်ကြတာဖြစ်မယ်။ မက်ဒိုနယ်အလုပ်၊ ကွက်လပ်ဖြည့်အလုပ်ဆိုတာတွေက ဆယ်ကျော်သက်တွေအတွက် ဖြစ်တယ်။ သူတို့ကသားမယားကို ကျွေးတယ်လို့ ဘယ်မှာဖြစ်နိုင်ပါ့မလဲ။

**ဆိုက်ဇာ။ ။** တို့က အလုပ်လို့ ပြောတာတွေကို ပြန်စစ်ရင် တို့ခေလေ့မှာ အသိကို အရောင်းအဝယ် လုပ်နေကြတာဖြစ်တယ်။ ဒါပေမဲ့ သိပ်ပြီးကြေးမတန်ပါဘူး။ တို့က ပြီးတော့ ဒီမိုကရေစီကို သိပ်တန်ဖိုးထားလေ့ရှိတော့ ဘာကို ဘာ့ကြောင့်လို့ မေးတတ်ပြောတတ်တဲ့လူလည်း တန်ဖိုးထားတယ်။ ဒါကြောင့် အနီးအစပ်သမားမဟုတ်ဘဲ ခပ်ဝေးဝေးကလူကကျောင်းသားကလေးတွေ ဘာကို သိပါစေ။ သိတဲ့အခါ ဘယ်အထိ သိပါစေလို့ ဘာပြုလို့ တို့တစ်တွေ လက်ခံနေသလဲ။ လူတွေတတ်သိ နားလည်တဲ့

အဆင့်ကို ရောက်အောင် သွန်သင်ဆုံးမတဲ့ ကိစ္စကို အခုတလော သိပ်စိတ် မဝင်စားကြပြန်ဘူး။ ဒီလိုလုပ်ရတာ မသင့်သလို မဝံ့သလို ဖြစ်ဟန်တူ တယ်။ ဒါက စိတ်ဝင်စားစရာ ကောင်းတယ်ဆိုရုံနဲ့ ပြီးရတော့မလို ဖြစ်နေ တယ်။ ကောင်းမယ်ထင်ရင် လုပ်ပါဆိုတဲ့ အဆင့်ကိုဆက်ပြီး ဆောင်ရွက် သင့်တယ်။ အဲဒါမှ လမ်းမှန်တယ်။ အကဲဖြတ်တယ်ဆိုတာမှာလည်း ပုံသေ ကြီး လုပ်ထားလို့ မဖြစ်နိုင်ဘူး။ ရန်လိုတဲ့လူတွေက ဒီနိုင်ငံမှာ ရှေ့ဆောင် နေရာယူထားကြတယ်။

## ၂။ ကယ်တင်ရမယ်ဆိုတဲ့ သဘောထား

**လက်ဖမ်။ ။** အဲဒါ တို့အခုအသစ်ပုံစံချမယ့်ကျောင်းရဲ့တာဝန်လား။ ရန်လို တဲ့လူကို မွေးရမယ်ပေါ့။

**ဆိုက်ဇာ။ ။** မှန်တယ်။

**လက်ဖမ်။ ။** အလုပ်နားလည်တဲ့ လုပ်သားမွေးဖို့၊ ချေးမများဘဲ မဲပေးသူ၊ သေစာရှင်စာ ဖတ်တတ်သူ၊ အကောက်အခွန်တောင်းခံလွှာ ကို ဖြည့်တတ်တဲ့သူတွေကို မွေးပေးရမှာ မဟုတ်လား။

**ဂတ်တို။ ။** နိုင်ငံသားပါကွ။ ကမ္ဘာရဲ့ ဘယ်နေရာမှာပဲဖြစ်ဖြစ် လူ့သမိုင်း မှာ ကျောင်းထောင်တယ်ဆိုရင် လူသုံးမျိုးလုပ်ဆောင်ပေးရ မယ်။ ပထမက ဘာသာတရား ကိုင်းရှိုင်းပြီး သူတစ်ထူးအကျိုးကို ဆောင် ရွက်ပေးလိုသူတွေ၊ လူကောင်းတွေ မွေးပေးရမယ်။ နောက်ပြီးတော့ တိုင်း သူပြည်သားကောင်းတွေ လိုချင်ပါတယ်လို့ နောက်တော့ ဖြည့်ပြောလာ ပြန်တယ်။ တတိယကတော့ လူတိုင်း သူ့အဖို့ အကောင်းဆုံးအဆင့်ကို

မီစေချင်တယ်။ စတုတ္ထ အချက်ကတော့ ရှေ့ရာစုနှစ်မှာတော့ အစိုးရနဲ့ အလားတူအဖွဲ့အစည်းရဲ့ စိတ်ကြိုက်လူတွေပဲ ရှိအောင်ဖန်တီးပေးရမယ်။

**ဂျော်ဒန်။ ။** ခွင့်ရကျောင်းရဲ့ လုပ်ရတဲ့တာဝန်ရယ်လို့ ရှိတယ်နော်။ ရောက်လာတဲ့ ကျောင်းသားတွေကလည်း တို့ ဘာလုပ်ရမယ်ဆိုတာ သိပြီးသား ဖြစ်ပါတယ်။ တို့ကျောင်းဆိုရင် သူတို့ကို ကောလိပ်ဆက်တက်ဖို့ ပြင်ဆင်ပေးတယ်။ အလုပ်တာဝန်က ဘာတွေနဲ့ သက်ဆိုင်တယ်။ ဒီလိုပဲ ရှေ့ဖြတ်သန်းရမယ်လို့ ဘဝအတွက် ပြင်ဆင်ပေးတယ်။

**လက်ဖမ်။ ။** ငါတို့က ဒီလိုဒေါသထွက်နေတဲ့လူတွေကို ပညာပေးတဲ့ အခါ သူတို့အတွင်းဘဝနဲ့လည်း ဆီလျော်အောင် လုပ်ပေးရမယ်။

**ဆိုက်ဇာ။ ။** ကလေးနဲ့ ဆီလျော်ရမယ်။ ဓလေ့နဲ့လည်း ဆီလျော်ရမယ်။ တွဲဖက်ပေးနိုင်ပြီဆိုရင် ပတ်ဝန်းကျင်ကလူတွေကလည်း တို့မှာလည်း ဒီကလေးတွေအတွက် တာဝန်ရှိတယ်လို့ မြင်လာရင် ကောင်းမယ်။ ဝန်းကျင်ဆိုတာ ဆိုင်ငယ် ပိုင်ရှင်ဈေးသည်၊ ပတ်တရောင်လှည့်နေတဲ့ရဲ၊ လမ်းပေါ်ကလူ အဲဒါတွေနဲ့ အာရုံမှာ ကလေးကောင်းစားရေးကို ရှေးရှုပြီး အမြင်ရှိလာကြပြီဆိုရင် အံ့ဩလောက်အောင် အကျိုးရှိတယ်။

**ဂျော်ဒန်။ ။** တို့ပြဿနာက အားလုံး ဆင်တူတဲ့စံနစ်တစ်ခုကို ထွင်မယ်။ လိုချင်တဲ့ ပန်းတိုင်ဟာ ဘာလဲလို့ သတ်မှတ်ရမယ်။ အဲဒါ တက်လုပ်ချင်တာနဲ့ မတိုက်ဆိုင်ဘူး ထင်တယ်။ ဘာပြုလို့လဲဆိုတော့ စာသင်ကျောင်းတစ်ခုစီမှာ သူတို့အကြိုက် မှန်းထားချက်က ရှိပြီးသား။ မင်းတို့ အခုပြောတာက ၁၈၉၀ ကျော်ကတည်းကပဲ ထွင်ခဲ့တဲ့အတိုင်း ဖြစ်နေတော့ ပြုရိုကရေစီကို ပြန်ပြီး ချီးပင့်နေတာနဲ့ မတူပေဘူးလား။ ကျောင်းတစ်ကျောင်း ထူထောင်ပြီဆိုရင် ခေါင်းဆောင်ရမှာ။ ခေါင်းဆောင်

ရမယ့်လူက ငါတို့ကို ပေးကျွေးထားတဲ့လူဆိုပြီး ထိုင်ထိုင်ရှိခိုးနေရင် ဘယ်မှာ ဟန်ကျနိုင်ပါတော့မလဲ။ ဘယ်သူမှ ကျောင်းအုပ်ကြီး ဖြစ်ချင်တယ် မတောင့်တဘူး။ အဲဒီတော့ သူ့ဘာသာအဖြေပေးတဲ့ တဘောင်က ကျောင်းအုပ်ပြောစကားကို မယုံလေနဲ့။ သူက ကျုပ်မလည်း မသက်သာပါဘူး။ ဥပဒေလုပ်ရ၊ ဥပဒေကို လိုက်နာသလားဆိုတာ စောင့်ကြည့်ရ၊ လုပ်ရင်း ပြင်၊ ပြင်ရင်းလုပ်၊ ကျောင်းနံရံကပ်စာစောင်လည်း ထုတ်ရ၊ အို စုံလို့။ လူတွေက ဒါတွေကြည့်ပြီး သိပ်ဆူပူကြိမ်းမောင်းကြတော့မှာ မဟုတ်ပါ။

**ဆိုက်ဇာ။ ။** ခုစနစ်ထက် ကောင်းတာ ဆန်းတာကို ခင်ဗျားလုပ်ချင်တယ် မဟုတ်လား။ ဆိုကြပါစို့ဗျာ။ နိုင်ငံက ဖွဲ့ပေးတဲ့အဖွဲ့၊ ခရိုင်က ဖွဲ့ပေးတဲ့အဖွဲ့၊ ကျောင်းကော်မတီက ဖွဲ့ပေးတဲ့အဖွဲ့၊ ဒီအဖွဲ့တွေကို ဖယ်ပြီး ဆရာ၊ မိဘအဖွဲ့ကို ဖွဲ့ပြီး လိုချင်တာတွေ စာရင်းလုပ်၊ စာရင်းအတိုင်း လုပ်ပြီး ကျောင်းကို စီမံပေတော့။ ငါးနှစ်အချိန်ရမယ်။ လိုချင်တာဖြစ် မဖြစ်တော့ ငါးနှစ် မြောက်ရင် အစစ်ခံရမယ်။ မဖြစ်မြောက်ရင် ထောက်ပံ့ ကြေးကို ဖြတ်မယ်။ နိုင်ငံအဖွဲ့က ဘာမှလုပ်ပေးမှာ မဟုတ်ဘူး။ ဖွင့်ထားတဲ့ ကျောင်းကို ဘယ် ပုံစံ၊ ဘယ်နည်းနဲ့ စခန်းသွားမယ်ဆိုတာ ဆရာနဲ့မိဘတွေ ပေါင်းစဉ်းစားရတယ်။ နည်းနည်းထိန်းပေမယ့် အခြေခံသဘောကို နိုင်ငံက သတ် မှတ်ပေးထားတာတော့ရှိတယ်။ နိုင်ငံကလည်း အချိန်ကာလ သတ်မှတ်ပြီး အသေအချာ စစ်ဆေးဖို့ လူလွှတ်မှာဖြစ်တယ်။ အဲဒါတွေဟာ ခွင့်ပြုမိန့်ထဲမှာ ရှိလောက်တယ်။

**ဂျော်ဒန်။ ။** ဒီယာနေရပ်ချ်က ဒါကြောင့် ငါတို့လိုချင်တာ ကျောင်းစနစ် မဟုတ်ဘူးကွ။

**ဆိုက်ဇာ ။ ။** "စနစ်ကျောင်း"

<u>တကောင်းစာအုပ်တိုက်</u>

**လက်ဖမ်။ ။** ကျောင်းကို ဘုရားစင်တင်ပြီး ကိုးကွယ်ရမယ့်သဘောလား။ ခင်ဗျားက ဒေါပွနေတဲ့လူ။ ကျုပ်က အမှုကုန်စင်အောင် ပျော်ပျော် ပါးပါး ဆောင်ရွက်မယ့်လူ။

**ဂတ်တို။ ။** မတက်မနေရလို့သာ မပြဋ္ဌာန်းနဲ့။ ကျန်တာဘာလုပ်ရလုပ်ရ။

**လက်ဖမ်။ ။** တိုင်းသူပြည်သား လူအများက သူတို့နှစ်သက်ရာ ဘာသာကိုသာ သင်ပေးမယ်ဆိုရင် အငမ်းမရ လာကြမှာပါ။

**ဆိုက်ဇာ။ ။** ကျောင်းတိုင်းကျောင်းတိုင်း ဒါကိုမသင်ရလို့ ပြဋ္ဌာန်းထားရမယ်။

**လက်ဖမ်။ ။** ကဲ ဒီလိုဆိုရင် မသင်မနေရတဲ့ဟာက ဘာတွေလဲပြော။

**ဆိုက်ဇာ။ ။** ဘာသာစကားက အနည်းဆုံးနှစ်မျိုး၊ ဘယ်စံနစ်ကို သုံးမလဲ။ လူမှုလူရာမှာ နားလည်အောင် သင်ပေးနိုင်မှာလား။ အလိုအပ်ဆုံးက နားလည်အောင် ရှင်းပြဖို့ မလွယ်ဘူး။ လေးစားကြည်ညိုစရာဖြစ်စေရမယ်။

**ဂတ်တို။ ။** ဟုတ်တယ်။ လိုအပ်ချက်စာရင်းမှာ ငါက ဒီအချက်ကို ထိပ်ကထည့်မှာ။ နှစ်စကပဲ အတန်းစဝင်တဲ့နေ့မှာ "ဒီသင်တန်းက မင်းတို့ကို ရိုးသားတယ်၊ ချီးကျူးလောက်တယ်၊ ယဉ်ကျေးဖွယ်ရာတယ်၊ သတ္တိရှိတယ်၊ ကိုယ့်ဘာသာ ကြိုးစားဆောင်ရွက်ချင်စိတ်ရှိတယ်၊ ဘာမဆို စူးစမ်းလိုတယ်။ ရက်ရောတယ်လို့ မပြောနိုင်ဘဲ ကျောင်းထွက်ခွင့် မပေးဘူး"လို့ ပြောမှာကွ။

**ဂျော်ဒန်။ ။** ငါက အင်္ဂလိပ်ဘာသာကို ထိထိမိမိပြောတတ်ရမယ်ဆိုတဲ့ အချက်လေး ဖြည့်ပြောချင်တယ်။ ဓလေ့မှာ စကားဟာ အားပဲကွ။

<u>တကောင်းစာအုပ်တိုက်</u>

**ဆိုက်ဇာ။ ။** စကားနဲ့ ရည်မှန်းချက်ရုပ်ပုံ

**စတီဝပ်။ ။** တို့လူငယ်တွေမှာ ညာဝါးစကားဖမ်းတဲ့ မီတာရှိဖို့ လိုတယ်။ ဘယ်လူကြီးက တို့ကိုပြောတာ စကားကောင်း ဒါမှမဟုတ် ချောက်ကျအောင် တွန်းပို့တာလို့ သိအောင်ပါ။

**ဂတ်တို။ ။** ဟုတ်တယ်။ တောမတ်ဂျက်ဖာဆင်ရဲ့စာတွေဟာ အတွဲ ၂ဝ ရှိတယ်။ အဲဒီအထဲမှာ စာသင်ကျောင်းရှိထိုက်တဲ့ အကြောင်း ပြချက် ငါးချက် ပြတယ်။ ပထမနှစ်ချက်က လူတိုင်းရသင့်ရထိုက်တဲ့ အခွင့်အရေး ရဖို့ဖြစ်ပြီး တတိယက အလိမ်အညာမခံရအောင်၊ လိမ္မာပါးနပ်ဖို့ လိုတယ်။ တို့ပြည်ထောင်စုမှာ ဒါမျိုးသင်ပေးမယ်လို့ စိတ်ကူးထည့်တဲ့ ကျောင်း တစ်ကျောင်းမှ မရှိဘူး။

**လက်ဖမ်။ ။** လေးနဲ့ငါးကို ဆက်ပြောပါဦး။

**ဂတ်တို ။ ။** လေးက လူနဲ့လူတော်တွဲနိုင်ရမယ်။ လူတော်ဆိုတာက အချက်အလက်ကို ရှာနိုင်တယ်။ ရှာတယ်။ ဒါပေမဲ့ ဆုံးဖြတ်ချက် ဟာ အချက်အလက်ကို တကယ်မလိုဘူးကွ။ အဖြစ်အပျက်ကို ကြိုက်၊ မကြိုက် တန်ဖိုး ဖြတ်တာ။ အဲဒါမှာ အချက်အလက်က အခရာမဟုတ်ဘူး။ ဒါ့ကြောင့် လူတော်ကို နှိမ်ထားရမယ်။ ဆိုလိုတာက သူ့ကိုတော့သုံးပါ။ ဒါပေမဲ့ သူ့ကို ဆုံးဖြတ်ခွင့်မပေးနဲ့။ ပြီးတော့ အချက်ငါးက ပညာတတ်ဆိုရင် အသုံး ချနိုင်တဲ့ အသိပညာ သူ့မှာရှိတယ်။ ဆိုပါတော့ကွယ် အိမ်ဆောက်၊ သီးနှံ စိုက်၊ အင်္ကျီချုပ် စသဖြင့်

**ဂျော်ဒန်။ ။** တို့ချထားတဲ့ ပန်းတိုင်ကို တို့နဲ့လက်တွဲပြီး ရောက်အောင်သွားနိုင်မယ့်လူပေါ့ကွာ။ ဒီနှစ် တို့မှာ လူ့အဖွဲ့လိုက် ဝန်ဆောင်

ရမယ်လို့ စုပေါင်းဆောင်ရွက်ဖို့ စီမံပေးထားတာကို ကျေးဇူးတင်ရမယ်။ ကောင်ကလေးတစ်ရာကို ဒေါ်လာ၈၀၀ နဲ့ အလုပ်လုပ်ပြခိုင်းတဲ့။ ဒါဟာလည်း မတော်မတည့်လို့ပဲ ငါထင်တယ်။ သူတို့က ဒေါ်လာ ၈၀၀ အစားပဲနိ ၈၀၀ ပဲ ပါတယ်။ ကောင်ကလေးတွေက သူတို့အထဲကပဲ ကိုယ်စားလှယ်နှစ်ဦး ပါတဲ့ ကော်မတီဖွဲ့ပြီး ဒီငွေကို ဘယ်လိုသုံးရမယ်လို့ ဆုံးဖြတ်ခိုင်းတယ်။ သူတို့ကလည်း ရောက်ရာအရပ်မှာရှိပြီး ဒေသခံအဖွဲ့တစ်ခုခုက သူတို့လိုအင်ဆန္ဒကို ဖြည့်(ဆောင်ရွက်)ပေးနိုင်မယ်လို့ မျှော်လင့်တယ်။ ငါးတန်းက မရိခရစ်ဇ်နဲ့ ညှိတယ်။ အဲဒီကလေးမက သွက်တယ်၊ ရိုးတယ်၊ ဉာဏ်ကောင်းတယ်။ မရိခရစ်ဇ်က ဘာပြောပြော သူ့အဖော်တွေက လိုက်နာဆောင်ရွက်တယ်။ ဒါပေမဲ့ နည်းနည်းအကျင့်ရတာတော့ စိတ်ကူး ကိုပဲ စိတ်ပိုင်းဖြတ်ပြီး ဘယ်အကွက် တို့နဲ့ အဆီလျော်ဆုံး၊ တို့ကို အများဆုံး အကျိုးပြုမလဲလို့ ကြည့်တတ်လာတယ်။ ရထားတဲ့ ပိုက်ဆံကို ကုန်ရကျိုးနပ်အောင် သုံးမယ်။ အဲဒီအခါ ရတဲ့စိတ်ကူးကို အကောင်အထည်မဖော်ခင် ကျောင်းသားထုကို တင်ပြတယ်။ ဒါတွေပဲ ဖွင့်ခွင့်ရ ကျောင်းတွေက လုပ်ပါတယ်။ သူတို့က ကလေးတွေ တက်ဖို့ကောင်းတဲ့ ကျောင်းမျိုးကို စတင်ဖို့ ကြိုးစားကြတာဖြစ်တယ်။

## ၃။ ပညာရေးစီမံကိန်း

**လက်ဖမ်။ ။** တို့က ပညာရေးမဟာဌာနတစ်ခုဆိုကြပါစို့။ တို့ဘာလိုချင်သလဲ ဆိုတာ နည်းနည်းသိထားပြီ။ အရေးတကြီး လိုအပ်ချက်တွေလည်း သတ်မှတ်ပြီးပြီ။ ဆိုလိုတာက ဘာကို ဦးတည်ပြီး ဘယ်လိုပညာကို သင်ယူကြမလဲပေါ့။ အသေးစိတ် ဆက်ပြောကြရအောင်။ သင်ရိုးညွှန်းတမ်းက ဘာလဲ။

<u>တကောင်းစာအုပ်တိုက်</u>

**ဂတ်တို။ ။** အစချီပြီး အရေးအဖတ် တတ်အောင်သင်ပေ့ါ။ အမေရိကကို အင်္ဂလိပ်အုပ်ချုပ်စဉ်က လူသာမန်တွေ လက်ငင်းစာရေး ဖတ်နိုင်မှာကို မလိုလားဘူး။ စာရေးတတ်တယ်ဆိုတာ စာရေးလို ရေးတတ်တာကို မဆိုလိုဘူး။ အကျိုးရှိမယ့် စကားကို မိန့်ခွန်းပေးဖို့ ချရေးရမှာကို ဆိုလိုတယ်။ ဒါမှ မင်းကို အထင်ကြီး လေးစားတဲ့ နယ်ဟာ ကျယ်ပြန့်လာမယ်။

**ဂျော်ဒန်။ ။** အေးဟုတ်ပြီ။ စာအုပ်နဲ့စာရမှာမဟုတ်လား။ တို့ငါးတန်းသားတွေက ညလူ ဂွန်အကြောင်းဖတ်ကြရတယ်။ ဂါရီပေါလ်ဆဲန်ရေးတဲ့ စာအုပ်ကောင်းလေ။ အသက် တစ်ဆယ့်နှစ်နှစ်ကလေးမလေး အစေခံ ပေ့ါ။ ဒါပေမဲ့ ဒီကလေးမက စာဖတ်တတ်အောင် သင်တယ်။ စာအုပ်ထဲမှာ စာတတ်တဲ့ကျေးဇူးကို ချီးပထားတယ်။ ငါးတန်းအတွက် သိပ်အံ့သြရလောက်အောင် ဆီလျော်သင့်မြတ်တယ်။ တို့ကျောင်းမှာ ငါးတန်း စတက်ရတယ်။ ဒါပေမဲ့ တို့စာဖတ်ရပုံက မနက်ကိုးနာရီက တစ်ဆယ့်တစ်နာရီအထိ အပြစ်ဒဏ်ပေးလို့ စာဖတ်နေရတဲ့ပုံစံမျိုး ဖြစ်နေတယ်။

**လက်ဖမ်။ ။** တို့ဖတ်ဖို့ပေးတဲ့ စာအုပ်က တစ်ကျောင်းလုံးတစ်လှည့်စီ ဖတ်ထိုက်တဲ့စာအုပ် မဟုတ်ပါဘူးကွာ။

**ဂျော်ဒန်။ ။** စာအုပ်ကောင်း ရွေးတတ်တဲ့ ဆရာရယ်လို့ ရှိဖူးသလား။

**စတီးဝပ်။ ။** တက်ပြောတဲ့ ကျောင်းဝန်းကျင်မှာ ကျယ်ဝန်းတဲ့ဓလေ့ကို နားလည်အောင် လုပ်ပေးမယ့်စာအုပ်လိုချင်တယ် မဟုတ်လား။ ကလေးအတွက် သင်ရိုးညွှန်းတမ်းကို ဒီစိတ်ကူးနဲ့ညှိရမယ်။ ကလေးရဲ့မိဘအတွက်လည်း ထည့်တွက်ရမယ်။ ကျောင်းသားက သူ့ဝန်းကျင်မှာရှိတဲ့နေရာနဲ့ လူတွေအကြောင်းကို ဖတ်ရရင် ပိုပြီးစိတ်ဝင်စားမယ်။ ခုသင်ဆိုတဲ့ စီမံကိန်း

မှာ လူ့လောကမှာ မဝင်ဆန့်တဲ့ လူ့အကြောင်း ရေးပြီးဖတ်ရမယ်ဆိုရင် ငါဆိုလိုတာက ဖတ်မယ့်လူနဲ့ ငါးမိုင်ထက်ကျော်တဲ့ နေရာကို မရွေးသင့်ဘူး။ အဲဒီလို ကျော်သွားရင် ဖတ်စမ်းလို့ ခိုင်းဖို့ခက်တယ်၊ စိတ်မပါတော့ဘူး။ သူတို့က သူတို့ကမ္ဘာသေးသေးထဲ ဖတ်တဲ့စကားကို တန်ဖိုးထားမှာ မဟုတ်ဘူး။

**လက်ဖမ်။ ။** ကဲဒီလိုဆိုရင် အတိအကျပြောကွဲ့။ ဇရောင့်ထဲရောက်နေတဲ့ တို့က လေးတန်းပဲရှိသေးတယ်။ တို့က အခုလိုအခါမှာ ဘာလုပ်ကြရမှာလဲ။

**ဂတ်တို။ ။** ပထမသီတင်းပတ်မှာတော့ စာသံပေသံနဲ့ ကြီးကျယ်ခမ်းနားတဲ့ အစကို စရမယ်။ ဒါပေမဲ့ ငါ့စကားကို သင်ပုန်းကြီးပေါ်မှာ ရေးထားပါ။ တို့အတွက် အခွင့်အလမ်းဖွင့်ပေးတဲ့စာကိုပဲ တို့က ဖတ်ချင်တယ်။ အခု တို့လုပ်သလိုထက် အမေ့ဆီက ခွင့်ပြုချက် အရင်ရထားဖို့ လိုတယ်။ ဒုတိယသီတင်းပတ်ကုန်ရင် တစ်နှစ်ထက်တစ်နှစ်တိုးပြီး ကျောင်းသားခုနစ်ယောက်က သူတို့လုပ်ရမယ့်တာဝန်ကို ဆက်လုပ်ဖို့ လမ်းစတွေ့ပြီး ဖြစ်ရမယ်။ ဒီမှာ အတန်းထဲမှာ ထိုင်ပြီးစာသင်ဖို့ နားထောင်သလိုနဲ့ ကိုယ့်ဘာသာ ကာတွန်း ဆွဲနေတာမျိုး နည်းနိုင်သလောက်နည်းပါစေ။ ငါ ဒါမျိုးနဲ့ ဆိုင်တဲ့လူတစ်ယောက် အကြောင်းကို ပြောချင်တယ်။ နာမည်ကျော်ကော်မစ်စာအုပ်ရေးဆွဲသူ တစ်ယောက် ကိုလမ်ဘီယာမှာ ရှိတယ်။ သူ့ကို ထောက်လှမ်းစမ်းလို့ ခိုင်းတဲ့ အခါ အခိုင်းခံရသူက လေးရက်စုံစမ်းပြီးမှ ဒီအမျိုးသမီးဟာ ၁၁ လမ်း က V&T ဆိုင်မှာ ဈေးဝယ်တယ်လို့ပြောတော့ ရော့ ဒီ ၁၅ ဒေါ်လာယူပြီး သူ့ဆီကိုသွား၊ ကျုပ်ကခင်ဗျားဆွဲတဲ့ အရုပ်တွေကို သိပ်ကြိုက်တာ။ ဒါကြောင့် ကျေးဇူးဆပ်တဲ့သဘောနဲ့ ညှော့ခံပါရစေလို့ ပြောခိုင်းတယ်။ ပြောတဲ့အတိုင်း လုပ်တော့ အခုသီတင်းတစ်ပတ်မှာ

တစ်ရက်။ သူ့ဆီမှာ အကူအညီသွား အလုပ်လုပ်ရင် နေတယ်။ ဒါမျိုးကို ငါ ဆက်ပြီးအားမပေးပါ။ ဒါပေမဲ့ ငါ့ဆီကိုလာပြီး တပည့်ခံတဲ့ကောင်လေး ၂၃ ယောက်ရှိသေးတယ်။ ငါက သူတို့ကို ငါ့ဆီ သီတင်းတစ်ပတ်မှာ နှစ်ရက်ပဲ လာလို့ ခိုင်းတယ်။ အဲဒီနှစ်ရက်မှာ သူတို့လုပ်တဲ့အလုပ်ဟာ ကျောင်းမှာ လုပ်တဲ့အလုပ် ကိုးဆလောက် ပိုတယ်။ အဲဒီတော့ ကျောင်းပိတ်ပြီ အလုပ်ကို ဖိခိုင်းတာမျိုး မဟုတ်ဘဲ အလုပ်တွင်တာပေါ့။ ငါကိုယ်တိုင် သူတို့နဲ့ အတူ အလုပ်လုပ်ပြီး ထက်ဝက်လောက်တော့ သူတို့ကို အပြင်ထွက်ခွင့် ပေးပါတယ်။

**လက်ဖမ်။ ။** ဆိုလိုတာက သူတို့ကြိုက်သလို မင်းက အလုပ်ကို ဖန်တီးပေးတယ်မဟုတ်လား။

**ဂုတ်တို။ ။** နယူးယောက်မြို့တော် အကြောင်းကိုလည်း သိ၊ စာသင်ကြားရေးကိုလည်း သိတယ်။ ဒီနှစ်ခု လိုက်ဖက်တယ်ပြောလို့ မရနိုင်ပေမယ့် ရက်ကိုးဆယ်အတွင်းမှာ တစ်ခါတစ်ခါ ရှစ်ဆယ်အတွင်းမှာ တွဲမိပါတယ်။ စည်းကမ်း အထူးထိန်းရတယ် လို့ပြောသနာမရှိပါ။ ငါ့ကလေး တွေက ခွဲပျစ်လိမ်ညာပြီး လောဘကြီးတဲ့ သားငယ်သမီးငယ်တွေက ကျား ငယ်၊ မငယ် ဖြစ်လာကြတယ်။ ငါ့ကိုယ်တွေ့ပါ။

**ဂျော်ဒန်။ ။** ခင်ဗျားက ကျောင်းဆရာ ဇာတာပါတယ်။ ဆရာကောင်းဖြစ်တယ်။ လူတိုင်း ဒီလိုကံမကောင်းနိုင်ဘူး။ နောက်တစ်မျိုး စဉ်းစားကြည့်ပါ။

**လက်ဖမ်။ ။** ငါ့အတွက် တစ်နေ့တစ်နေ့မှာ ဘာတွေလုပ်သင့်သလဲ ပြောစမ်း။

<u>တကောင်းစာအုပ်တိုက်</u>

**ဂျော်ဒန်။ ။** ငါးတန်းကျောင်းသားဟာ သူ့အဖို့ တစ်နေ့ အလုပ်ထဲမှာ ဘာသာစကားသင်တာလည်း ထည့်ရမယ်။ ဝတ္ထုဖတ်၊ ဖတ်ပြီး နားလည်အောင် ကြိုးစား၊ စာရေးတာလည်း စမ်းလုပ်၊ ရိုးရာသဒ္ဒါကိုလည်း များများလေ့လာ။ ပြီးတော့ အချိန်ယူပြီး သင်္ချာကိုကျွမ်းကျင်အောင်လုပ်၊ သမိုင်းကိုလည်း သင်၊ သိပ္ပံကိုလည်း တတ်ပါစေ။ ပြီးတော့ နေ့တစ်နေ့ကုန်ဆုံးလို့ လေးနာရီနဲ့ ငါးနာရီကြားမှာ အနုပညာကို နက်နက်နဲနဲ စိတ်ဝင်စားအောင် လုပ်ပေးပါ။ ဒီလိုဆိုရင် တူရိယာသင်ချိန် သီတင်းတစ်ပတ်မှာ မိနစ်ငါးဆယ်လောက် ရမယ်။ အနုပညာအမြင် လေ့ကျင့်ရေးလည်း မိနစ်ငါးဆယ်၊ တူရိယာ မိနစ်ငါးဆယ်မှာ ဘာတွေသင်မလဲ။ တူရိယာအသင်ကောင်းတဲ့ ဆရာတစ်ယောက်က "ဟင်း ဟိုအက္ခရာသီချင်းကို အာရုံခံထားသလား။ မခံစားဘူးမဟုတ်လား။ ဒီလိုဆိုရင် ဘာပြုလို့ တူရိယာကို အာရုံခံစားခိုင်းသလဲလို့ ပြောပါတယ်။ ကလေးတွေဟာ သူတို့ဘာသာ သူတို့ အနုပညာမှာ စိတ်ကြိုက်ရွေးပါစေ။ တယော၊ စောင်း၊ ပန်းအက၊ တစ်သီတင်းမှာ သုံးလေးနာရီကို သုံးပြီး စမ်းခိုင်း၊ တကယ်နှစ်သက်တဲ့ တူရိယာကို တွေ့ပြီဆိုတော့ အဲဒါကို တတ်အောင်သင်ပေးပေတော့။ တစ်နေ့လုံး မခိုင်းနဲ့။ ကိုယ်လက်လှုပ်ရှားမှာ ပါရမယ်။ ကားမောင်းသင်ပေးတာမျိုးလည်း ထည့်ပါ။ လူမှု ပေါင်းသင်းရေးလည်း တတ်စွမ်းသလောက်ထည့်သင်ပါ။ အဲဒါဆိုပဲ ကျုပ်တို့ကျောင်းကို ထာဝစဉ်တည်တံ့တဲ့ နေရာဖြစ်လာမယ်။ ကျောင်းဆောက်တဲ့ ဗိသုကာဆရာကို ခေါ်ခဲ့ပြီး ကျောင်းသားတွေနဲ့ တွေ့ပေးပါ။ ဒါမှ ဆောက်လုပ်ရေးဒီဇိုင်းမှာ သူတို့ ဘယ်လောက်ကြိုးစားသင်ယူရမယ်ဆိုတာ သူတို့ သိမယ်။ ငွေထောက်ပံ့မယ့်ပုဂ္ဂိုလ်တွေလည်း ခေါ်ခဲ့ပါ။ ကလေးတွေ ဒါမှ ဝန်းကျင်နဲ့ ဆိုင်တဲ့ စီးပွားရေးအမြင်ရလာမယ်။ ဒီကလေးတွေ ကျောင်းက ထွက်ရင် ကမ္ဘာကြီးနဲ့ ရင်ဆိုင်ကြရမှာပါ။ သူတို့အတွက် အကျိုးရှိရာ ရှိကြောင်း အခြေအနေကို ရှာကြရမှာပါ။

<u>တကောင်းစာအုပ်တိုက်</u>

ဒီတော့ဗျာ သူတို့အတွက် အကျိုးရှိမယ့် ကိစ္စကို အခုထဲက သူတို့ တတ်နိုင်သလောက် မြင်နိုင်တွေ့နိုင်ဖို့ ကျုပ်တို့က ဖန်တီးပေးရင် မကောင်းဘူးလား။

**ဂတ်တို။ ။** ကရစ်စတင်ရေ မေးခွန်းတစ်ခုလောက်မေးပါရစေ။ ဒီကလေးတွေဟာ ချစ်စရာ။ တချို့က တူရိယာဘက်ကို ဝါသနာပါပြီး အဲဒီဘက်မှာ အစွမ်းပြနိုင်တဲ့ အခြေအနေရှိပုံရတယ်။ ဒါကို မော်တော်ကားကိစ္စကို ပြောနေကြရင် မဆီမဆိုင်ဖြစ်မနေပေဘူးလား။ နယူးယောက်ကသက်ကြီးတွေက ကိုယ့်အိမ်ထဲမှာ တံခါးပိတ်နေရက်တယ်။ သူတို့က ခုလိုပစ်ထားရင် ဒီကလေးတွေဟာ အဝတ်ပုံစံဒီဇိုင်းထုတ်တဲ့ဘက်ကို ရောက်ကုန်တော့မယ်။ ဒါမှမဟုတ်ရင်လည်း တေးဂီတတူရိယာဆိုတာ သီချင်းဆိုတတ်ရင် လုံလောက်ပြီလို့ ထင်သွားမယ်။ ဒီလူကြီးတွေက ဒီကလေးတွေကို တကယ် အားကြိုးမာန်တက် ကပြသီဆိုဖြေဖျော်နေတဲ့ ဇာတ်ရုံကြီးတွေကို ခေါ်ပြပါတော့လား။ စိတ်ပါအောင် မြှူဆွယ်တာလောက်နဲ့ မပြီးနိုင်ဘူး မဟုတ်ပါလား။

**ဂျော်ဒန်။ ။** သူတို့ စိတ်ပါဝင်စားလာတာတော့ မှန်တယ်။ ဝက်စ်မင်စတာကို သွားပြီး မူလတန်းကျောင်းမှာ သူတို့နဲ့ ဆိုင်သလောက် လေ့ကျင့်ရမယ်။ သူတို့က မိဘတွေကြိုက်မယ်ထင်လို့ ဒါတွေကို လုပ်တယ်လို့ ဆင်ခြေပေးပါတယ်။

**ဂတ်တို။ ။** သိပ်ကောင်းတယ်။ ငါ တကယ်ပြောတာပါ။ အခုတစ်နှစ်ကို သီတင်းလေးဆယ် သင်ကြားနေတဲ့ စနစ်မှာ ဒီကလေးတွေကို တစ်သီတင်းမှာ တစ်ရက်ထွက်ခိုင်းရင် လူမျိုးစုံနဲ့ တွေ့ရပြီး ဒီလူတွေကိုတောင် ဘယ်လိုအလုပ်စွံအောင် ဘယ်လိုလုပ်သင့်တယ်လို့ သူတို့က ပြောနိုင်ပါလိမ့်မယ်။

<u>တကောင်းစာအုပ်တိုက်</u>

**ကျော်ဒန်။ ။** အဲဒါကို အချိန်ဇယားဆွဲတတ်ရင် ဘာကိုမှမထိခိုက်ဘဲ လုပ်နိုင်ပါတယ်။ ညလူနဲ့တောင် ကျောင်းနေဖက် ဖြစ်လာနိုင်သေးတယ်။ ဒါပေမဲ့ ကျောင်းစစ်စစ် မဟုတ်သလို ဇာတ်ရှုပ်လာမယ်နော်။

**ဂတ်တို။ ။** တချို့ကလေးက ဒါမျိုးကြုံပြီးသားဆိုရင်ကော။

**ကျော်ဒန်။ ။** အခန်း ၁၂ ကို တစ်နေ့လုံး တစ်ခါမှ မဖတ်ရင်ကော ဘာဖြစ်နိုင်သလဲ၊ ကျောင်းဆရာတွေက ထူပါတယ်၊ ပြဿနာတွေ ဟာ ဆရာတွေ အ လို့ဖြစ်တာကွ။ စိတ်ကူးယဉ်ပြီး ဒီလိုလုပ်မှ မှန်တာလို့ သူတို့က တစ်ဖက်သတ်ထင်တာလည်း ရှိမယ်။ တချို့ကလည်း လူသစ်မို့ အထာ မကျသေးတာ ဖြစ်နိုင်တယ်။ ဟိုလိုဒီလိုဖြစ်နိုင်တဲ့အခြေအနေကို ရုတ်တရက်ဝင်ပြီး အကဲဖြတ်ပေးဖို့ မလွယ်ဘူးနော်။

**လက်ဖမ်။ ။** မင်းတို့က တစ်ခုခုကို တွန်းလုပ်မယ့်ပုံမျိုးပါလား။

**ကျော်ဒန်။ ။** ဟုတ်တယ်လေ။

**လက်ဖမ်။ ။** ဒီလိုဆိုရင် တို့ကျောင်းတွေမှာ လူတော်ဆရာပဲ မရ ရအောင် ရှာခန့်ရမလို ဖြစ်နေပြီ။ ဒီပြဿနာကို ဆရာသင်းမှာ တစ်ခါမှ ချ မဆွေးနွေးဘူးကွ။

**ဂတ်တို။ ။** ငါမပြောတတ်လို့ပါကွာ၊ ငါ့ကလေးတွေ အသိဉာဏ်တိုးလာဖို့ ဟာ ငါတို့ဝန်ကြီးပဲ မဟုတ်ပါဘူး။ အစကတော့ ကလေးက ငါ့ကို အားကိုးပေမယ့် သူ့ဘာသာသူ လုပ်တတ်ကိုင်တတ်လာပါတယ်။ ဒီလို ဖြစ်လာအောင် အစ ပျိုးပေးရတာပေါ့၊ ငါ့စကားပြောသံက နည်းနည်းဆန်း နေတယ်။ ဒါပေမဲ့ သူတို့ နားလည်ပါတယ်။ ငါတို့က ဘာမဆို သူတို့ အတွက် လုပ်ပေးမယ်ဆိုတိုင်း သူတို့က လက်မခံပါဘူး။ နောက်ကြီးလာရင် သူတို့ဘာလုပ်မယ်ဆိုတာ သူတို့မှာ စိတ်ကူးရှိနေပါပြီ။ စာရေးဆရာလား၊

ကျောင်းဆရာလား၊ ကုန်သည်ပွဲစားလား ဆိုတာမျိုးတွေပါ။ ငါတို့ကလည်း ဘာလုပ်ရလုပ်ရ၊ သူတို့အတွက် လုပ်ပေးမယ်ပေါ့။

**ဂျော်ဒန်။ ။** တော်တဲ့ကလေးဆိုတာလည်း နည်းနည်းအဆင့်မြင့်တဲ့စာ ဆိုရင် လမ်းကြောင်းပေးတဲ့လူ လိုတယ်။ ဥပမာ ရှိတ်စပီယားရဲ့ ပြဇာတ် ဆိုရင် ငါ့ကိုယ်တွေ့က ငါ ဆယ်တန်းရောက်နေပြီ။ တစ်ယောက်ယောက်က လမ်းကြောင်းမပေးရင် ငါဘာမှမလုပ်တတ်ဘူး၊ ကျောင်းသားဆိုတာပဲ အချင်းချင်းသင်ပေးတဲ့သဘောလည်း ရှိတယ်။ စကားပြောရင်း ပညာရတာလည်း သိပ် အရေးပါတယ်။ ကျောင်းအကြောင်းပြောမှာလည်း ပညာရေးအကြောင်း ပြောဖို့လိုတယ်။ လူ့ဘောင်အဖွဲ့အစည်းကို လိုက်ပြီး ဒီကိစ္စ ဖြစ်နိုင် မဖြစ်နိုင် ချင့်ချိန်ရပါတယ်။ ငါ့အနေနဲ့တော့ လူ့ပတ်ဝန်း ကျင်ပါနိုင်လေကောင်းလေပါပဲ။ မပါနိုင်ရင် ဝမ်းနည်းစရာလို့ပဲ ငါပြော ချင် တယ်။

**ဂတ်တို။ ။** မင်းက ဒါကို သိပ်အလေးအနက်ထားသလား။ ငါးရက်မှန်မှန် အလုပ်လုပ်ရင် ဒါကိုမလုပ်လည်း ဖြစ်ပါတယ်။ လုံးလုံးမပယ်တောင် တတ်နိုင်သလောက် လျှော့စေချင်တယ်။ ပြဇာတ်မှာလို အခန်းသုံးခန်းနဲ့ တစ်ဇာတ်လုံး ဘာကို ဆို လို သလဲ ဆို တာ သိနိုင် တယ်။ ကျန်တာတွေက ဇာတ်ဆရာက သူ့အကြိုက်အတွက် ချဲ့ထွင်ပြီးထားတာ ပဲ။ ဇာတ်ရဲ့ အဓိပ္ပာယ်က နှစ်ခန်း သုံးခန်းနဲ့ လုံလောက်တယ်။ ကလေးတွေကလည်း သူတို့ အခြေခံ ဘယ်လိုရှိရှိ၊ သိတတ်ကြပါတယ်။ ဒါကို ငါသိတာက ကိုယ်တွေ့မို့ ပါ။

**ဆိုက်ဇာ။ ။** ကျောင်းက အကောင်းလုပ်ငန်းတွေ လုပ်ပေးနိုင်သလောက် လုပ်ပေးစေချင်တယ်။ ဒါပေမဲ့ ကိုယ်တွေ့ကို ပြောရရင်

ကျောင်းက လုပ်ပေးချင်သလောက်နိုင်အောင်လုပ်လို့မရတာတွေ ရှိတယ်။ အရေးကြီးတာ အရေးပါတာပဲ လုပ်ပေါ့ဆိုရင် ဖြစ်နိုင်တယ်။ ငါသိသမျှ ငါနဲ့ ပတ်သက်တဲ့ ကျောင်းကို ကလေးက အသက် ၁၂ နှစ်မှာရောက်တယ်။ အတန်းအဆင့် မသတ်မှတ်ဘဲ လက်ခံတယ်။ သူတို့လုပ်ရည် စွမ်းရည်နဲ့ တိုးတက်မှုကို ရအောင်လုပ်ပေးတယ်။ ဒ့ါထက်ပိုပြီး နားလည်လွယ်အောင် ပြောရရင် အရေးကြီးတဲ့ ပညာရပ်နှစ်ခုကို တတ်ရဲ့လားကို စူးစမ်းတယ်။ အဲဒီ နှစ်မျိုးက အင်္ဂလိပ်ဘာသာစကားပြောနိုင်သလား ရေးနိုင်သလား၊ ပြီးတော့ သင်္ချာ၊ ထုံးစံအတိုင်းကြိုက်ရာဘာသာကိုရွေးယူလို့ ခွင့်မပေးဘူး။ တို့က ဘာသာစကားများများတတ်တာကို ထောက်ခံတယ်။ ဒါပေမဲ့ စပိန်ကိုပဲ ထူးထူးချွန်ချွန်တတ်အောင် သင်ထားတယ်။ ဒါပေမဲ့ ဒ့ါထက်များရင် ဆရာ ကျောင်းသားအချိုးမှာ ဆရာများလာလိမ့်မယ်။

ငါ ကျောင်းအုပ်လုပ်နေတဲ့ ဖိလစ်အကယ်ဒမီမှာဆိုရင် နဲ့ရောပုံရော တစ်ပြိုင်တည်း တီးသလို ဘာသာစကား ၁၁ မျိုး သင်နေတယ်။ အဲဒါမျိုးကလည်း အရှားသားပေါ့။ ဒါပေမဲ့ တပည့်ပေါ်မှာ တည်တယ် နော်။ အဲဒါ သတိထား။ ဖိလစ်အကယ်ဒမီမှာ အရပ်ရှစ်မျက်နှာကလာတဲ့ တပည့်တွေပေါ့။ ဒါပေမဲ့ ဘာလုပ်လုပ် တပည့်ပေါ်မှာ မူတည်တယ်။ ကျောင်းသားတိုင်း သီတင်းဆယ်ပတ် အရေးအဖတ်သင်ရတယ်။ မစွံရင် နောက် သီတင်းဆယ်ပတ် ဆက်ယူခိုင်းတယ်။ တတိယအကြိမ် ထပ်လုပ်ခိုင်းရတာလည်း ကြုံဖူးပါတယ်။ ကျောင်းသားကိုလည်း တို့က ဟေ့ ဆယ်တန်း၊ ဆယ့်တစ်တန်းဆိုတာတွေ ဘေးချိတ်လိုက်၊ မင်းတို့ တစ်ယောက်ချင်း လိုအပ်တဲ့ အဆင့်ကို ရောက်သလား၊ မရောက်ရင် ထပ်လုပ်၊ ဆက်လုပ်။ မင်းမိဘနဲ့လည်း ဒါကို အပြေအလည်ဆွေးနွေးပြောဆိုပြီးသားကွဲ့။ ကျောင်းသား ၆၅ ထက် မပိုသင့်ဘူး။ ငါးဆယ်တည်းနဲ့တောင် ရတယ်။ အသက်

နဲ့လည်း မဆိုင်ဘူး။ အသိဉာဏ်ပွားဖို့ပဲ အရေးကြီးတယ်။ ဒါကို ကျောင်းသားက ပိုင်ပိုင်နိုင်နိုင် သိထားရမယ်။ အရေးကောင်းတာ ဒီဟာကွဲ့လို့ပြရင် ကျောင်းသားက တွန့်သွားတတ်တယ်။ ကျွန်တော်တို့ အဆင့်မီအောင် တတ်တော့မှာ မဟုတ်ဘူးလို့ ပြောလိမ့်မယ်။ တတ်ပါတယ်ကွဲ့လို့ တို့ကလည်း ပြန်ပြောတယ်။ ကျောင်းပုံစံက လွတ်လပ်လွယ်ကူပါတယ်။ အထက်တန်းကျောင်းတွေ လိုက်ပြီး ကျွန်တော်လေ့လာတုန်းက မယုံနိုင်လောက်အောင် ရှုပ်ထွေးတယ်။ သူတို့ သင်ရိုးညွှန်းတမ်းက ရောယှက်နေလွန်းတာနဲ့ ဘာမှ လုပ်မရအောင် ပြွတ်သိပ်ပိညပ်နေတယ်လို့ သုံးသပ်မိတယ်။ အခုပြောတဲ့ ကျောင်းမှာတော့ ဒီပုံစံမဝင်သေးပါ။ တစ်နေ့ ကို တစ်ချိန်နှစ်နာရီထားပြီး အချိန်သုံးချိန်ပိုင်းတယ်။ တစ်ခုကြောင့် စိတ် ပျက်ရင် ကျောင်းဆက်မတက်လည်းရတယ်။ ဥပမာ လူကြီးကြီးတစ်ယောက် လာလည်လို့ စာသင်ရပ်ထားလိုက်တာလည်း ဖြစ်နိုင်တယ်။ လိုသလိုရတယ်၊ ရိုးရိုးကလေးနဲ့ ဖွဲ့စည်းထားပြီးတတ်အောင်သင်မယ်ဆိုတဲ့ ပန်းတိုင်ထားတယ်။

**ဂျော်ဒန်။ ။** ကန်ထရိုက်စနစ်ဆိုပါတော့၊ သူက ငွေပေး ငါက လူစိုက် ပေါ့၊

ဒီနည်းပဲ အလုပ်လုပ်ဖြစ်တဲ့နည်း မဟုတ်လား။ စိတ်ပါမယ့်လူဆိုရင် ဆရာ မိဘကျောင်းသားတြိဂံဆက်ဆံရေးကို ပြတ်ပြတ်သားသား သူ့စည်းကိုယ့် စည်းထားပြီး လုပ်တယ်။ သူ့အိမ်ကိုယ့်အိမ် တယ်လီဖုံးတွေနဲ့ ညနေပိုင်းမှာ အပြန်အလှန်စကားပြောကြတယ်။ ပြောတဲ့စကားကတော့ အိမ်စာ (homework)ကို ဘယ်လိုလုပ်ရပါသလဲဆိုတဲ့ အမေးအဖြေတွေ ဖြစ်ပါတယ်။ ဆိုပါတော့ဗျာ၊ ကျောင်းအပြန် ကိုယ်ကတော့ အိမ်ရောက်ပြီးပြီ။ ကျောင်းသားအိမ်ကို ချောချောမောမောပြန်ရောက်ရဲ့လားလို့ စိုးရိမ်စိတ်နဲ့လည်း မေးမယ်။ ပြောကြ ဆိုကြနဲ့ လေးဆယ့်ငါးမိနစ်တောင် ပိုချင်ပိုသွားမယ်။ ဒါပေမဲ့ ဒီဆက်သွယ်မှုဟာလည်း အရေးကြီးတယ်လို့ တွေ့ရှိပါ

တယ်။ အပြန်အလှန် ဆောင်ရွက်ဖို့ ကတိစာချုပ်မှာ ဒါ မပါပေမယ့် တစ်ဦးကို တစ်ဦး ပိုပြီးနားလည်လာလို့ အလုပ်မှာ ပိုထိရောက်တယ်။ ဆရာ့တာဝန်၊ ကျောင်းသားတာဝန်၊ မိဘတာဝန်တွေလည်း ရုပ်လုံးပေါ်လာတယ်။

**စတီးဝပ်။** ။ ခုလို ကျွန်တော်တို့ ပူးပေါင်းပြီး ထောင်တဲ့ အခုသင်ဆိုတဲ့ ကျောင်းအိပ်ကျောင်းစား မျိုးစေ့ ကျောင်းမပေါ်မီက မိဘတွေလည်း ကျောင်းကိစ္စမှာ ပါဝင်လာအောင် မနည်းလုပ်ရတယ်။ တကယ်က မိဘတွေဟာ သူတို့တွေ့ဖူးတဲ့ ပြည်သူ့ကျောင်း စိတ်ပျက်ပြီးသား ဖြစ်နေတယ်။ (ပြည်သူ့ကျောင်းဆိုတာ မြန်မာနိုင်ငံမှာ အစိုးရကျောင်း မဟုတ်တာကို ဆိုလိုပါတယ်။) ဝင်ငွေနည်းတဲ့ မိဘတွေက ဒီလိုပြောတတ်ပါတယ်။ ကျုပ်ဖြင့် ကျောင်းထွက်လာတဲ့အခါ ငါဘယ်တော့မှ ကျောင်းပြန်မသွားတော့ဘူး လို့ စိတ်ထဲမှာဖြစ်တယ်။ (ဒီစကားဟာ ကျောင်းတက်ဖို့ အတန်းဆုံးပြီဆိုတာတောင် ကျောင်းဆက်တက်ချင်သေးတယ်ဆိုတာ နဲ့ ဆန့်ကျင်ဘက် ဖြစ်ပါတယ်။) အဲဒီလို စိတ်မှာ ကျောင်းကို စိတ်နာလာတဲ့မိဘဟာ သူတို့ အိမ်ထောင်ကျပြီး သားသမီးရလာတော့ ဒီသားသမီးကို ကျောင်းလွှတ် ဖို့ လိုပေမယ့် ကျောင်းကို မလွှတ်ရဲဘူး စိတ်မချဘူး ဖြစ်နေတတ်တယ်။ ရှေ့နေဟာ ကိုယ့်အမှုသည်ရဲ့အကျိုးရှိရာရှိကြောင်း ဟိုလိုမေးဒီလိုမေး ဆိုတာမျိုးလို သားသမီးရဲ့ရှေ့နေတွေ ဖြစ်လာပြီး ဟိုမေးဒီမေး လုပ်လာတော့တယ်။ ဒီစိုးရိမ်စိတ် ပပျောက်သွားအောင် မိဘတိုင်းရဲ့ အိမ်ကို လိုက်ပြီး အချိန်ကုန်ခံပြီး ဆွေးနွေးပါတယ်။ ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်ကို ဒီလိုစပြီးပြောပါတယ်။ ဒီကျောင်းထောင်ဖို့ ငွေတွေအများကြီး(ဥပမာ သိန်းတစ်ရာ) ကုန်ထားရပါတယ်။ ထက်ဝက်လောက်ကတော့ ကိုယ်ပိုင် ကျောင်းတွေအတွက် အမတော်ကြေးထဲကရထားပါတယ်။ နောက်ထပ် ၄၀ ရာခိုင်နှုန်းကို ကြိုးစား ရှာရပါတယ်။ ၁၀ ရာခိုင်နှုန်း လျော့နေသေးတယ်။ ဒါ

ကြောင့် ကလေးမိဘက "အချိန်ဒေါ်လာ" စီမံကိန်းနဲ့ ဝင်ပါလို့ မေတ္တာ ရပ်ခံရတယ်။ ကျွန်တော်တို့က တစ်နာရီမှာ ၁၅ဒေါ်လာနှုန်းနဲ့ အလုပ်လုပ်ထားတဲ့အထဲမှာ ခင်ဗျားတို့က တစ်နာရီလောက် ပါဝင်ပါဆိုတာမျိုး ဖြစ်ပါတယ်။ သူတို့က ကလေးတွေကို လိုက်ပို့လာကြို အိမ်စာကိုလည်း နှစ်နာရီလောက် ကူသင်ပါ။ ကားလည်း စုပေါင်းစီစဉ်ရမှာပေါ့။ အဲဒါ အလှူခံတဲ့ပုံစံပါပဲ။ နှစ်ကုန်ရင် ခင်ဗျားတို့ အလှူက ဒေါ်လာ လေးသောင်းငါးထောင် ဖြစ်ပါတယ်လို့ စာရင်းကို ဖော်ပြလိုက်ပါ။ အစက ပြောခဲ့သလို ခင်ဗျားတို့ကျောင်း ဘာကြောင့် ခုလို အောင်မြင်ပါသလဲ မေးလာတိုင်း မိဘတွေ ကူညီလို့ပါခင်ဗျာလို့ ကျွန်တော်တို့က မပြောနိုင်ရင် ကျွန်တော်တို့ မဟန်ဘူးဆိုတာ ဝန်ခံသလို ဖြစ်ပါတယ်။

**လက်ဖမ်း။ ။** ဒီမှာ အရေးကြီးတဲ့မေးခွန်းပေါ်လာပြီ။ ကျွန်တော်တို့ ကျောင်း ရန်ပုံငွေကို ဘယ်လိုရှာသလဲ။ တကယ့်စိတ်တိုင်းကျ ကျောင်း တစ်ကျောင်း ဖြစ်ဖို့ အခွန်ပေးတွေရဲ့ငွေနဲ့ မလောက်ဘူး။

**ဂတ်တို။ ။** ကျောင်းတိုင်း ကိုယ့်ငွေ ကိုယ်ရှာဖြစ်သင့်တယ်။

**လက်ဖမ်း။ ။** ကိုယ့်ဟာကိုယ်ဆိုတာဘာလဲ၊ တစ်ပြားနှစ်ပြားလည်တောင်းတာလား။

**ဂတ်တို။ ။** ကျွန်တော့လက်တွေ့ကိုတော့ ပြောကြရဦးမယ်။ ကျွန်တော် အလုပ်လုပ်တဲ့ကျောင်းက ကျောင်းရံပုံငွေကို ခွဲတန်းနဲ့ရတဲ့ ကျောင်းပါ။ သိတဲ့အတိုင်း ခွဲတန်းက ဘာမှမဖြစ်စလောက်မို့ ကျောင်းသားတွေကိုပဲ နေရာနဲ့ ပိုင်းပြီး စီးပွားရေးလုပ်ငန်းတွေကို စာရင်းကောက်စမ်းလို့ခိုင်းတယ်။ ခေါင်းရွက်ဈေးသည်အထိ စုံစမ်းတယ်။ သုံးရက်ဆက်တိုက် ဝင်ငွေထွက်ငွေ လူသုံးကုန်ပစ္စည်းအမျိုးအစားဆိုတာတွေ သိရတယ်။

တကောင်းစာအုပ်တိုက်

စီးပွားရေးစီမံကိန်းဆိုင်ရာတွေက မင်းတို့စာရင်းဇယားနဲ့ တို့များရဲ့ စာရင်းဇယားနဲ့ ညှိပါရစေလို့ ပြောပါတယ်။ တန်ရာတန်ကြေးပေးပါမယ်တဲ့။ ဒီတော့ ကျွန်တော် သိလာတဲ့ အချက်က ငါ့ကျောင်းသားတွေ စီးပွားရှာခိုင်းလို့ဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။ ကျောင်းဆိုတာ သူများပေးကမ်းသမျှနဲ့ ရပ်တည်လို့ ဘယ်ရပ့်ါမလဲ။ ဒါဆိုရင် ကျောင်းသားတွေကို စားစရာလုပ်ခိုင်း၊ ကလေးထိန်းခိုင်း ဆိုတာဖြစ်နိုင်တယ်ပေ့ါ။

**လက်ဖမ်**။ ။ ဂေါ်လီဗာဖြတ်လမ်းအတိုင်းဆိုပါတော့ အဲဒီအထဲက ကျောင်းအုပ်နေရာကို ခင်ဗျားတို့ ယူမယ်ပေ့ါ။

**ဂတ်တို**။ ။ ဟုတ်တယ်။ ဒီလိုပဲ လုပ်ချင်နေပါတယ်။ ပုံစံချထားတဲ့ ပညာရေးမှာ လိုအပ်တဲ့ ငွေကိုလည်း ပံ့ပိုးဖို့ သိပ်လိုတာပေ့ါ။ ထောက်ပံ့ ကြေးဟာ ကလေးတိုင်း ရောက်လာ စခန်းမှာ ရရမှာပေ့ါ။ ပြီးတော့ ဘယ်ကလေးမဆို သူနေချင်တဲ့ကျောင်းကို နေခွင့်ရရမယ်။ ဒီနယ်က လူ ဟိုနယ်က ကျောင်းနဲ့ မဆိုင်ဆိုတာမျိုးလည်း မကြိုက်ဘူး။ ပညာရေးစနစ်မှာ ဒါမျိုးဟာ သိပ်ညစ်ပတ်တဲ့ စိတ်ဓာတ်နဲ့ ညစ်ပတ်တဲ့ လုပ်နည်းဖြစ်တယ်။ ကလေးစိတ်ကြိုက်ဆိုရာမှာလည်း မိဘစိတ်ကြိုက်လည်း ပါပါတယ်။ မိဘကလည်း ကိုယ့်သားသမီးရဲ့ အစွမ်းအစကို ကြည့်ပြီး လမ်းညွှန်သင့်တယ်။ ညွှန်ရမယ်။ ကျွန်တော်တို့ ခေတ်ကလို ကျောင်းအမျိုးအစားခွဲပြီး ထောက်ပံ့တာလည်း မစို့မပို့ မဖြစ်သေးဘူးလေ။

**ဂျော်ဒွန်**။ ။ ဆင်းရဲသားရဲ့ သားသမီး ကလေးတွေအတွက် ကျောင်းညံ့ညံ့ဆိုတာမျိုး မဟုတ်ဘူးနော်။ ဒီမှာ မိန်းကလေးကျောင်း၊ ယောကျ်ားလေး ကျောင်းရယ်လို့ ခွဲမနေနဲ့။ ထပ်ပြောမယ်ဗျာ။ ဒေါ်လာက ကလေးနောက် ကို လိုက်ပစေ။ (သူနေချင်တဲ့ကျောင်းမှာ နေနိုင်အောင်ပေး

ဆိုတာကို သိပါ) ဒါမှ ဆင်းရဲသားသမီး ကျောင်းကောင်းဝင်ခွင့်ရမှာ။ အဲဒါ တကယ်မဖြစ်နိုင်သေးရင် ဖြစ်အောင်လုပ်။ ဆင်းရဲသားသမီး ခေတ္တစောင့် ပါဦး ဆိုတာ လက်မခံနဲ့။

**စတီးဝပ်။ ။** ဘတ်ဂျက်က ပညာရေးငွေ ထောက်ပံ့ပုံကို ပြန်ကြည့်ပါ။ အားလုံးတစ်တန်းတစ်စားတည်း လုပ်ထားတာမဟုတ်ဘူး။ မညီမမျှ မလုမပ ဖြစ်နေသေးတယ်။ ပြီးတော့ ဟိုကြေးဒီကြေးနဲ့ နုတ်ပြန်တော့ တစ်ဒေါ်လာပေးရင် စာသင်ခန်းကို ငါးဆင့်ဆယ်ဆင့်ပဲ ရောက်တော့တယ်။ ဒါ့ကြောင့် ကျောင်းတည်တာကစပြီး ကျွန်တော်တို့က ဝင်ပြီး စွက်ဖက်ပြောဆိုရမှာ ဖြစ်တယ်။ အခုမညီမညွတ်ဖြစ်တာကို ဘယ်လို ညှိမလဲဆိုတာ ဆရာမိဘ ညှိရမယ်။ ဘယ်တာဝန်ကို ဘယ်သူယူ ဆိုတာလည်း တာဝန်ဝေရမယ်။ ငွေလိုတဲ့ နေရာကို ငွေလိုသလောက် ရောက်ရမယ်ဆိုတဲ့ စံထားရမယ်။ နောက်ပြဿနာက ဆရာလိုသလောက် ရနိုင်မလား။ ဆရာလုပ်မယ့်လူကို အဝေးအဖျား အသွားအလာခက်ခဲတဲ့ နေရာကို ပို့မယ်ဆိုရင် သူသွားချင်အောင် ငွေကြေးအကူအညီ လိုမှာပါ။

## ၄ ။ ဌာနကြီး

**ဂတ်တို။ ။** လက်မှတ်ရဆရာကို ရချင်တယ် ဆိုပါတော့။

**စတီးဝပ်။ ။** ရတဲ့အခါလည်း ရှိပါတယ်။ လက်တွေ့ကတော့ အခုလက်ရှိ ဆရာတွေမှာ ၇၅ ရာနှုန်းလောက်က လက်မှတ်မရှိပါဘူး။ ကျန်တဲ့ ၂၅ ကို ဘာလုပ်ပေးရမလဲ။

**ဂတ်တို။ ။** အလုပ်တစ်ခု စတော့မယ်ဆိုတာနဲ့ ဒီပြဿနာမျိုးက စတွေ့တာပဲ။ လူတော်ကလေးတွေ ယောင်ချာချာဖြစ်နေတာများ

တယ်နော်။ ပြီးတော့ အလုပ်ဆက်လုပ်နိုင်သေးတဲ့ အငြိမ်းစားပင်စင်ရတွေလည်း ရှိတယ်။ ပညာတတ်လျက် အလုပ်လက်မဲ့တွေလည်း ရှိတယ်။

**လက်ဖမ်**။ ။ ဒီလိုလူတွေကို အလုပ်သွင်းပေးရုံပဲပေါ့။ ဘယ်နည်းဘယ်ပုံ လုပ်မလဲ။ လုပ်သားသမဂ္ဂက ဘာပြောမလဲ။

**ဂတ်တို**။ ။ သမဂ္ဂနဲ့ ဆရာအတတ်သင် ကောလိပ်တွေက ဥပဒေရေးရာကို ဆောင်ရွက်ကြမှာပါ။

**လက်ဖမ်**။ ။ ဥပမာ ခင်ဗျားတို့နှစ်ယောက် တစ်ယောက်ယောက် လက်အောက်မှာ ကျွန်တော် ဝင်လို့ ရမှာလား။ ဆရာဖြစ်လက်မှတ် မရှိဘူး။

**ဆိုက်ဇာ**။ ။ လာခဲ့လေ။

**ဂျော်ဒန်**။ ။ ဟုတ်ပြီ။ ဆိုလိုတာက လုပ်တတ်ရင်ပြီးရော။ လက်မှတ်မလိုပါဘူး။

**ဆိုက်ဇာ**။ ။ ဒီလိုလည်းရှိပါတယ်။ ကျွန်တော့်လက်မှတ်က ဘယ်နယ်မှာ လုပ်ခွင့်လို့ ကန့်သတ်ချက်ပါတယ်။ ဒီတော့ ဆရာနဲ့ လက်ခံချင်တဲ့အဖွဲ့ညှိရမယ်။ ဥပဒေဘောင်အတွင်းဆိုတဲ့ ဟန်ဆောင်ပန်ဆောင် လုပ်ရဦးမှာ။

**ဂတ်တို**။ ။ သတ်မှတ်ထားတယ်ဆိုရင် လိုက်နာရမှာပေါ့။ ဟိုရှောင် ဒီကွေ့မလုပ်သင့်ဘူး။

**ဆိုက်ဇာ**။ ။ သမဂ္ဂကလည်း ပြဿနာ။

<u>တကောင်းစာအုပ်တိုက်</u>

**ဂတ်တို။ ။** ဟုတ်တယ်။ သမဂ္ဂကို နှိမ်ရမယ်လို့ မဆိုလိုပါဘူး။ ဒါပေမဲ့ ဥပဒေဘောင်မဝင်တဲ့ လူတော်တွေကိုလည်း ဘယ်ပစ်ထားလို့ ရမှာလဲဗျ။ သူတို့ကလည်း ရာလိုက် ထောင်လိုက် ရှိနေတယ်။ လက်မှတ်ရ ဆရာသင်းကလည်း သိပ်ပြင်းထန်တဲ့ သဘောထားမျိုးမထားပါ။

**ဆိုက်ဇာ။** ။ ဒါလောက်နဲ့ အခုလိုကြီးတဲ့ ပြဿနာကို ဖြေမယ်မကြံနဲ့။ နိုင်ငံမှာ ဆရာလိုတယ်လို့ နိုင်ငံကို ပညာပေးရမယ့်ပုံစံဖြစ် နေပြီ။ လူတော်လေးတွေက တို့မျှား အသက်မွေးဝမ်းကျောင်းပညာ ရွေး တာမှားပြီ။ နောက်တစ်နေရာပြောင်းကြစို့လို့ ဖြစ်လာပြီ။ အဲဒီအခါ အထက် ကလိုတဲ့လူကို ခေါင်းခေါက်ရွေးဖို့ မဖြစ်တော့ဘဲ တို့မပါဝင်တော့ဘူးလို့ ငြင်းပယ်တာကို ခံရတဲ့အဖြစ် ကြုံလာပြီ။ ဒီလိုနဲ့ ရရာလူပဲ ယူရတော့မှာပါ။

**ဂတ်တို။ ။** ဒီစကားကို ငြင်းဖို့ ခက်ပါတယ်။ အားလုံးကို ဖွင့်ပါ။ အားလုံး ကို ပိတ်ပါ လို့ ရွေးရမှာထက် အလုပ်ဖြစ်ဖို့က ပိုအရေးကြီး ပါတယ်။

**စတီးဝပ်။ ။** အားလုံးခြုံကြည့်ရင် ကိုယ်ပိုင်ကျောင်းကို လွှတ်ပေးဖို့ပဲ မဟုတ်လား။ ထင်သလိုစိုင်း ဆိုတာမျိုးမဟုတ်လား။ အစိုးရ မူပိုင်လုပ်ထားရင် တချို့က လက်မခံရုံသာမက ဆရာဘဝကို စွန့်လွှတ် သွားမှာတောင် စိုးရသေးတယ်။

**ဂျော်ဒန်။ ။** ငါ အရင်က အလွတ်ဆရာ ဖြစ်ချင်တယ်။ အလွတ်ဆရာ ကောင်းကလည်း ရှားသေးတယ်။ အဲဒါဖြစ်ဖို့ ဆရာဖြစ်သင် ကောလိပ် တက်ပြီး လက်မှတ်ရဖို့ မလိုဘူး။ ဒါပေမဲ့ အထဲဝင်ကြည့်တော့ ရုံးစည်းကမ်းဥပဒေတွေနဲ့ သိပ်ရှုပ်တာကို တွေ့တယ်။ ရှူးချင်စိတ်ပေါက်

လာတယ်။ အခုစနစ် က ဆရာဟာ ဆရာအဖြစ်နဲ့ စာသင်ခန်းထဲမှာ တော်လာဖို့ ဘာမှ အထောက်အကူပြုတဲ့ စနစ် မဟုတ်ဘူး။

**လက်ဖမ်း။ ။** ဆရာကောင်းတစ်ယောက်အနေနဲ့ ဘာကို သိထားရမှာလဲ။

**ဂျော်ဒွန်။ ။** ဆရာကောင်းဆိုရင် ကျောင်းသားကို လက်ငင်းသင်ကြား ပို့ချနေတဲ့ အကြောင်းအရာမှာ စိတ်ဝင်စားနေအောင် ထိန်းတတ်ရတယ်။ အစစ်အမှန်ကိစ္စတစ်ခုကို လုပ်နေတယ်လို့ ကျောင်းသားက သိနေပါစေ။ တပည့်လေးတစ်ယောက်က ကျွန်တော့်ကိုလာပြီး မေးဖူးတာ က ဆရာက တခြားဆရာတွေနဲ့ မတူပါလား။ ကျွန်တော်တို့ကို ဆရာပြောနေပုံက အထက်ကကျောင်းအုပ်ကို ပြောနေပုံပဲ။ လူတိုင်းကို ဆရာက ဒီလိုပဲ ပြောသလားလို့မေးတော့ ငါမွေးလာကတည်းက အခုအလုပ်ကို လုပ်ရမယ်လို့ သိလာတာ။ ဒါ့ကြောင့် ပရိသတ်ကို မရွေးတော့ဘူး။ ကလေးတွေက ငါ့ကို တွေ့ရင် ငိုရော။

**ဂျော်ဒွန်။ ။** ကျွန်တော် ခင်ဗျားပြောတာ ထောက်ခံတယ်။ ကျွန်တော်တို့ ခေါ်လာတဲ့ သာမန်လူတွေဆိုရင် ကလေးတွေက လူမထင် ဘူး။

**ဂတ်တို။ ။** သူတို့ သိသင့်တာ ဘာလဲ။ သူတို့ တက်ကြွနေရမယ်။ ဒီလူတွေကို ကျွန်တော်တို့က လျှောင်ပိတ်ပြီး မလှုပ်မရှားနိုင်အောင် လုပ်ထားရမယ်။ ဟိုဘက်ဒီဘက် အားမျှဖို့လိုတယ် မဟုတ်လား။ ကလေးတွေက ဒီလူမှာ ဘာမှ စွမ်းအားမရှိဘူးလို့ သိတယ်ဆိုတာနဲ့ သူ့ကို ဆက်ပြီး လက်ခံတော့မှာ မဟုတ်ဘူး။

**ဂျော်ဒန်။ ။** မဟုတ်ဘူး။ မဟုတ်ဘူး။ မဟုတ်ဘူး။ လူတွေက လူတော်တွေပါ။ တစ်ခုပဲရှိတယ်။ သူတို့က ငါးတန်းခြောက်တန်း ပရိသတ်

ကို မကိုင်တတ်လို့ ဒီလိုဖြစ်တာ။ သူတို့အရွယ်နားမလည်တဲ့ စကားလုံး ကြီးတွေ သုံးလို့ဖြစ်မယ်။

**ဂတ်တို။ ။** ကျွန်တော်လည်း ဒီလိုခဏခဏ ကြုံရဖူးတယ်။

**ဂျော်ဒန်။ ။** သူတို့လုပ်ပုံက ကိုယ့်ဆီရောက်ပြီးသား ပရိသတ်ကို လှန်သွားအောင် လုပ်သလိုဖြစ်နေတယ်။ စာသင်တာမှာ အစွမ်းအစ လိုတယ်။

**လက်ဖမ်။ ။** အဲဒီအစွမ်းကို ဘယ်လိုလုပ်မှ ရမှာလဲ။

**ဂျော်ဒန်။ ။** ဆရာကောင်းဆိုရင် သင်နေရင် ဘယ်အချိုးနဲ့ ဆက်စခန်းသွားရမယ်ဆိုတာ သိသွားတယ်။ အဲဒါက ကိုယ်ပိုင်နည်းပဲ ပုံသေရယ်လို့ မရှိဘူး။ ပါရမီဆိုပါတော့။ အဲဒီလူမျိုးက အဖိုးတန်တယ်။

**ဆိုက်ဇာ။ ။** မင်းသင်ရမယ့်ဘာသာရပ်ကို မင်းအသေအချာ (ပိုင်ပိုင်နိုင်နိုင်) သိထားရမယ်။

**ဂျော်ဒန်။ ။** သွေးထွက်အောင် မှန်တယ်။

**ဆိုက်ဇာ။ ။** ပိုင်ရင် ပြောရဲဆိုရဲရှိတယ်လေ။ ဆရာပေါက်စဖြစ်ဖြစ် ဝါတော်သုံးဆယ်ရ ဆရာဖြစ်ဖြစ် အင်္ဂလိပ်စာသင်ဖို့ အတန်းထဲ ဝင် ပြီးမှ ကြိုတင်ပြင်ဆင်မှုမရှိ၊ စာဖတ်စာရေးလည်း ဝါသနာမရှိရင် အရှက် ကွဲပြီသာ မှတ်။

**ဂတ်တို။ ။** ကလေးတွေက တို့ဆရာဖြီးဖြစ်နေတာလို့ ချက်ချင်း သိတယ်နော်။ ခင်ဗျားစကားစပြောကတည်းက သူတို့မှာ မမှားနိုင်တဲ့ ရာဒါ ရပြီးပြီ။ ခင်ဗျားပိုင်ပိုင်သိတယ်၊ စမ်းတဝါးဝါး ဖြီးဖြန်းနေတယ်ဆိုတာ သိတယ်။ အတွင်းအပြင် နှံ့စပ်အောင် သိတယ်။ မှန်ကန်အောင် ချက်ကျ

လက်ကျ ပြောနိုင်တယ်။ ရှိတ်စပီးယားကို ဘာပြုလို့ လေ့လာခိုင်းသလဲလို့ မေးလာရင် အဖြေကို မင်းသိပြီးသားပါကွ လို့ ပြန်ပြောနိုင်ရမယ်။

**ဆိုက်ဇာ။ ။** ကျွန်တော်တို့နယ်မှာ ဆရာမလုံမလောက်ဖြစ်တဲ့ ပြဿနာရဲ့ အဖြေက ဆရာဖြစ်သင်တန်းတွေ ထပ်တိုးပြီး ဖွင့်ရမယ်။ ဆရာ မွေးထုတ်နိုင်သမျှ ထုတ်ရမယ်။

**စတီးဝပ်။ ။** အဲဒီမှာ ကမောက်ကမ ဖြစ်နိုင်စရာ တစ်ချက်က ဒီလို သွန်ချ လိုက်တဲ့ပွဲတော်ကြီးမှာ အဖျင်းအညံ့တွေလည်း တစ်သီကြီးပါ လာမယ်။ အခြေအနေက နစ်နာပြီးရင်း နစ်နာရင်းဆိုသလို ဖြစ်သွားမယ်။ ကျောင်းသားကလည်း ဒီဆရာဟာ တို့ကို ကူညီဖို့နေနေသာသာ၊ ဒုက္ခပေး မှာပဲလို့တွက်ပြီးသား ဖြစ်ပါတယ်။ ကျောင်းပြေးကြတာပေါ့။ အခုပြောတဲ့ ဆရာမျိုးပဲ ပြည်နယ်အုပ်ချုပ်ရေးက ရွေးကောက်ပေးနေပုံ ရတယ်။

**ဂျော်ဒန်။ ။** နယူးယောက်နယ်မှာ ဆရာဖြစ်လက်မှတ်ဘယ်လိုပေးသလဲ ကြည့်ပါ။ ဆရာဖြစ်ဖို့ သင်တန်းပေးတယ်လေ။ ဒေါ်လာ သုံးသောင်းကျော် အကုန်ခံတယ်။ ဒီပုံစံနဲ့ ဆင်းရဲသားသမီးကို ပညာပေး နိုင်တဲ့ လူကောင်း ရမယ် ထင်သလား။ သူတို့ကို နာရီပေါင်းများစွာ သင် ကြားပေးပေမယ့် သူတို့က ယောင်ဝါးဝါး၊ အလုပ်လျှောက်ဖို့ လျှောက်လွှာပုံစံ ဖြည့်ရင်း အချိန်ဆွဲနေကြသေးတယ်။ ဒီလိုနဲ့ လိုချင်တဲ့လူမျိုးမရဘဲ မလိုချင် တဲ့ လူတွေ ဝင်လာမယ်။

**ဆိုက်ဇာ။ ။** ဒီလို လိုချင်တာမဖြစ်တာ ဘာကြောင့်ရယ်လို့ အကြောင်းထင် ရှား ရှိသင့်တယ်။ သမိုင်းကြောင်း ပြန်ကြည့်ရင် လူတော် လူကောင်းမရွေးဘဲ၊ ဘက်မလိုက်ဘဲ၊ သာတူညီမျှမဟုတ်၊ သား တူ ညီများ

ကို အရာရှိခန့်ပုံမျိုး ဖြစ်နေလို့ပါ။ စာကောင်းကောင်းမတတ်ဘဲ အရက်သမားကို ဆယ်တန်းမှာ အင်္ဂလိပ်စာသင်ခိုင်းသလို ဖြစ်နေတယ်။

**လက်ဖမ်။ ။** ခင်ဗျားတို့လေးယောက်ပြောသမျှကို မှတ်သားပြီး ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်မယ်။ ဉာဏ်ထက်မယ်။ စိတ်ပါမယ်။ ဆရာ ဖြစ် လက်မှတ် ရှိရှိ မရှိရှိ၊ လူငယ်စိတ်ကူးယဉ်သမား ပါချင်ပါပါစေ၊ အရွယ်လွန်လို့ အငြိမ်းစားရပြီး ပါမောက္ခပါချင်ပါပါစေ၊ ကျောင်းသားကို ကြိုက်ရာကျောင်း ကြိုက်ရာဆရာကို ရွေးခွင့်ပေးမယ်။ ဆရာတွေက ကျောင်းသား မိဘအိမ် လိုက်ပြီး ဆရာမိဘ ဆွေးနွေးမယ်။ တစ်ခုကောင်း သင်တတ်ရင် ဘာသာစုံသင်တဲ့ အဖြီးအဖြန်းသမားကို ရှောင်မယ်။ စာသင်ခန်းအလုပ်ကို သွက်လက်ဖျတ်လတ်ဖြစ်နေအောင် စီမံပေးရမယ်။ ဒီလိုဆိုရင် အောင်မြင်ပြီလို့ ဘယ်နည်းနဲ့ အကဲဖြတ်မှာလဲ။ တို့ဆီကတပည့်နဲ့ တခြားကျောင်းက တပည့်ကို ကောလိပ်ဝင်ခွင့်ပေးသူတွေက ဘယ်လို ခွဲခြားပြီး သိနိုင်မလဲ။ ဝင်ခွင့် စာမေးပွဲ လုပ်ရဦးမှာလား။

**ဆိုက်ဇာ။ ။** ကျွန်တော်တို့ပြောကြတာက စကားရည်လုပွဲကျနေတာပဲ။ စံနဲ့ စံပြုတာကို လှည့်ပတ်ပြောပြီး ရှင်းလေရှုပ်လေဖြစ်နေပြီ။ ခင်ဗျားတို့က စံကို မကြိုက်ပုံပေါ်တယ်။ စံနဲ့ ညှိပါဆိုတာကို မပယ်သင့် ပါဘူး။ ပညာရှင်တွေက ဟိုလိုလည်း ရတယ်။ ဒီလိုလည်း ဖြစ်တယ်နဲ့ သိပ် ပြီး ပညာစွမ်း ပြကြတော့ သာမန်လူတွေက လန့်ပြီး အကောင်းဆုံးဟာ ဘာလဲ။ ဒါပဲပြော၊ ပြောတိုင်းဖြစ်အောင် လုပ်မယ်လို့ အသံထွက်လာတယ်။

**လက်ဖမ်။ ။** တစ်နိုင်ငံလုံး စံကို ခဏထား၊ ပြည်နယ်အလိုက် စံကိုကော မထားရတော့ဘူးလား။

<u>တကောင်းစာအုပ်တိုက်</u>

**ဆိုက်ဇာ။ ။** ခေတ်အခါလိုက်ပြီး ပြင်သင့်တာကို ပြောရင်လုပ်မှာပေ့ါ။

**ဂျော်ဒန်။ ။** ဘာအကောင်းဆုံးလဲ ဆိုတာတော့ ဘုရားသခင်ပဲ သိမယ်၊ အမေရိကမှာ အခြေခံပညာ မရတဲ့ကလေးတွေ ရှိနေသေးတယ်။ စာနဲ့ တွေ့ရင် လက်တွေ့က ဘယ်လိုဖြစ်မယ်လို့ တွဲမသိတဲ့ ကလေးတွေပေ့ါ၊ အခြေခံဂဏန်းသင်္ချာ(ဈေးတွက်၊ နှုတ်တွက်ဆိုတာမျိုး လုပ်တတ်ဖို့ ဝေးပါတယ်။) အဲဒါကလည်း သင်ရတယ်နော်။ ကြားကာ၊ မြင်ကာ လောက်နဲ့ တတ်တယ်ဆိုပေမယ့် မကြားဖူးဘူး၊ မမြင်ဖူးဘူးဆိုရင် တတ်ပါ့မလား။ သင်ပေးရမှာပဲပေ့ါ။ ဘာကို ရှာရမလဲ၊ ဘယ်လိုတွေးရမလဲဆိုတာတွေပေ့ါ။ ဘာလုပ်ပေးပါလို့ မခိုင်းရင် ဝေဖန်တယ်ဆိုတာလည်း အချည်းနှီးပေ့ါ။ ကလေးငယ်လေးတွေက ဘယ်ကိစ္စဖြစ်ဖြစ် တရားနည်းကျ တယ်လို့ ဝင်ပြောနိုင်ဖို့ အချက်အလက် ဘယ်လိုရသလဲဆိုတာ အံ့သြစရာ ဖြစ်နေပြီး သူတို့ ပြည်တွင်းစစ်နဲ့ လူ့အခွင့်အရေးလှုပ်ရှားမှုကို ခွဲမသိရင် သူ့တို့ပြောတဲ့ စကားကို အလေးအနက်တော့ မပြုနိုင်ဘူးပေ့ါ။ လူကလေးတွေ ဘယ်လိုတွေးတောရမယ်လို့ သင်ပေးရမှာကို ကျောင်းအတော်များများမှာ လုပ်မပေးတတ်ဘူးလို့ ဆိုရမလိုဖြစ်နေပါတယ်။ ကျွန်တော့်ထင်မြင်ချက်မှာ အခုပုံစံချထားတဲ့ စာမေးပွဲစနစ်ဟာ အခြေခံပညာရပ်တွေအဖြစ်နဲ့ သင်ထိုက်တာကို သင်ပြီးပြီ၊ ကလေးတွေ ဘယ်လောက်တတ်သလဲဆိုတာကို သိဖို့ စူးစမ်းတဲ့သဘောဖြစ်တယ်လို့ တယ်ပြီး လက်မခံချင်ဘူး။ ဒါကို မကြိုက်ရင် ဘာနဲ့ အစားထိုးမလဲဆိုတာကလည်း မပြောတတ်ဘူး။

**ဆိုက်ဇာ။ ။** လိုတာက တစ်ခုတည်း မဟုတ်ဘူးလေ။ ပြဋ္ဌာန်း စာအုပ်ဆိုတာကလည်း ကောင်းလှပါတယ်ဆိုတဲ့ စာအုပ်တောင် ရှားစရာဖြစ်နေတယ်။

<u>တကောင်းစာအုပ်တိုက်</u>

**လက်ဖမ်။ ။** စံနှုန်းပြည့်တဲ့စာအုပ်ဆိုတာ ဘာလဲ။

**ဆိုက်ဇာ။ ။** ကျွန်တော်က ၁၉ ရာစုနှစ်က ပြပွဲဆန်ဆန် အထက်တန်း ကျောင်းသားကို သိစေချင်တာကို ပြထားပြီး ဒါကို မြင်လို့ ဘယ်လို အသိဉာဏ်ပွင့်လာသလဲလို့ စုံစမ်းတဲ့အခါ အခုပြထားတဲ့ အသိပညာကို လက်တွေ့အပြင်လောကမှာ ဆိုင်ရာဆိုင်ရာ ကောက်နုတ်ယူပြီး ဘယ်လိုသုံးမလဲလို့ မေးကြည့်ပါ။ တကယ်တမ်း ပညာကို ပိုင်အောင် တတ်ပြီလားဆိုတာ သိဖို့နည်းစစ်တာမှာ ဒီနည်းကောင်းတယ်လို့ယူဆပြီး ဖြစ်ပါတယ်။ ပညာကောင်းတယ်ဆိုရင် ဘယ်သူမှ မမြင်နိုင်တဲ့အခါ သူဘာလုပ်မလဲဆိုတာ စောင့်နေရတယ်။ ကျွန်တော်တို့ကျောင်းတွေမှာ စံအဖြစ်ထားစရာ အဆင့်သုံးဆင့်ရှိပါတယ်။ တစ်ဆင့်ပြီးမှ တစ်ဆင့်တင်ပေးရမှာ ဖြစ်တယ်။ တစ်ဆင့်ကို မပိုင်သေးရင် ကျောင်းသားကို ပြန်သင်ပါစေ။ ကျောင်းသားလုပ်သမျှကို သိမ်းထား၊ ပြန်စစ်၊ အဆင့်မီမှ နောက်တစ်ဆင့်ကို တင်ပေးရတယ်။ ဒီလို စုစုထားပြီး ဆရာလုပ်တဲ့လူက ပေါ့ပေါ့မနေနဲ့၊ အမြဲဂရုပြုပြီး ကျောင်းသားတွေလုပ်ပုံကိုင်ပုံကို အကဲခတ်နေရမယ်။ ဆရာရယ် မိဘရယ်ပေါ့ နှစ်ဦးစလုံး မျက်ခြေမပြတ်ကြည့်နေရမယ့်သဘောပါ။

**လက်ဖမ်။ ။** နိုင်ငံအစိုးရနဲ့ တစ်မျိုးသားလုံးကြိုက်တဲ့စံက ဘာလဲ၊ ဘယ်မှာ သွားရှာရမလဲ ကရစ်စတင်။ အခု ခင်ဗျားပြောတဲ့ ပြည်တွင်းစစ်၊ လူ့အခွင့်အရေးဆိုတာတွေလေ။

**ဂျော်ဒန်။ ။** အခြေခံပညာ မူလတန်းအဆင့်မှာ သင်ရိုးညွှန်းတမ်းကို ကျွန်တော်တို့လက်ခံနိုင်စရာရှိပါတယ် မဟုတ်လား။

တကောင်းစာအုပ်တိုက်

**စတီးဝပ်။ ။** လိဝစ်၊ ခင်ဗျားတင်ပြပုံမျိုးကို ကျောင်းထောင်ခွင့်ရထားတဲ့ အဖွဲ့အစည်းတွေက တယ်လီဖုံး ထပ်ပြန်တလဲလဲ ဆက်ဆက် မေးနေကြတယ်။ ကျွန်တော်တို့ဩဇာရှိတဲ့ဒေသမှာ တစ်ဆယ့်ငါးဖွဲ့တောင် ရှိ တယ်။ ကျွန်တော်တို့ စစ်နိုင်ဆေးနိုင်တယ်လေ။ သူတို့ကိုလည်း ဘာ မလုပ်ကောင်းလား ညာမလုပ်ကောင်းလား ဘာကြောင့်မလုပ်သလဲဆိုတာ မျိုး လုပ်နိုင်တယ်လေ။ ရောက်ချင်တဲ့ပန်းတိုင်က ကျွန်တော်တို့ဆီက ထွက် လာတဲ့ကျောင်းသားတွေဟာ သုတေသနလုပ်တတ်ရမယ်။ အသစ်တွေ့ ရှိချက်ကို စာမျက်နှာ တစ်ဆယ့်ငါးမှ နှစ်ဆယ်ထိ အစီရင်ခံစာရေးနိုင်ရ မယ်။ နှုတ်နဲ့ ဒါဘာကြောင့်ရေးသလဲဆိုတာမျိုး အစစ်အမေးခံနိုင်ရမယ်။ သင်္ချာဆိုရင် အဆင့်မြင့်သင်္ချာလိုဟာပေါ့။ သိပ္ပံနဲ့ နည်းပညာကလည်း သိပ်အရေးပါတယ်။ နည်းပညာဆိုတာက လက်နက်မဟုတ်လား၊ ဒါကို စွဲကိုင်ထားပြီး လက်တွေ့သုံးတတ်ရမယ်။ ကျောင်းတိုင်းကျောင်းတိုင်းမှာ လည်း ရည်ရွယ်ချက်တွေ တစ်မျိုးစီ ထားတယ်။ ဒါလည်း လုပ်သင့်ပါတယ်။ ခွင့်ပြုချက်က သီးသန့်ဆိုတော့ကျောင်းသားလည်းသီးသန့်ဖြစ်ရမယ်ပေါ့။

**ဆိုက်ဇာ။ ။** အဲဒါ အလိုအပ်ဆုံးအချက်ပေါ့။ ချထားတဲ့စံကို လိုက်နာရဲ့ လားဆိုရင် လူတွေကို သိပ်မယုံနဲ့ဆိုတဲ့အဖြေထွက်လာတယ်။ ခွင့်ပြုချက်ဆိုတာ လက်ရွေးစင်ပေးတာ။ ကျောင်းသားလည်း လက်ရွေးစင် ဖြစ်လာစေချင်တယ်။ စာသင်ကျောင်းရဲ့ လွတ်လပ်ရေးဆိုတာက ပဓာန အကျဆုံးအချက် ဖြစ်တယ်။ မက်ဆက်ချူးဆက် သဟာယစီးပွားရေး အတွင်းမှာ လိုချင်တဲ့ပန်းတိုင်က ဘယ်ဘက်လှည့်နေသလဲ ကြည့်ပါ။ စိတ်ကြိုက်ဆိုတာကလည်း တစ်သမတ်တည်း ရှိနေမှာလား။ စိတ်ရှည်ရ တယ်လေ။ ကွဲလွဲချက်ကတော့ ရှိမှာပါ။ ကျောင်းအုပ်ချုပ်ရေးအဖွဲ့က လူ တွေ ဘာကြိုက်သလဲဆိုတာက သော့ချက် ဖြစ်မယ်။ အခုတလောတော့ သိပ်ပြီး ယုံကြည်အားထားစရာ မတွေ့ပါ။

<u>တကောင်းစာအုပ်တိုက်</u>

**လက်ဖမ်။ ။** တောင်မ်တို့ကျောင်းဆိုရင် ကျောင်းသားတွေက သူတို့လိုချင်တဲ့စနစ်ကို စာမျက်နှာတစ်ဆယ့်ငါးရှိတဲ့ စာစီစာကုံး ကိုရေးသွင်းရတယ်။ တက်စ်ရဲ့ကျောင်းမှာကတော့ တပည့်က သင်ရိုးညွှန်းတမ်းကို တပည့်တွေက ကြေညက်အောင် လေ့လာခိုင်းထားတယ်။ ကရစ်စတင် ရယ်၊ မင်းတို့ နိဂုံးစကားက ဘယ်လိုလဲ။

**ဂျော်ဒန်။ ။** ဘာမဆို ဘက်တွဲနေတာမို့ ဘက်စုံကြည့်ရပါတယ်။ တချို့စံပြုထားတဲ့ ဖတ်စာအုပ်ရဲ့ အကျိုးအာနိသင်က ဘယ်လိုလဲ။ ဥပမာ သိပ္ပံစီမံကိန်းတစ်ခုရဲ့အဆုံးသတ် အောင်မြင်ပုံလား။ ရှေးအယူအဆကို သိပ္ပံနည်းနဲ့ စစ်ဆေးထောက်ခံတာလား။ သမိုင်းပြဿနာက ရန်က ရှင်းလင်းပေးပြီး အဲဒီရှင်းလင်းချက်ကို လက်ခံစေချင်တဲ့သဘောလား။ လုပ်ပုံလုပ်နည်းမျိုးစုံ၊ စံနှုန်းမျိုးစုံ ပြီးစီးအောင်မြင်တဲ့အဆင့်မျိုးစုံဖြစ်ပါတယ်။

**လက်ဖမ်။ ။** အောင်မှတ်ကို ထားချင်သလိုထားပါ။

**ဂျော်ဒန်။ ။** ဟုတ်ပြီ၊ ဘာသာရပ်အလိုက် အဆင့်ကိုလည်း မြှင့်ချင်မြှင့်၊ ဒါပေမဲ့ အကဲဖြတ်တဲ့ကော်မတီတော့ ဖွဲ့ထားတတ်ပါတယ်။ တချို့ကလည်း အစစ်ကြီးစစ်ပြီး ရှစ်တန်းက တစ်ဆယ့်နှစ်တန်းအထိတောင် ထားတတ်ကြတယ်။ အပြင်က စာစစ်ကို ခေါ်ပြီး မေးမြန်း စစ်ဆေးခိုင်းတာမျိုးလည်း လုပ်ပါတယ်။ ပီယာနိုသင်တန်းဆိုရင်လည်း တီးပြခိုင်းမှာ ပေ့ါ။ စာစီစာကုံး စစ်ချင်ရင်လည်း စာတန်း(essay) ရေးခိုင်းမှာပေ့ါ။

**လက်ဖမ်။ ။** ဒါမျိုးလုပ်ခိုင်းရင် အဖိုးအခပေးရသေးလား။ မိဘကို ခင်ဗျားတို့သားသမီးဒီတစ်ခါ မစွံဘူး။ ပြန်စစ်ပေးရမလားလို့ ပြောရဲပါသလား။

<u>တကောင်းစာအုပ်တိုက်</u>

**စတီးဝပ်။ ။** သုတေသနက ညှာညှာတာတာလည်း မလုပ်နဲ့။ မအောင် အောင်အောင်လည်း လုပ်ပေးမနေနဲ့။ ဘာမျှ အဖြေမှန် မဟုတ်ဘူးလို့ ဆိုလိုပါတယ်။ ဆရာတွေကို ခုတော့ ဘယ့်အဆင့်ပဲရရ၊ သတ်မှတ်ထားတဲ့အဆင့်ကို ခင်ဗျားတပည့်တွေ မမီဘူး။ ခင်ဗျားအလုပ် ပြုတ်နိုင်တယ်။ တပည့်တွေကိုလည်း ဟော့ မကြိုးစားရင် အတန်းမတက်ရ ဘူး၊ ချကိုထားမယ်လို့ ပြောကြည့်စမ်း၊ ဥပမာ ခုနစ်တန်းဆရာဆိုပါတော့ (ခြောက်တန်း)မအောင်ဘဲ အအောင်ပေးလိုက်လို့ သူ့ဆီမှာ (အညံ့အဖျင်း တွေ) အတန်းသားထက်ဝက်လောက် ရှိနေတယ်။ အဲဒါလည်း အခြေအနေ မှန်ကို ပြောရရင် လေးတန်းတုန်းကလည်း ဒီလိုပဲ အအောင်ပေး။ ငါးတန်း လည်း ထိုနည်းလည်းကောင်း၊ ခြောက်တန်းမှာလည်း ထိုနည်းလည်း ကောင်း ဖြစ်ခဲ့တယ်လေ။ ဆရာလုပ်တဲ့လူတွေ က အားလုံးသိထားတယ်။ ဒီလိုအဖျင်းအညံ့ကို ငါ့လက်က လွတ်အောင် အအောင်ပေးလိုက်မယ် ဆိုတာမျိုး စဉ်းစားပြီး လုပ်ပစ်ဖို့ပဲရှိတော့တယ် မဟုတ်လား။ ဒီလို အရုပ် ဆိုးတာမျိုးကို မမြင်ချင်အဆုံး ဖြစ်လာပြီ။

**ဂတ်တို။ ။** လူရည်ချွန်က လေနဲ့ အတူ နေရာတကာမှာရှိတယ်။ ငါတို့ကို အဖြစ်မှန်ပေါ်မှာဆိုရင် လူညံ့သာ ပေါ်တယ်။ လူကတော့ ရှောင်မရဘူး။ တကယ့်ကို ဖောဖောသီသီရှိနေတယ်လို့ ပြောကောင်းပါရဲ့ လား။ ခင်ဗျားတို့ အခွင့်ရကျောင်းကို ပိုပြီး ဂရုတစိုက် စစ်မေးရမယ်လို့ ဖြစ်မလာဘူးလား။ ဂရိုကွန်ကျောင်း၊ စိန်ပေါကျောင်းတွေလည်း ပါတာပေါ့။ အတန်းအဆင့်အနေနဲ့ ရှစ်တန်းရောက်လာတဲ့ ကျောင်းသားတိုင်းပဲ အတန်း အဆင့်က ညာထားတာ။ ဒီလို လျော့ရိလျော့ရဲနဲ့ ရေစီးကြောင်းထဲ ပါ ပြီး အဆင့်တွေ ရရလာတာ။ တစ်ယောက်တလေ ကျောင်းက အရေးယူမိပြန် ရင်လည်း ကျောင်းသားမိဘလိုက်လာပြီး ပွက်ပွက်ဆူသွားလိမ့်မယ်လို့

သိထားတယ်။ ကျောင်းသားကလည်း ဘယ်အတန်း ဘယ်အဆင့်ပဲ အောင် အောင်၊ အလုပ်လက်မဲ့ပဲ ဖြစ်ရမယ်လို့ သိပြီးသားပါ။ သင်္ချာမတတ်လည်း အရေးမကြီး၊ အင်္ဂလိပ်စာ မတတ်လည်း အရေးမကြီးဘူးလို့ သိပြီးသားပါ။ ကျွန်တော် သတိထားမိတဲ့ အချက်တစ်ချက်ကတော့ ကျောင်းသားက ဒီကိစ္စကို နည်းနည်းမှ ထည့်မစဉ်းစားဘူး။ ကျွန်တော်ဆိုရင် ကိုယ့် ကိုယ် ကျင့်တရားကို အနာခံပြီး ငါမေးမယ့်မေးခွန်းဟာ ဒါပဲ။ ဒီလိုဖြေလို့ ကျောင်း သားကို ကြိုပြီးပြောထားလိုက်ပါတယ်။ အခုလို ငါလည်း ပင်စင်ယူခါနီးလာ တော့ ငါလုပ်ပုံ သိပ်ဆိုးပါလားလို့ တုန်လှုပ်မိပါတယ်။ လက်တွေ့မှာလည်း မေးခွန်းကြိုသိလို့ ကျောင်းသားဟာ ပိုပြီး စာတတ်လာပါတယ်လို့ ပြော မရပါ။ ဖြစ်တတ်တာကတော့ ကျောင်းသားတွေရဲ့ စိတ်ထဲမှာ ဘာရေးရေး၊ ဘာဖြေဖြေ အောင်ပါတယ်ကွာလို့ သိပြီးသားပါ။ တကယ့်အဖြေက ကျောင်း သားတိုင်း ငါတို့ဆရာတွေ ဘာလုပ်လုပ် ငါတို့ဘဝ ဇာတ်လမ်းမှာ ဘာမှ အထောက်အကူ မရဘူးဆိုတဲ့ အချက်ဖြစ်တယ်။

**ဆိုက်ဇာ။ ။** မကောင်းမှုဟာ ဘယ်တော့မှ ကောင်းကျိုးမပေးဘူး။

**ဂတ်တို ။ ။** ဟုတ်ပြီ ကန့်လန့်တိုက်တယ် မထင်နဲ့နော်။ ကျွန်တော်တစ်ခု မေးပါရစေ။ ခင်ဗျား အရာရှိအဖြစ်နဲ့ အမှုထမ်းသက်ကို စစ်ဆေးပြီး အလုပ်ပေးရတဲ့အခါ ခင်ဗျားအင်္ဂလိပ်စာ အမှတ်ဘယ်လောက် ရှိသလဲလို့ မေးကြည့်ဖူးပါသလား။

**လက်ဖမ်။ ။** မမေးဘူး။

**ဂတ်တို။ ။** မှတ်ဆိတ်ရိတ်သူကို ခင်ဗျား မှတ်ဆိတ်ရိတ် လေ့ကျင့်ရေး ကျောင်းတုန်းက ခင်ဗျားရဲ့ ဉာဏ်အဆင့်ဘယ်လောက်လဲလို့ မေးကြည့်ဖူးသလား။ မမေးဘဲနဲ့ သူလုပ်ပုံကိုင်ပုံကိုကြည့်ပြီး သိလေ့ရှိတယ်

ဖြေမှာပေါ့။ ကျွန်တော်ကတော့ ဘယ်ကျောင်းခန်းထဲ ရောက်ရောက် ဘယ်သူက A အဆင့်၊ B အဆင့်လို့ သိတတ်တဲ့ ဉာဏ် ရှိပါတယ်။ ကျောင်းဆရာအတန်းကိုင် ဆရာကလည်း ခေတ်အနေအထားအတိုင်း အံဝင်ခွင်ကျလုပ်ထားတာ။ ဒါကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့ကလည်း သိပါတယ်။

**ဆိုက်ဇာ ။ ။** ကျွန်တော်လည်း ဆရာသက် ခင်ဗျားလောက်ပဲ ရှိပါတယ်။ ကျောင်းသားတချို့တော်ပြီး မတော်တဲ့ကောင်လေးတွေ တစ်ပုံကြီးပါ။ တော်ပါသေးရဲ့။ ကလေးတွေကလည်း အမြဲပြောင်းလဲနေတယ်။ သူတို့လည်း တော်ချင် တတ်ချင်စိတ် ရှိလာတာကို မပြောပါ။ အဆိုးဆုံး အညံ့ဆုံး မဖြစ်စေရအောင် ထိန်းကြပါတယ်။

**ဂတ်တို ။ ။** ကျွန်တော်တို့ ဒီပြဿနာကို အခုလိုဆွေးနွေးဆဲအခါမှာ သက်ဆိုင်တဲ့ ကျောင်းသား နှစ်သန်းရှိတယ်။ သူတို့တွေက ကလေးသာဆိုတယ် အသက်တစ်ဆယ်၊ တစ်ဆယ့်နှစ်နှစ်ဆိုရင် 'လူမှန်းသိပြီ' ဆိုပါတော့။ ဒ့ါ ထက်တောင် စောချင်စောမယ်။ ဘဲန် (ဂျာမင်) ဖရင်ကလင်ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ကြည့်ပါ။ သူတို့မိသားစုက တစ်ဆယ့်ခုနစ် ယောက်၊ မိဘက ဖယောင်းတိုင်လုပ်တယ်။ ဘဲန် အသက်တစ်ဆယ့်နှစ်ရှိတဲ့ အခါ ငါကြီးရင် ဘာလုပ်စားရမလဲဆိုတာ တွေးနေပြီ။ ဟားဗတ်တက္ကသိုလ်အဆင့်ရောက် စာတတ်ချင်နေပြီ။ သူက အခုကပဲ တစ်သီတင်းမှာ နာရီခြောက်ဆယ် အလုပ်လုပ်ရတယ်။ သိပ်ပြီးတော်တဲ့ လူငယ်လို့လည်း သူ့ကို မခေါ်သာဘူးလေ။ တကယ်တမ်းပြောရရင် 'ကလေးသူတော်ကောင်း ဘယ်ဟုတ်မလဲ။ ခပ်ဆိုးဆိုးလူငယ်က ခပ်တုံးတုံး လူကြီးဖြစ်လာသူပါ။ အမေရိက လွတ်လပ်ရေး အရယူဖို့ အမေရိကတိုက်သားတွေ စည်းရုံးကြတဲ့အခါ ပြင်သစ်ကို မဟာမိတ်လုပ်ကြရတယ်။ ဒီအခါ သူက ပြင်သစ်စကားသင်တယ်။ လွယ်လွယ်ပဲ တတ်ပါတယ်။ အချိန်အခါကို ကြည့်ပြီး

ငါ ဘာသင်မယ်၊ ဘာလုပ်မယ်ဆိုတာ ခေတ်လူငယ်တွေက တတ်ပြီးသား ဖြစ်ပါတယ်။ ဝီလီယံတို့ မောင်နှမ တစ်စုကို စံထားပြီး ကြည့်ပါ။ သူတို့ မှာ တဲန်နစ် (Tennis) ကစားနိုင်အောင် ဝင်ငွေမရှိဘူး၊ ဘယ်မှာ ဆရာ ငှားပြီး သင်နိုင်မှာလဲ။ အဖေမှာလည်း ပိုက်ဆံမရှိဘူး။ ဒီတော့ ရပ်ကွက်စာ ကြည့်တိုက် သွားပြီး အားကစားနည်း စာအုပ်တွေထဲမှာ ဆိုင်ရာစာအုပ် ငှားဖတ်ကြစို့ဟော့လို့ ပြောပါတယ်။

**ဂျော်ဒန် ။ ။** ကျွန်တော်တို့လည်း ဘဲန်ဂျာမင် ဖရင်ကလင်လို ရဲရဲတောက် ဖြစ်ချင်တယ်။ ကိုယ့်ဘာသာ ကြည့်လုပ်။ ကြိုးစားပေ့ါ။ ကျွန်တော့်အနေနဲ့ကတော့ ကိုယ့်ဘာသာ လုပ်ကိုမလုပ်နိုင်တဲ့အမျိုးအစား မှာ ပါနေပါတယ်။ စိတ်ဓာတ်က လိုချင်စိတ် တတ်ချင်စိတ် ကြိုးစားချင် စိတ်ပဲ လိုတယ်။

**ဂတ်တို ။ ။** လိုတဲ့အချိန်က ၁၂ နှစ်၊ ဟုတ်လား။ ခင်ဗျားက ကိုယ့်ကိုယ်ကို အမွှမ်းမတင်ချင်လို့ပါ။ တချို့ကလေးက ကြောက်တတ် တယ်။ တချို့ကလေးက အပေါင်းအသင်းမဆန့်ဘူး။ တချို့ကတော့ အလျဉ်းသင့်အောင် ပြောတတ် ဆိုတတ်တယ်။ ကလေးကို စာဖတ်တတ် အောင် နာရီ သုံးဆယ် လိုတယ်။

**ဂျော်ဒန် ။ ။** အဲဒါလောက် လွယ်မလား။

**ဂတ်တို ။ ။** အန်ဂရင်ဘတ်က ဆတ်ဘာရီချိုင့်ကျောင်းမှာ သင်္ချာသင်ရိုး ကုန်အောင် သင်ဖို့ နာရီနှစ်ဆယ်ပဲ လိုသတဲ့။ ဟာလမ် ကျောင်းမှာ စာစီစာကုံးပြိုင်ပွဲ ဝင်မယ့်လူဟာ ရက်ပေါင်း ၉၀ လုပ်ရတယ် တဲ့။ ရက် ၁၀၀ ပေးလည်း ဖြစ်တယ်။ လူ့ဘဝ လူစဉ်မီဖို့ လေးငါးနှစ် အချိန် မပေးသင့်ဘူးလား။

<ins>တကောင်းစာအုပ်တိုက်</ins>

**ဂျော်ဒန်။ ။** ဟုတ်ပါပြီ။ ကျွန်တော်တွေ့ဖူးတဲ့ ကျောင်းသား နှစ်ယောက် အကြောင်း ပြောပါရစေ။ သယ်လ်မာဆိုတဲ့ မိန်းကလေးက ဉာဏ်ကောင်းတယ်။ အတန်းထဲမှာ ထိပ်က အမြဲနေတယ်။ သူနဲ့ ဆန့်ကျင်ဘက် ရောဘတ်ဆိုတာ ရှိတယ်။ သူကတော့ ဘာမဆို ဖြစ်အောင် ကြံဖန် လီဆယ်တတ်တယ်။ သူ့ကို သယ်လ်မာလို လူတော်မဟုတ်ပေမယ့် သူ့ကို လည်း မချီးမွမ်းဘဲ မနေနိုင်ပါ။

**သန်းထွန်း**